
Malteser International
Order of Malta Worldwide Relief

CERA
Community Empowerment and Resilience Association



# ယုံကြည်မှုတွေ အကောင်အထည်ဖော်မှုတွေမှ တဆင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေ လျှော့ချခြင်း။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ သဘာဝဘေးအန္တရာယ် ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်း နှင့် ရာသီဥတု ပြောင်းလဲမှုအပေါ်လိုက်လျောညီထွေ ခံနိုင်ရည် ရှိစေခြင်း ဆိုင်ရာ အပြောင်းအလဲများနှင့် အလေ့အကျင့် ကောင်းများကိုပြသသော ဖြစ်စဉ်ဇာတ်လမ်းများ။

ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ) နှင့် ဆွစ်ဇာလန် နိုင်ငံ၊ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့ (SDC) တို့၏ ရန်ပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေ သည်။

german cooperation

Swiss Agency for Development and Cooperation SDC

## ပုံနှိပ်ထုတ်ဝေမှုအချက်အလက်များ

ယခုပုံနှိပ်ထုတ်ဝေခြင်းသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ် ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်း နှင့် ရာသီဥတုပြောင်းလဲမှုအပေါ်လိုက်လျောညီထွေ ခံနိုင်ရည် ရှိစေခြင်း ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ဖြစ်စဉ်ဇာတ်လမ်းများကဖော်ပြသော ပြောင်းလဲမှုများကို အကြောင်းကို ဝေငှအတုယူနိုင်ရန် ရည်ရွယ်သည်။ ဖြစ်စဉ်ဇာတ်လမ်း များကို ရခိုင်ပြည်နယ်တွင် မာတေဆာ အင်တာနေရှင်နယ်နှင့် ရပ်ရွာလူထု စွမ်းဆောင်ရည် မြင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ (ဆာရာ) တို့က မိတ်ဖက်ဖွဲ့ ပြုလုပ်သော စီမံကိန်းရွာများမှ ကောက်ယူခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ) နှင့် ဆွစ်ဇာလန် နိုင်ငံ၊ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့ (SDC) တို့၏ ရန်ပုံငွေဖြင့် ကူညီလည်ပတ်ဆောင်ရွက်သည်။

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်စဉ်ဇာတ်လမ်းများကို အဖွဲ့အစည်းပြင်ပမှ လွတ်လပ် သော Banyaneer မှ အတိုင်ပင်ခံ နှစ်ဦးက ကြီးကြပ်၍ကောက်ယူသည်။ အဆိုပါ လုပ်ငန်းရပ်တွင် ‘အထူးခြားဆုံးအပြောင်းအလဲ’ နည်းပညာ နှင့် ကောက်ယူသည့် နည်းလမ်းပုံစံအား ဖြစ်စဉ် ဇာတ်လမ်းကောက်ယူမှုတွင် ပါဝင်မည့် အဖွဲ့ဝင်များအားလုံးကို သင်တန်းပေးခြင်းနှင့် မြို့နယ် ၅မြို့နယ်အတွင်း ရွာ၁၄ရွာမှ ဖြစ်စဉ်ဇာတ်လမ်းများ ကောက်ယူခြင်းတို့ ပါဝင်သည်။ အဆိုပါ ဖြစ်စဉ်ဇာတ်လမ်းများ၊ အလေ့အကျင့် ကောင်းများနှင့် သင်ခန်းစာများကို မြန်မာနိုင်ငံတော် အစိုးရနှင့်တကွ အခြားသော ကျေးရွာလူထုများနှင့် ကော်မတီများ၊ ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြို့ပြလူနေမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝေငှ လေ့လာနိုင်ရန် ရည်ရွယ်သည်။ ဤအစီရင်ခံစာ ပုံနှိပ်ထုတ်ဝေမှုသည် စီမံကိန်း ဆောင်ရွက်မှုများကို ထင်ဟပ်အသက်ဝင်စေပြီး၊ ဆွေးနွေးမှုများနှင့် ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်မှုများကို ဖန်တီးနိုင်မည်ဟု မြင့်မားစွာ မျှော်လင့် ပါသည်။

## ရပ်ရွာလူထု စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ (ဆာရာ)

၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ် အဓိကရုဏ်းနောက်ပိုင်း မူလ မာတေဆာအင်တာနေရှင်နယ်မှ ဝန်ထမ်းများသည် ပြည်တွင်း ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်း ရပ်ရွာလူထု စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ (ဆာရာ)ကို တရားဝင်၊ စီမံအုပ်ချုပ်နိုင်ပြီး လုပ်ငန်းဆောင်တာများ လုပ်ကိုင်လည်ပတ်စေရန် မြို့ပြလူမှုအဖွဲ့အစည်းအဖြစ် ထူထောင်ခဲ့ကြသည်။ ဆာရာတွင် လက်ရှိ ဝန်ထမ်း၂၃ယောက်ရှိပြီး ရခိုင်ပြည်နယ်၊ မြန်မာနိုင်ငံတွင် အခြေစိုက်ဆောင်ရွက်လျက်ရှိပါသည်။

ဆာရာအဖွဲ့သည် ရေရှည်နှင့် အနာဂတ် ဖွံ့ဖြိုးမှုများကိုဦးတည်လျက် ကဏ္ဍစုံကိုပြည့်စုံခြုံငုံနိုင်ပြီး အခြေအနေကိုထိန်းထားနိုင်သော ရေတိုလုပ်ငန်းများစွာကို အောက်ပါ ဇရိယာများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

- သဘာဝဘေးအန္တရာယ်လွန် အရေးပေါ်အခြေအနေ များတွင် သက်သာရာရရေးနှင့် လူထုအား ပြန်လည်တည်ဆောက်ခြင်းနှင့် နလန်ထူစေရန် ကူညီခြင်း။
- ဒီရေတော စိုက်ပျိုးခြင်းနှင့်တကွ ဆက်စပ်သော ကာကွယ်မှုများပြုလုပ်၍ ကမ်းရိုးတန်းဒေသ ထိန်းသိမ်းခြင်းအား အားပေးမြှင့်တင်ခြင်း။
- အထူးသဖြင့် ဒေသလူထုအဆင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး။

## မာတေဆာ အင်တာနေရှင်နယ် www.malteser-international.org

မာတေဆာ အင်တာနေရှင်နယ်သည် အရေးပေါ်အခြေအနေများမှ ကာကွယ်ရေးနှင့် ဖြေလျှော့ သက်သာစေရေး လူသားချင်းစာနာထောက်ထားသော အကူအညီပြု ကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။ အာရှ၊ အာဖရိက၊ အမေရိကတိုက်ရှိ နိုင်ငံပေါင်း ၂၅နိုင်ငံတွင် စီမံကိန်း ၁၀၀ကျော်ဖြင့် ဆင်းရဲမွဲတေမှု၊ ကူးစက်ရောဂါများ၊ အဓိကရုဏ်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ခံစားနေရသူများကို ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ ခွဲခြားမှုများ၊ နိုင်ငံရေး ဆွဲဆောင်မှုများ လုံးဝမပါဝင်ဘဲ ကျန်းမာသောဘဝ ဂုဏ်သိက္ခာရှိစွာ ရရှိစေရန် ကူညီပေးခြင်းအားဖြင့် သူတို့၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ခရစ်ယာန်တို့ တန်ဖိုးထားသော လူသားချင်းစာနာထောက်ထားသော အခြေခံမူသဘောအရ လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ဌာနချုပ်ကို ဂျာမဏီနိုင်ငံ ကလုန်းမြို့ နှင့် ဖလော်ရီဒါပြည်နယ် အမေရိကန်နိုင်ငံတို့တွင် အခြေစိုက်ဖွင့်လှစ်သည်။

## ဘရန်နရား www.banyaneer.com

တောင်အာရှနှင့် အရှေ့တောင်အာရှရှိ လူထုခံနိုင်ရည်စွမ်းအား မြှင့်တင်ရေးလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်နေသူများအား ကူညီထောက်ပံ့ပေးသည်။ ဘရန်နရားသည် အာရှနှင့် ဩစတေးလျနိုင်ငံမှ လွတ်လပ်သော အတိုင်ပင်ခံများ ကွန်ယက်ဖြစ်သည်။ ဘရန်နရားအဖွဲ့သည် အကဲဖြတ်ခြင်းများနှင့် လေ့လာမှုများ၊ သင်တန်းများနှင့် လိုအပ်ချက်များအရ စီမံကိန်း အကောင် အထည်ဖော်ခြင်းများကို ထောက်ပံ့ခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။ စီမံကိန်း အစပြု အခြေခံစစ်တမ်းနှင့် နောက်ဆုံးစစ်တမ်းများတွင် အသုံးပြုနိုင်သော လူထုတောင့်ခံ နိုင်အားကို တိုင်းတာသည့် တောင့်ခံနိုင်အား ရေဒါ ကိုလည်း အခမဲ့ နည်းပညာ ကိရိယာတစ်ခုအဖြစ် ဘရန်နရားမှ ပေးကမ်းလျက်ရှိပါသည်။

# မာတိကာ


4 မိတ်ဆက်

6 စီမံကိန်းနောက်ခံသမိုင်း

8 လေ့လာမှုပုံစံ

9 ဒေသခံ မိတ်ဖက်အဖွဲ့များနှင့် အလုပ်လုပ်ခြင်း မာတေဆာအင်တာနေရှင်နယ်၏ ရခိုင်ပြည်နယ်အားချဉ်းကပ်ခြင်း။

10 အလေ့အကျင့်ကောင်းများနှင့် ဓာတ်လမ်းဖြစ်စဉ်များ၏ အပြောင်းအလဲများ

12 ဖြစ်စဉ်ဇာတ်လမ်း ၁။ အားလုံးအတူတူ ညီညာလာကြပြီ

14 အလေ့အကျင့်ကောင်းများ ၁။ ဒီရေတော၏ အမျိုးမျိုးသော ကောင်းကျိုးများ

17 ဖြစ်စဉ်ဇာတ်လမ်း ၂။ ဒီရေတောများ

18 အလေ့အကျင့်ကောင်းများ ၂။ အချိန်ပေးခြင်းနှင့် ယုံကြည်မှု-အောင်မြင်မှုများ၏အခြေခံများ

19 အလေ့အကျင့်ကောင်းများ ၃။ မြင်နိုင်သော ထောက်ပံ့ပစ္စည်းများနှင့် မမြင်နိုင်သော အသိပညာများ

20 ဖြစ်စဉ်ဇာတ်လမ်း ၃။ အခြေခံစနစ် တိုးတက်လာခြင်း

24 ဖြစ်စဉ်ဇာတ်လမ်း ၄။ စီမံကိန်းရဲ့အလုံးစုံသော ထင်ဟပ်မှုများ

26 ဖြစ်စဉ်ဇာတ်လမ်း ၅။ လုံးဝအဆင်သင့်ပဲ

28 ဖြစ်စဉ်ဇာတ်လမ်း ၆။ ပညာရေးအတွက် တစ်တပ်တစ်အား

29 အလေ့အကျင့်ကောင်းများ ၄။တာဝန်ရှိသူများနှင့် ကျေးရွာများအကြား အဆက်အသွယ်များ

31 အလေ့အကျင့်ကောင်းများ ၅။ စွမ်းအားမြင့် လောင်စာသက်သာမီးဖိုများ ထုတ်လုပ်အသုံးပြုမှု တိုးတက်စေခြင်း

31 အလေ့အကျင့်ကောင်းများ ၆။ ထိခိုက်လွယ်သောလူအုပ်စုများ

32 ဖြစ်စဉ်ဇာတ်လမ်း ၇။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြောင်းလဲလာသော အတွေးအခေါ် အပြုအမူများ

34 ဖြစ်စဉ်ဇာတ်လမ်း ၈။ မတူတမူသန့်စွမ်းလာပြီ

35 အလေ့အကျင့်ကောင်းများ ၇။ သဘာဝဘေးအန္တရာယ်လျှော့ချရေးတွင် အရေးပါလာသော အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်း

38 ဖြစ်စဉ်ဇာတ်လမ်း ၉။ ယုံကြည်မှုရှိလာတဲ့ အမျိုးသမီး

39 ဖြစ်စဉ်ဇာတ်လမ်း ၁၀။ စကားပြောဖို့ယုံကြည်မှုရှိလာပြီ

40 ဖြစ်စဉ်ဇာတ်လမ်း ၁၁။ အသက်ကိုကယ်ခြင်း

42 နိဂုံးချုပ်မှတ်ချက်များ


## ကျေးဇူးတင်လွှာ

စာရေးသူများသည် စီမံကိန်းဧရိယာအတွင်းမြို့နယ် ၅မြို့နယ်(စစ်တွေ၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်) အတွင်းကျေးရွာ ၁၄ရွာမှ ဓာတ်လမ်းဖြစ်စဉ်များပြောပြပေးပြီး ဓာတ်ပုံရယူခွင့်ပြုခဲ့ကြပါသော ကျေးရွာလူထုတစ်ရပ်လုံးအား အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြ လိုပါသည်။ တဆက်တည်းမှာပင် ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဌာနမှ တာဝန်ရှိသူများ ကို လည်း သတင်းအချက်အလက်များ၊ အင်တာဗျူးများအတွက် ကျေးဇူးတင်ကြောင်းဖော်ပြ လိုပါ သည်။ ရှေ့ဆက်၍ ယခု ပုံနှိပ်ထုတ်ဝေခြင်းအတွက် အချိန်ပြည့်ပါဝင်အားဖြည့်ပေးခဲ့ကြပါသော မာတေဆာအင်တာနေရှင်နယ်နှင့် ဆာရာအဖွဲ့မှ ဝန်ထမ်းများအားလုံးကို ကျေးဇူးအထူးတင် ကြောင်း ဖော်ပြလိုက်ပါသည်။

# အတိုကောက်များ

| | |
|---|---|
| **BMZ** | ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| **CCA** | ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေခံနိုင်ရည် ရှိစေခြင်း |
| **CSO** | အရပ်ဖက်လူမှုအဖွဲ့အစည်း |
| **DMH** | မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန |
| **DRR** | သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး |
| **EUR** | ဥရောပ |
| **GAD** | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| **GBV** | ကျား-မ အခြေပြုအကြမ်းဖက်မှု |
| **HVCA** | အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးစစ်တမ်း |
| **MERN** | မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးကွန်ယက် |
| **MFSD** | မြန်မာနိုင်ငံမီးသတ်ဌာန |
| **MMK** | မြန်မာကျပ် |
| **MSC** | အထူးခြားဆုံးအပြောင်းအလဲ |
| **MRCS** | မြန်မာနိုင်ငံ ကြက်ခြေနီ အဖွဲ့ |
| **RRD** | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန |
| **SDC** | ဆွစ်ဇာလန်နိုင်ငံ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့ |
| **VAC** | ကျေးရွာရာသီဥတုလိုက်လျောညီထွေ နေထိုင်ရေးကော်မတီ |


ပုံနှိပ်ထုတ်ဝေသူ

မာလတေဆာအင်တာနေရှင်နယ် ၊ ဂျာမဏီနိုင်ငံ
Kalker Hauptstr. 22 - 24 I 51103 Cologne I Germany
E-Mail: info@malteser-international.org
Website: www.malteser-international.org

**Responsible:** Maren Paech
**Authors:** Samadhi Marr (Banyaneer)
Su Myat Yin Chaw (Banyaneer)
**Translation:** Su Myat Yin Chaw (Banyaneer)
**Editing and layout:** Patrick Bolte (Banyaneer)
Serge Birtel and Nwe Yee (Malteser), Maung Win (CERA)

မျက်နှာစာဓာတ်ပုံ ။ လူငယ်တစ်ဦးနှင့် ဒီရေတောပင် (Samadhi Marr)
နောက်မျက်နှာစာဓာတ်ပုံ။ ရွာသားတစ်ဦး ဒီရေတော အပင်ငယ်လေးဆီလမ်းလျှောက်သွားခြင်း (Samadhi Marr)
ပုံနှိပ်ထုတ်ဝေရက်။ ဇန်နဝါရီ ၂၀၁၇

ပါဝင်ကူညီကြသူများ

| | |
|---|---|
| ဦးကျော်နိုင်စိုး | ဒါရိုက်တာ၊ ဆာရာအဖွဲ့ |
| Serge Birtel | မိတ်ဖက်အဖွဲ့အစည်းနှင့် အစီအစဉ်ပေါင်းစပ်ညှိနှိုင်းရေးမှူး။ (မာလတေဆာ အင်တာနေရှင်နယ်) |
| ဒေါ်နွဲ့ရီ | မိတ်ဖက်အဖွဲ့အစည်းပေါင်းစပ်ညှိနှိုင်းရေးမှူး။ (မာလတေဆာ အင်တာနေရှင်နယ်) |
| ကိုမောင်ဝင်း | စီမံခန့်ခွဲရေးမန်နေဂျာ၊ ဆာရာအဖွဲ့ |
| ကိုကျော်တင် | စီမံကိန်းမန်နေဂျာ၊ ဆာရာအဖွဲ့ |
| မဆန်းငွေး | လူထုပညာပေး သင်တန်းမှူး၊ ဆာရာအဖွဲ့ |
| ကိုသန်းငွေး | ဆောက်လုပ်ရေးအရာရှိ၊ ဆာရာအဖွဲ့ |
| ကိုမောင်အေ;တင် | မြို့နယ်ကွင်းဆင်းအရာရှိ၊ ဆာရာအဖွဲ့ |
| ကိုဦးစောဝင်း | ဒီရေတော နည်းပညာအရာရှိ၊ ဆာရာအဖွဲ့ |
| ဦးသန်းလှိုင် | ဒီရေတော စောင့်ကြပ်အကဲဖြတ် အရာရှိ၊ ဆာရာအဖွဲ့ |





မုန်တိုင်းကြိုလေ့ကျင့်ရေး၏ တစ်စိတ်တစ်ပိုင်းပြပုံ၊ ရှာဖွေရေးနှင့် ပြန်လည်ကယ်ဆယ်ရေး ကော်မတီဝင်များ စပါးထကျေးရွာ (ပုဏ္ဏားကျွန်းမြို့နယ်) ကလေးငယ်ကိုဘေးကင်းစွာ ချီထားပုံ

PHOTO: SAMADHI MARR, BANYANEER

# မိတ်ဆက်ခြင်း

သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး စီမံကိန်းသည် ဒေသခံလူထု အတွက် ဘယ်လို ပြောင်းလဲမှုများကိုဖြစ်ပေါ်စေပါသလဲ။

ဓာတ်လမ်းဖြစ်စဉ်များမှ လေ့လာတွေ့ရှိမှုများအရ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလျော့ချရေး စီမံကိန်း၏ အကျိုးကျေးဇူးများသည် စီမံကိန်းအတွက်သုံးစွဲကုန်ကျငွေများ ထက် အဆများစွာ သာလွန်နေပါသည်။.[1] သို့သည့်တိုင် အဆိုပါလေ့လာတွေ့ရှိမှုများတွင် လူမှုရေးနယ်ပယ်မှ အကျိုးကျေးဇူးများ၊ စုပေါင်းစည်းရုံးဆောင်ရွက်နိုင်မှု များ၏ ကောင်းကျိုးများ နှင့် ထိရောက်သော စိတ်ခံစားမှုများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးစီမံကိန်းမှတဆင့်ရရှိသော စီးပွားရေးနှင့်ဆိုင်သော အကျိုးသက်ရောက်မှုများအား ထည့်သွင်း တွက်ချက်ခြင်းမပြုရသေးပါ။.[2]

1. စားရိတ်နှင့် အကျိုးဆန်းစစ်ချက်ကို ပြန်လည်သုံးသပ်ခြင်း။ (၂၀၁၄) အရံအတားများသည် အမှန်တကယ် ကာကွယ်နိုင်ရဲ့လား။ see: Chreve, C.M., Kelman,I နိုင်ငံတကာသဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဂျာနယ် ၁၀၊၂၁၃-၂၃၅

2. See Thanner, T., Rentschler, J (2015). Unlocking the 'triple dividend' of resilience. သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး စီမံမှုတွင် ရင်းနှီးခြင်းသည် ဘာကြောင့် အဖြေဖြစ်ပါသလဲ။Interim policy note, ODI/GFDRR/World Bank


ယခုအစီရင်ခံစာတွင်လည်း ဒေသခံ လူထုကိုယ်တိုင်မှ မတူညီ၊ ကွဲပြားခြားနားသော မြင်ကွင်း ရှုတောင့်များ အသီးသီးမှ ဖော်ပြကြသော သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေခံနိုင်ရည် ရှိစေခြင်း ဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်တာများမှ ရရှိသော အကျိုးကျေးဇူးများအား ဖော်ပြထားပါသည်။

ဖော်ပြပါအစီရင်ခံစာတွင် ဖြစ်စဉ်ဓာတ်လမ်း(၁၁)ပုဒ်မှတဆင့်ဒေသခံရွာသူရွာသားများက (DRR) စီမံကိန်းများကြောင့် မိမိတို့ဘဝအတွင်း ကိုယ်တိုင်ကိုယ်ကျခံစားရသော ထူးခြားမှုအရှိဆုံး အပြောင်းအလဲများကို ဖော်ညွှန်းထားပါသည်။ အဆိုပါ ဖြစ်စဉ်ဓာတ်လမ်းများတွင် ပြင်ဆင်ပြီး အသင့်ဖြစ်နေသော ခံစားမှုပီတိများ၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၏ ခိုင်မြဲသောအင်အား များ၊ စီမံကိန်းတွင်ပါဝင်မှုများကြောင့်ရရှိလာသော မိမိကိုယ်မိမိယုံကြည်မှုစွမ်းအားများနှင့် တိုးတက်လာသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၏ပုံရိပ်များ ပါဝင်ပါသည်။ ရက်သတ္တပတ်၂ပတ်အတွင်း သက်ဆိုင်ရာအကြောင်းအရာခေါင်းစဉ်များအတိုင်း ဖြစ်စဉ်ဓာတ်လမ်း များအားကောက်ယူခြင်းနှင့် ရွေးချယ်ခြင်း၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ စာရွက်စာတမ်းများအား ပြန်လည်လေ့လာသုံးသပ်ခြင်းများအရ အတုယူစရာ၊ ကောင်းမွန်သော လေ့ကျင့်ပြုမူမှုများနှင့် သင်ခန်းစာယူစရာ အချက်အလက်များ ကိုလည်း သတ်မှတ်ဖော်ပြ ထားပါသည်။ ထိုအချက်အလက် များကို မြန်မာနိုင်ငံ အစိုးရအဖွဲ့ အပါအဝင် ဒေသခံလူထုများ၊ ကော်မတီဝင်များ၊ ပြည်တွင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများ အကြားဝေမျှဖြန့်ချိမည် ဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်ဇာတ်လမ်းများသည် ခရစ် သက္ကရာဇ် ၂၀၁၃ ခုနှစ်မှ အစပြု၍ 'အစိုးရအဖွဲ့အစည်း မဟုတ်သော မာတေဆာ အင်တာနေရှင်နယ် (Malteser International)' အဖွဲ့နှင့် 'ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်ဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ရေးအဖွဲ့(CERA)' တို့က ဂျာမဏီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာန(BMZ)နှင့် ဆွစ်ဇာလန်နိုင်ငံမှ ဖွံ့ဖြိုးရေး နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့(SDC)တို့၏ ရန်ပုံငွေမတည်မှုဖြင့် မိတ်ဖက်ပြုကာ မလွယ်ကူ၊ ခက်ခဲသော ရခိုင်ပြည်နယ်ပတ်ဝန်းကျင်တွင် စီမံဆောင်ရွက်ခဲ့သောစီမံကိန်းမှ ဖြစ်စဉ်ဇာတ်လမ်း များ ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် စီမံကိန်းပုံဖော်ခြင်း၊ စီမံကိန်း အားလေ့လာမှုပုံစံဒီဇိုင်းဖော်ပြခြင်း၊ အစိုးရ အဖွဲ့ အစည်း မဟုတ်သော မာတေဆာ အင်တာနေရှင်နယ် (Malteser International)' အဖွဲ့နှင့် 'ရပ်ရွာလူထု စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ရေးအဖွဲ့ (CERA)' အဖွဲ့ ၂ဖွဲ့ကြား မိတ်ဖက်ပြု ချဉ်းကပ် ဆောင်ရွက်မှုများဖြင့် စတင်ဖော်ပြပြီး၊ စီမံကိန်းဒေသ အတွင်း အပြောင်းအလဲများအား ကိုယ်စားပြုသော ဖြစ်စဉ်ဇာတ်လမ်းများ၊ ၄င်းတို့နှင့် ပတ်သက်ဆက်နွယ်နေသော အတုယူစရာကောင်းမွန်သော လေ့ကျင့်ပြုမူမှုများကိုပါ ကျယ်ကျယ် ပြန့်ပြန့် ဖော်ညွှန်း တင်ပြသွားပါမည်။

ဤအစီရင်ခံစာ ပုံနှိပ်ထုတ်ဝေမှုသည် စီမံကိန်းဆောင်ရွက်မှုများကို ထင်ဟပ်အသက်ဝင်စေပြီး၊ ဆွေးနွေးမှုများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှုများကို ဖန်တီးနိုင်မည်ဟုမြင့်မားစွာ မျှော်လင့် ပါသည်။




| | |
|---|---|
| စီမံကိန်း ဧရိယာ | ရခိုင်ပြည်နယ် မြို့နယ် (၅)မြို့နယ်အတွင်းရှိ ရွာပေါင်း ၆၆ရွာ |
| အကျိုးခံစားခွင့် ရှိသူများ | ၆၈,၀၀၀ ဦးရေ |
| အကောင်အထည်ဖော်ဆောင်သော အဖွဲ့များ | • မာတေဆာ အင်တာနေရှင်နယ်<br>• ရပ်ရွာ လူထုစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ရေး အဖွဲ့ (ဆာရာ) |
| အလှူရှင်များ | • ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ)<br>• ဆွစ်ဇာလန်နိုင်ငံ မှ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့ (SDC) |
| မိတ်ဖက်များ | မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည် ထူထောင် ရေး ကွန်ယက် |
| စီမံကိန်းကာလ | ဇန်နဝါရီ ၂၀၁၃ မှ ဒီဇင်ဘာ ၂၀၁၈<br>(၇၂ လ) |
| စုစုပေါင်း ဘတ်ဂျက် | ယူရိုငွေ ၂,၀၄၁,၂၀၀ |



ဦးဝင်းသာ ကျေးရွာအုပ်ချုပ်ရေးမှူး။ ကျေးတောပိုက်ဆိပ်ကျေးရွာ၊ စစ်တွေမြို့နယ်။ ဒီရေတော ပျိုးပင်ငယ်များကို ဂရုစိုက်ပြုစုနေခြင်း။ ပျိုးပင်များပြုစုပျိုးထောင်ခြင်းသည် ကျေးရွာအတွက် ဝင်ငွေရလုပ်ငန်းလည်းဖြစ်သည်။ ဆာရာအဖွဲ့က အခြားကျေးရွာများအတွက် ဒီရေတောများစိုက်ပျိုးရန်လိုအပ်လာပါကလည်း ပြန်လည်ဝယ်ယူနိုင်သည်။ ကျန်သောပျိုးပင်ငယ်များကို ကျွန်တော်တို့ရွာတွင် ဒီရေတောတိုးချဲ့စိုက်ပျိုးပါမယ်။

PHOTO: SAMADHI MARR, BANYANEER

# စီမံကိန်းနောက်ခံ သမိုင်း

'သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင် ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေခံနိုင်ရည်ရှိစေခြင်းများအတွက်  လူထုအခြေပြု ဒီရေတောများစိုက်ပျိုးစီမံခြင်း'  စီမံကိန်းကို ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် ဖြစ်တန်စွမ်းမြင့်မားသော မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၏မြို့နယ်ကြီး ၅မြို့နယ် အတွင်းရွာပေါင်း ၆၆ရွာမှလေ့လာတွေ့ရှိချက်များဖြစ်ပါသည်။ (မြေပုံကိုကြည့်ပါ)

ခရစ်သက္ကရာဇ်၂၀၁၃ခုနှစ်၊ ဇန်နဝါရီလတွင်ဖနှစ်တာ စီမံကိန်းအဖြစ်ဂျာမဏီနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) မှကနဦးရန်ပုံငွေပေါင်(၁.၆)သန်းဖြင့် စီမံကိန်းကို စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၅ခုနှစ်တွင်ဖြည့်စွက်ရန်ပုံငွေအဖြစ် ဆွစ်ဇာလန်နိုင်ငံမှ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအဖွဲ့(SDC) ၏ ရန်ပုံငွေပေါင် (၄၄၁,၂၀၀) ဖြင့်လည်း စီမံကိန်း၏လုပ်ငန်းဆောင်တာများကို နက်နက်နဲနဲ၊ ထဲထဲဝင်ဝင် ပိုမို အရှည်တည်တံ့စေပြီး ပိုမိုထိရောက် စေခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံမှဖြိုးရေးနှင့်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (SDC) ၏ အရန်စီမံကိန်းကို အောက်တိုဘာလ ၂၀၁၅ မှ စက်တင်ဘာလ ၂၀၁၇ အထိ (၂၄လ) ကြာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## စီမံကိန်းကောက်ကြောင်း

စီမံကိန်းသည် ရာသီဥတုပြောင်းလဲမှုအပေါ်လိုက်လျောညီထွေခံနိုင်ရည်ရှိစေခြင်းအား လူထု အခြေပြုပုံစံဖြင့် ဆင့်ပွားကူးယူအသုံးပြုသွားနိုင်စေရန်၊ ဒေသခံလူထုတစ်ရပ်လုံး၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုတိုးမြှင့်ဆောင်ရွက်သွားနိုင် ရန်ရည်ရွယ်သည်။ ယင်းတွင် သဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်ကြိုတင်သတိပေးခြင်းစနစ်၊ ကမ်းရိုးတန်းဒေသ ပိုမို ကာကွယ်နိုင်ခြင်း အတွက်သဘာဝဒီရေတော စိုက်ပျိုးခြင်း စသည်တို့ ပါဝင်ပါသည်။

ထို့အပြင် စီမံကိန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အတူ ဒေသခံလူထုအတွက် ဝင်ငွေရလုပ်ငန်းများကိုလည်း ဆက်နွှယ်ဆောင်ရွက်ပေးခြင်းအားဖြင့် သက်ရှိပတ်ဝန်းကျင်တို့၏ဂေဟစနစ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက် ထားပြန်ပါသည်။ စီမံကိန်း၏ရည်မှန်းချက်များမှာ မျှော်မှန်းရလာဒ်(၃ခု)အား ထိရောက်အောင်မြင်စွာ ဆောင်ရွက် ရန် ရည်ရွယ်ပါသည်။ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရေး အစီအစဉ်များကို လူထု ကိုယ်တိုင်ဖော်ဆောင်စေပါသည်။

လက်တွေ့အားဖြင့်လည်း စီမံကိန်းသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရေး ကဏ္ဍများကို အဓိပ္ပာယ်ရှိစွာ ပေါင်း စပ်ထားပါသည်။ ဘေးအန္တရာယ်ဖြစ်စဉ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အချက်များအား ပြည့်ပြည့်စုံစုံ ခြုံငုံပါဝင်သော လေ့လာသုံးသပ်မှုများကိုပြုလုပ်၍ သင်တန်းများကို ပို့ချပေးပြီး ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရေး အစီအစဉ်များကို လူထု ကိုယ်တိုင်ဖော်ဆောင်စေပါသည်။

အဆိုပါ အစီအစဉ်များတွင် အခြေခံအသေးစိတ် အရုံအတားများဖြစ်ကြသော (ဆိပ်ခံတံတားများ၊ ကမ်းပါးထိန်းနံရံများ၊ ရွာလမ်းများ)

| မျှော်လင့်သောရလာဒ်များ | |
|---|---|
| 1 | (၁) ဒေသခံ တာဝန်ရှိသူများသည် သဘာဝဘေးအန္တရာယ်လျှော့ချရေး စီမံမှုနှင့် ရာသီဥတု ပြောင်းလဲမှုအပေါ်လိုက်လျောညီထွေခံနိုင်ရည်ရှိစေခြင်းများအတွက် မိမိတို့၏လုပ်ငန်းဆောင်တာ၊ တာဝန်များကို သေချာစွာသိရှိနားလည်ပြီး ရာသီဥတုပြောင်းလဲမှု အပေါ် လိုက်လျောညီထွေ ခံနိုင် ရည်ရှိစေခြင်း ဆိုင်ရာ နိုင်ငံတော်အစီအစဉ်များအတိုင်း ဆောင်ရွက်နိုင်စေရန်။ |
| 2 | (၂) ခန့်ခွဲစီမံသည့်နည်းလမ်းဖြင့် ဒေသခံလူထုအား သဘာဝဘေးအန္တရာယ် လျှော့ချရေး စီမံမှု များအရ ပိုမို ခိုက်မာစေပြီး၊ လူထုအခြေပြုစီမံမှုဖြင့်သဘာဝဒီရေတောများကို စိုက်ပျိုးခြင်းနှင့် ကမ်းရိုးတန်းဒေသ သံယံဇာတများကို စီမံသော စနစ်ဖြင့်ရာသီဥတု ပြောင်းလဲ မှုအပေါ်လိုက်လျော ညီထွေ ခံနိုင်ရည် ရှိစေခြင်း ထိခိုက်လွယ်မှုများကိုလျှော့ချစေနိုင်ခြင်း။ |
| 3 | (၃)ဖြစ်စဉ်ဇာတ်လမ်းများကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့်မြန်မာနိုင်ငံတွင် ရှိပြီးသား အောင်မြင်သော ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေခံနိုင်ရည်ရှိစေခြင်း အသိပညာများတွင် ထပ်ပေါင်းဖြည့်စွက်နိုင်စေရန်။ |

ဆောက်လုပ်ရေးများပါဝင်သကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ အဖြစ် (ကြိုတင်သတိပေး ခြင်းစနစ်၊ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခြင်းပုံစံ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးစွမ်းအား) များနှင့်အတူ ဒီရေတော စိုက်ပျိုးခြင်းများလည်း ပါဝင်ပါသည်။

ဒေသအတွင်းမိတ်ဖက်အဖွဲ့ (MERN) မြန်မာနိုင်ငံသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးကွန်ယက်မှ နည်းပညာကျွမ်းကျင်သူများ [3] နှင့် တွဲဖက်၍လည်းကောင်း၊ ယခင် စီမံကိန်းမှ ကျွမ်းကျင်မှုများအပေါ် အခြေခံ၍လည်းကောင်းဖြစ်ပေါ်လာသည့် လူထုစီမံနိုင် သည့် ဒီရေတောစိုက်ပျိုးရေးသည် လှိုင်းကြီးရေကြီးခြင်းနှင့်ဆိုင်ကလုန်းမုန်တိုင်းဒဏ်များမှ သဘာဝနှင့် လိုက်လျောညီထွေစွာ ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သည့်အပြင် ငါး၊ ပုစွန်၊ ကဏန်း နှင့် ခရုများ(ရေနေသတ္တဝါများ) ပေါများစေရန် လည်း အထောက်အကူဖြစ်ပြန်ပါသည်။

စီမံကိန်းသည် လူထု၏လက်တွေ့ကျသောဒီရေတောပျိုးထောင်မှု အတွေ့အကြုံများနှင့် အခြားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု သတင်းအချက်အလက်များကို အသုံးပြုကာ စွမ်းအားမြှင့် လောင်စာ သက်သာဟင်းချက်မီးဖိုများ ထုတ်လုပ်ဖြန့်ချိရေးကိုလည်း တိုးတက်စေခဲ့ပါသည်။ အဆိုပါ မီးဖိုများသည် ဟင်းချက်ရာတွင် လိုအပ်သော ထင်းကို ၅၀%လျှော့ကျစေခြင်းဖြင့် ဒေသ၏ ထင်းသုံးစွဲရန်လိုအပ်မှုကို လျှော့ချကာ အနာဂတ်တွင်ကမ်းရိုးတန်းသစ်တောများကိုပိုမို ထိန်းသိမ်း စောင့်ရှောက်နိုင်စေပါသည်။

စီမံကိန်းသည် ဘေးအန္တရာယ်လျှော့ချရေးကို အဓိကဇဟိုပြုသောကြောင့် ဒေသခံလူထု၏ ဘေး ဒဏ်ခံနိုင်စွမ်းမြင့်မားစေခြင်း၊ သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ နှင့် လူမှုနယ်ပယ်ဝန်းကျင်အရင်းအမြစ်များ တိုးတက်စေခြင်း၊ ဒေသခံလူထု ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ ပါဝင်ဆောင်ရွက်စေခြင်းများ၊ ဌာနများနှင့် ဆက်နွှယ် ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။ [4]

3. မာတေဆာအင်တာနေရှင်နယ်သည် ၂၀၀၈ခုနှစ်မှစ၍ ဒီရေတောစိုက်ပျိုးခြင်းကို စတင်ခဲ့ပါသော ကြောင့် ဒေသတွင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းကွန်ယက်များကို ကောင်းစွာ အသုံးပြုနိုင်သည့် အပြင် ကိုယ်တိုင်လည်း ကျွမ်းကျင်မှုရှိပါသည်။

4. စီမံကိန်းသည် ဒေသလူထု၏ဘေးဒဏ်ခံနိုင်စွမ်း ၁၀ချက်တွင် ၇ချက်နှင့် ပြည့်စုံပါသည်။ အသေးစိတ်ကြည့်ရှုရန် www.banyaneer.com/resilience-radar/.

| စီမံကိန်း၏ လုပ်ငန်းဆောင်တာများ | |
|---|---|
| 1,1 | ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေရန် နည်းလမ်းများ သင်တန်းပေးခြင်း |
| 1,2 | ကျေးရွာနှင့် မြို့နယ်အဆင့် ဆိုင်ရာ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲများ (ဖိုရမ်များ) ပြုလုပ်ခြင်း |
| 1,3 | အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အတွက် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ များကျင်းပခြင်း |
| 2,1 | ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေရန် နည်းလမ်းများ သင်တန်းလမ်းညွှန်စာအုပ် ထုတ်လုပ်ခြင်း |
| 2,2 | အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးစစ်တမ်း များကို စီမံကိန်းကျေးရွာများတွင် ကောက်ယူခြင်း |
| 2,3 | အန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးစစ်တမ်း များအရ လူထုအခြေပြု ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေရန် အစီအစဉ်များကို ရေးဆွဲခြင်း |
| 2,4 | ရှေးဦးသူနာပြုကော်မတီ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကော်မတီ၊ ကြိုတင်သတိပေးကော်မတီ နှင့် ကျောင်းများတွင် သင်တန်းများ ပေးခြင်း |
| 2,5 | အသေးစား အကာအရန် ဆောက်လုပ်ရေးများ (ရွာလမ်းများ၊ ဆိပ်ခံတံတားများ၊ မြစ်ကမ်းပါးထိန်းနံရံများ) ကို လူထုအခြေပြု သဘာဝဘေးအန္တရာယ် ခံနိုင်ရည်စွမ်း အစီအစဉ်များဖြင့် ဆောက်လုပ်ခြင်း |
| 2,6 | သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေရေး ပစ္စည်းများ (ရေဒီယို၊ အော်လန်၊ ရှေးဦးသူနာပြု သေတ္တာ) ဖြန့်ဝေပေးခြင်း |
| 2,7 | မုန်တိုင်းကြိုလေ့ကျင့်ရေးများကို ကျေးရွာလူထုများအတွင်းနှင့် စာသင်ကျောင်းများတွင် ပြုလုပ်ခြင်း |
| 2,8 | ကမ်းရိုးတန်း သံယံဇာတများ စီမံထိန်းသိမ်းခြင်းနှင့် ဒီရေတောများစိုက်ပျိုးခြင်း |
| 2,9 | မုန်တိုင်းခိုအဆောက်အဦ အဖြစ်အသုံးပြုနိုင်ရန် လူမှုရေးအဆောက်အဦများ (စာသင်ကျောင်း၊ ကျန်းမာရေး အဆောက်အဦ၊ ဘုန်းတော်ကြီးကျောင်း)များကို ပြင်ဆင်မွမ်းမံပေးခြင်း |
| 3,1 | ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ၏ ရာသီဥတု ပြောင်းလဲမှုအပေါ် ထိခိုက်ဆုံးရှုံးနိုင်ခြေ စစ်တမ်းများကောက်ယူခြင်း |
| 3,2 | လူထုအခြေပြုအဆင့် ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိခြင်း အကောင်းဆုံး အလေ့အကျင့်များ ၅ခု စုစည်းလေ့လာခြင်း |

# လေ့လာမှုပုံစံ



## ဖြစ်စဉ်ဇာတ်လမ်းများ ကောက်ယူခြင်း

ဖြစ်စဉ်ဇာတ်လမ်းများကို အထူးခြားဆုံး အပြောင်းအလဲများ နည်းပုံစံဖြင့် ကောက်ယူပါသည်။ ထိုဖြစ်စဉ်ကို အဖွဲ့အစည်း ပြင်ပလွတ်လပ်သော အတိုင်ပင်ခံ ၂ဦးက မာတေဆာ နှင့် ဆာရာအဖွဲ့မှ လေ့လာမှုတွင် ပါဝင်သူများကို ကနဦးသင်တန်း၂ရက်ပို့ချခြင်းဖြင့်စတင်ပြီး ဦးဆောင်၍ ကောက်ယူ ခဲ့ပါသည်။ အဆိုပါ အဖွဲ့သည် စီမံကိန်းမြို့နယ် (စစ်တွေ၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်းနှင့် ရသေ့ တောင်) ၅မြို့နယ်အတွင်း ရွာ(၁၄) ရွာ မှဇာတ်လမ်းဖြစ်စဉ် (၉၇) ပုဒ် ကောက်ယူ ခဲ့ပါသည်။

အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်းကောက်ယူခြင်းသည် အဖွင့်သဘောဆောင်သည့် ပုံဖော်နိုင်စွမ်းရှိသော နည်းလမ်းပုံစံဖြစ်ပြီး မမျှော်လင့်ထားသောရလာဒ်များကိုလည်း ဖမ်းယူ ပေါ်လွင်စေနိုင်ပါသည်။ စီမံကိန်းဒေသတွင်း လူထုများမှ စီမံကိန်း၏ ရလာဒ်ပုံရိပ်ကို ပြန်လည် ဖော်ပြရသောနည်းလမ်းပုံစံဖြစ်သည့်အပြင် စီမံကိန်းအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်း အကျိုးဖြစ်စဉ်များ နှင့်အတူ လူထုတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကိုပါ ထင်ရှားစွာ ပေါ်လွင်စေပါသည်။

| အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်း နည်းပညာ ၁၀ဆင့်[5] |
|---|
| ၁။ အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်း နည်းပညာ ဖြင့်လေ့လာလိုသော ရည်ရွယ်ချက်မြင်ကွင်းကို သတ်မှတ်ခြင်း။ |
| ၂။ အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်း များကို စတင်ကောက်ယူခြင်း။ |
| ၃။ အပြောင်းအလဲများကို အပိုင်းလိုက် ခွဲခြားသတ်မှတ်လေ့လာခြင်း |
| ၄။ အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်း များကို ဆက်လက်ကောက်ယူ ခြင်း။ |
| ၅။ အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်း များရွေးချယ်ရန်နည်းလမ်းများကို သတ်မှတ်ဆုံးဖြတ်ခြင်း။ |
| ၆။ အဖွဲ့အစည်းအတွင်း သတ်မှတ်အဆင့်ဆင့် ဝန်ထမ်းများမှ ဖြစ်စဉ်ဇာတ်လမ်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးချယ်ခြင်း။ ရွေးချယ်သောအကြောင်းပြချက်များကို ရေးသားမှတ်တမ်းတင်ထားရန်။ |
| ၇။ ဖြစ်စဉ်ဇာတ်လမ်းရွေးချယ်ခြင်းအတွက် တုံ့ပြန်သတင်းအချက်အလက်များကို ပါဝင်သူများ အားလုံးအားပြောပြခြင်း |
| ၈။ ဖြစ်စဉ်ဇာတ်လမ်းရွေးချယ်ခြင်းအား အသေးစိတ် မှန်ကန်စေရန် ပြုလုပ်ခြင်း |
| ၉။ ပါဝင်သော အကြောင်းအရာများနှင့် စီမံကိန်း၏ လုပ်ငန်းဆောင်တာအချက်အလက်များအား စိစစ်လေ့လာခြင်း |
| ၁၀။ ဖြစ်စဉ်ဇာတ်လမ်းများမှ စီမံကိန်းကို ထင်ဟပ်လေ့လာခြင်း၊ သင်ယူခြင်းနှင့် စီမံကိန်း၏လုပ်ငန်းဆောင်တာများအား တိုးတက်စေခြင်း |

## နမူနာပုံစံ

ရွာများကို ဦးတည်ရည်ရွယ်ချက်ရှိသော နမူနာပုံစံရွေးချယ်ခြင်းဖြင့် ရွေးချယ်ခဲ့ပါသည်။ နမူနာပုံစံ ရွေးချယ်မှုတွင် ဖော်ပြပါ ရှုတောင့်များကို စဉ်းစားရွေးချယ်ခဲ့ပါသည်။

- စီမံကိန်း စတင်သည့်အချိန်မှစ၍ သဘာဝဘေးဒဏ်ခံခဲ့ရသော အတွေ့အကြုံရှိခဲ့သော ရွာဖြစ် ခြင်း။

- စီမံကိန်း ဝန်ထမ်းများမှစီမံကိန်းသတင်းအချက်အလက်များအရ ထင်ရှားသောဖြစ်စဉ်များ ကောင်းမွန်သောလေ့ကျင့်မှုပုံစံများ (အောင်မြင်သော ဒီရေတောစိုက်ပျိုးမှုရှိခြင်း၊ ဒေသခံ လူထု၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုရှိခြင်း၊ ဒီရေတော ပျိုးပင်များပြုစုခြင်းကိုအောင်မြင်စွာ အုတ်မြစ်ချ ပြုစုထားနိုင်ခြင်း၊ ခိုင်မာသော အမျိုးသမီးအင်အားစုများရှိခြင်း၊ ဒေသခံလူထုက ဦးဆောင်၍မိမိကျေးရွာ၏ ကိုယ်ပိုင်လုပ်ငန်းဆောင်တာများအဖြစ် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း၊ စွမ်းအားမြှင့်လောင်စာသက်သာ မီးဖိုများပြုလုပ်ခြင်းသင်တန်းများ ပြီးစီးအောင်မြင်နေခြင်း) စသည်တို့ရှိသည်ဟု မှတ်ချက်ပြုထားသော ရွာများ။

- နမူနာပုံစံ ရွာတွင် လူမှုစီးပွားရေး အလွှာစုံကိုထင်ဟပ်မြင်သာစေနိုင်ခြင်း (မြို့ပြဝန်းကျင်နှင့် ကျေးရွာပုံစံ)

- မြို့နယ်၁ခုစီမှ ရွာ၂ရွာမှ ၅ရွာ အတွင်းပါဝင်စေရန် ရွေးချယ်ခြင်း။

ကောက်ယူပြီးသော ဖြစ်စဉ်ဇာတ်လမ်းများမှ အကောင်းဆုံးဖြစ်စဉ်ဇာတ်လမ်းများ ရွေးချယ်ခြင်း အား အဖွဲ့အစည်း၏ဖွဲ့စည်းပုံ ပုံစံအလိုက်အဆင့်ဆင့် သတ်မှတ်ရွေးချယ်ခဲ့ကြပါသည်။ ဆာရာနှင့် မာတေဆာ စီမံကိန်းဝန်ထမ်းများက ၂ရက်တာအထူး ရွေးချယ်ခြင်းဖြင့် စုစုပေါင်း ဖြစ်စဉ် ဇာတ်လမ်း ၉ရပုဒ်မှ အကောင်းဆုံး၂၅ပုဒ်အထိကို ပဏာမရွေးချယ်ပေးခဲ့ကြပါသည်။ အဆိုပါ အကောင်းဆုံးဖြစ်စဉ်ဇာတ်လမ်း၂၅ပုဒ်များထဲမှ နောက်ဆုံးပုံနှိပ်သော ၁၁ပုဒ်ကို မာတေဆာ အဖွဲ့မှ စီနီယာမန်နေဂျာများနှင့် အတိုင်ပင်ခံများမှ ရွေးချယ်ခဲ့ကြပါသည်။

## အလေ့အကျင့်ကောင်းများအား သုတေသနပြုခြင်း

အထူးခြားဆုံး အပြောင်းအလဲဖြစ်စဉ်ဇာတ်လမ်းများကောက်ယူခြင်း အပြင် အတိုင်ပင်ခံများသည် ကျေးရွာဦးတည်အုပ်စုများ၊ ကျေးရွာလူထုခေါင်းဆောင်များ၊ မြို့နယ် (သို့မဟုတ်) ပြည်နယ် တာဝန် ရှိသူများ၊ ဆာရာနှင့် မာတေဆာ အဖွဲ့မှ တာဝန်ရှိသူ အဖွဲ့ဝင်များ နှင့်လည်း တွေ့ဆုံမေးမြန်းပြီး အလေ့ အကျင့်ကောင်းများကို စုံစမ်းမှတ်တမ်းတင်ခဲ့ပါသည်။ အခြေမှစ၍ အထက်သို့ ကောက်ယူ ရသောနည်းပုံစံဖြစ်သည်နှင့်အညီ အကျိုးခံစားရသူ ကျေးရွာလူထုမှ ပေးပို့ရရှိသော အထူးခြားဆုံး အပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်းများ၏သတင်းအချက်အလက် များ ပေါ်တွင်အခြေခံပြီး၊ ထိုသူ များနှင့် ဆွေးနွေး မှုများမှ တဆင့်လည်း အလေ့အကျင့် ကောင်းများကို စူးစမ်းစုဆောင်းခဲ့ပါသည်။

---

5. အထူးခြားဆုံးအပြောင်းအလဲ (MSC)နည်းကိရိယာအတွက် see: Davies, R. and J. Dart (2005): The Most Significant Change (MSC) Technique. A Guide to Its Use.

# မိတ်ဖက်အဖွဲ့များနှင့် အတူတကွလုပ်ဆောင်ကြခြင်း။ မာတေဆာအင်တာနေရှင်နယ်အဖွဲ့၏ ရခိုင် ပြည်နယ်အား ချဉ်းကပ်အကျိုးပြုခြင်း။

မာတေဆာ  အင်တာနေရှင်နယ်သည်အမှန်တကယ်လိုအပ်နေသောလူများကို - အဖွဲ့မှ တိုက်ရိုက် အကောင်အထည်ဖော်ဆောင်သော စနစ်နှင့် သာမက မိတ်ဖက်အဖွဲ့အစည်းများမှတဆင့်လည်း စောင့်ရှောက်ကူညီပါသည်။ မိတ်ဖက်ပြုခြင်းသည်လည်း မာတေဆာ အင်တာ နေရှင်နယ် အဖွဲ့၏ လူသားချင်းစာနာထောက်ထားသော တုံ့ပြန်မှုများနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးဆိုင်ရာ တာဝန် များကိုထမ်းဆောင်ရာတွင် အင်အားကောင်းစေသော ဗျူဟာ၏အစိတ် အပိုင်းတစ်ခုပင် ဖြစ်သည်။ မိတ်ဖက်ပြုခြင်းသည် အဖွဲ့၏အလုံးစုံသောရည်မှန်းချက်များဖြစ်သည့် ‘လူတို့၏ အခြေခံနေထိုင်မှု အခြေအနေတိုးတက်စေရေးနှင့် ထိခိုက်လွယ်သော၊ လိုအပ်ချက်များ ရှိနေသော လူသားတို့ကို ကျန်းမာသော အသက်တာတွင် သိက္ခာရှိစွာ အသက်ရှင်ရေး ’ စသည့် ရည်မှန်းချက်များကို အောင်မြင်စေသည့် နည်းလမ်း၁ခုလည်းဖြစ်ပါသည်။

မာတေဆာ အင်တာနေရှင်နယ် သည် ပင်မရခိုင်ပြည်နယ်တွင် ၂၀၀၅ ခုနှစ်မှစ၍ အကျိုးပြု အလုပ် များစတင်ခဲ့ပါသည်။ စစ်တွေမြို့တွင် ဒေသခံ ပြည်တွင်းအဖွဲ့အစည်း အနည်းငယ်ရှိလာ သော ၂၀၁၄ ခုနှစ် အထိ မာတေဆာအဖွဲ့သည် ကိုယ်တိုင်တိုင်ရိုက် အကောင် အထည်ဖော်သော ပုံစံဖြင့် ကိုယ်ပိုင် ဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄ခုနှစ်၊ မတ်လ အဓိကရုဏ်းဖြစ်ပေါ်ပြီးနောက် မာတေဆာအင်တာနေရှင်နယ်၏ စစ်တွေ၊ ရခိုင်ပြည်နယ်အား ချဉ်းကပ်ပုံမှာ ကိုယ်တိုင်တိုင်ရိုက်အကောင်အထည်ဖော်သော ပုံစံမှ သည် ဒေသတွင်း မိတ်ဖက်အဖွဲ့များမှ တဆင့် အကောင်အထည်ဖော်သော ပုံစံသို့ ပြောင်းလဲခဲ့ သည်။ [6]

မူလ မာတေဆာအင်တာနေရှင်နယ်မှ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချ ရေးအဖွဲ့ဝင် ဝန်ထမ်းများသည် ‘ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဘေးဒဏ် ခံနိုင်စွမ်း တိုးမြှင့်ရေးအဖွဲ့ ’ (ဆာရာ) ကိုတည်ထောင်ခဲ့သည်။ ဆာရာသည် လူထုအခြေပြု သဘာဝ ဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အစီအစဉ်များကို မာတေဆာ အင်တာ နေရှင်နယ်၏ အကူအညီ အထောက်အပံ့များနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ချဉ်းကပ်မှု ပုံစံအသစ်သည် အောင်မြင်သော မိတ်ဖက်ဖွဲ့ခြင်း ဖြစ်လာခဲ့သည်။ မာတေဆာ အင်တာနေရှင်နယ်အဖွဲ့သည် ဆာရာအဖွဲ့၏ အကောင်းမွန်ဆုံးသော စီမံကိန်းအကောင်အထည် ဖော်ဆောင်နိုင်စွမ်းများ၊ လူထုအတွင်း အဆင့်မြင့်မားသော ဂုဏ်သတင်းများကြောင့် အကျိုးရှိခဲ့ ပြီး၊ တဖန် မာတေဆာ၏ ဆာရာအဖွဲ့အစည်းကို ပိုမိုခိုင်မာအင်အားရှိလာစေရန် နှင့် အလှူရှင်တို့ ၏ လိုအပ်ချက်များကိုက်ညီစေရန် ထောက်ပံ့မှုများကလည်း ဆာရာအဖွဲ့အား အကျိုးဖြစ်စေခဲ့ ပါသည်။

ဆာရာအဖွဲ့သည် အလွန်ကြီးမားသော စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ ဖွဲ့စည်းပုံဆိုင်ရာ ကြီးထွားရင့်သန်မှု အထောက်အပံ့များကို ရရှိခဲ့ပါသည်။ ထိုအရာများသည် ဒေသန္တရဆိုင်ရာ အသိဉာဏ်ဗဟုသုတနှင့် နားလည်မှုရှိသော ဆာရာ အဖွဲ့ကို ရခိုင်ပြည်နယ်၏ လူသိများသော ခိုင်မာသည့် အဖွဲ့အစည်း တစ်ခု ဖြစ်လာစေပါသည်။

ဆာရာ အဖွဲ့၏ ဒါရိုက်တာမှ အဆိုပါ မိတ်ဖက်ပြုခြင်းအား မိမိတို့၏ ရခိုင်ပြည်နယ်တွင် လွန်စွာ ရှားပါးသောကြောင့်  ‘အစပြု ဦးဆောင်ခြင်း ’ ဟုအဓိပ္ပာယ်ဖွဲ့ ပြောဆိုခဲ့ပါသည်။ ၂၀၁၄ခုနှစ် ဖြစ်ရပ်များနောက်ပိုင်းမှစ၍ စီမံကိန်း၏လူထုအခြေပြု လုပ်ငန်းဆောင်တာများ အားလုံးကို ဆာရာအဖွဲ့က စစ်တွေမြို့နှင့်ရန်ကုန်မြို့အခြေစိုက် မာတေဆာအင်တာနေရှင်နယ် အဖွဲ့မှ ဝန်ထမ်းများနှင့် အတူတကွ တိုက်ရိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ဆာရာအဖွဲ့၏ လုပ်ငန်းပုံဖော်မှု ပုံစံ၊ ဝန်ထမ်းများ အတည်တကျ မြဲမြံခြင်းနှင့် ဒေသခံလူထု အကြား ခိုင်မာသောပေါင်းသင်းဆက်ဆံရေးများသည် စီမံကိန်းအောင်မြင်မှု၏ ကြီးမားသော အစိတ်အပိုင်းများပင်ဖြစ်သည်။ ဒေသခံလူထုကလည်း ဆာရာကို တိုက်ရိုက် အကောင်အထည်ဖော် ဆောင်သော အဖွဲ့၊ မာတေဆာကို ထောက်ပံ့သောအဖွဲ့နှင့် ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာန(BMZ) ဆွစ်ဇာလန်နိုင်ငံ မှဖြိုးရေးနှင့် ပူးပေါင်း ဆောင်ရွက် မှုဆိုင်ရာအဖွဲ့ (SDC) တို့အားအလှူရှင်အဖွဲ့များအဖြစ် ရည်ညွှန်းခေါ်ဝေါ်ကြပါသည်။

6. ၂၀၁၄ခုနှစ် မတ်လနှောင်းပိုင်းကာလတွင် ရုန်းရင်းဆန်ခတ်ပြုကြပါသော လူစုကြောင့် အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏အဆောက်အအုံ ဥပစာများပျက်စီးခဲ့ပါသည်။ ထိုဖြစ်ရပ်သည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ဝန်ထမ်းများ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရပြီး လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဆောင်တာများလည်း ရပ်တန့်ခဲ့ရသည်။

# အလေ့အကျင့်ကောင်းများ နှင့် အထူးခြား ဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်းများ





မက္ကလာကြားကျေးရွာမှ မမြတ်ကေခိုင် (ပုဏ္ဏားကျွန်းမြို့နယ်)ဒီရေနှင့် မုန်တိုင်းလှိုင်းလုံးကြီးများ ကာကွယ်နိုင်သော မြစ်ကမ်းပါးထိန်းနံရံပေါ်မှ ဆာရာအဖွဲ့အားစောင့်ကြိုနေစဉ်

PHOTO: SAMADHI MARR, BANYANEER

ကောက်ယူခဲ့သော အထူးခြားဆုံးအပြောင်းအလဲ ဖြစ်စဉ်ဇာတ်လမ်းများသည် စီမံကိန်း၏ရလာဒ် ထင်ဟပ်မှုများကို ပေါ်လွင်စေသလို(တနည်း)ဒေသခံအကျိုးခံစားခွင့်ရှိသော လူထုကသတ်မှတ် ဖော်ပြသော အရေးပါသည့်အပြောင်းအလဲများကိုဖော်ပြပါသည်။ ဖြစ်စဉ်ဇာတ်လမ်းများ ကောက်ယူရာတွင်ဖြေဆိုသူတစ်ဦးချင်းစီသည် မိမိတို့၏ဘဝတစ်လျောက် တွေ့ကြုံခဲ့ရသော အပြောင်းအလဲများ နှင့် မိမိတို့ ဒေသ၏လူထုတစ်ခုလုံး ကြုံတွေ့ခဲ့ကြသောအပြောင်းအလဲများကို ဆက်နွယ်စေလျက် အဖွင့်သဘောဆန်သော မေးခွန်းတစုံကို ဖြေကြားပေးခဲ့ကြပါသည်။

ဖြစ်စဉ်ဇာတ်လမ်းများတွင် အပြုသဘောဆောင်သော အပြောင်းအလဲများနှင့် ပိုကောင်းလာစေရန် လိုအပ်ချက်များကိုလည်း ဖမ်းယူဖော်ပြထားပါသည်။ အားလုံးသော ဖြစ်စဉ်ဇာတ်လမ်း (၉၇)ပုဒ်လုံး သည် အလွန်ထူးခြားကောင်းမွန်ပါသည်။ သို့သော်လည်း တူညီသော ခေါင်းစဉ်များမှ ထွက်ပေါ် လာသော အကြောင်းအရာတူများကို နောက်ဆုံးဖြစ်စဉ် ဇာတ်လမ်း (၁၁)ပုဒ်ဖြင့် ထင်ဟပ် စေလျက် ပုံနှိပ်ထုတ်ဝေထားပါသည်။

ဖြစ်စဉ်ဇာတ်လမ်းများ၏ ထင်ရှားသည့် အကြောင်းအရာအလိုက် ခေါင်းစဉ်များကို သတ်မှတ် ပြီး သည်နှင့်တပြိုင်နက် အဆိုပါ အပြုသဘောဆောင်သော အပြောင်းအလဲများဖြစ်ပေါ်စေသည့် စီမံကိန်း၏အလေ့အကျင့်ကောင်းများနှင့် ထူးချွန်ကောင်းမွန်သော အကြောင်းအရာများကို သတ်မှတ်လေ့လာပါသည်။ ယခု ပုံနှိပ်ထုတ်ဝေမှုတွင် ကောင်းကျိုးဖြစ်ခဲ့သော အလေ့အကျင့် ကောင်းများအား ဦးတည်၍အဆိုပါ အလေ့အကျင့်ကောင်းများကို ထုတ်နှုတ်ဆွဲယူပြီး အခြား စီမံကိန်းများ နှင့် လူထုအတွင်းဆင့်ပွားသွားနိုင်ရန် ရည်ရွယ်ပါသည်။

အဆိုပါဖြစ်စဉ်ဇာတ်လမ်းများသည်ရခိုင်ပြည်နယ်မှမတူညီကွဲပြားသော လူတို့၏ကျယ်ပြန့်လှသော အတွေ့အကြုံများကို ပြန်လည်ဝေငှနိုင်သော အသံများလည်းဖြစ်သည်။ အလေ့အကျင့်ကောင်း များသည် ‘သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု အပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေခြင်း ’ ရှေ့ဆက်လုပ်ငန်းများအတွက် ဆွေးနွေးခြင်းများကို အသက်ဝင်စေပြီး၊ ဝေငှခြင်းများလည်းဖြစ်ရန် ရည်ရွယ်ပါသည်။

ပထမ ဖြစ်စဉ်ဇာတ်လမ်းသည် အုပ်စုလိုက် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သော၊ ဆင်းရဲမွဲတေမှုဖြင့် မပြည့်စုံသောရခိုင်ပြည်နယ် အတွင်း အလုပ်လုပ်ကိုင်ရသော သဘာဝပတ်ဝန်းကျင် အခြေအနေ၏ စိန်ခေါ်မှုများကို မိတ်ဆက်ဖော်ပြထားပါသည်။ နည်းလမ်းသစ်ကို ဆင်ခြင်တွေးခေါ်မိသော ကျေးရွာလူထုခေါင်းဆောင်တစ်ဦးက ပြောပြခဲ့သည့် ဖြစ်စဉ်ဇာတ်လမ်းဖြစ်ပြီး လူထု၏ပြောင်းလဲ လာသော စိတ်သဘောအမြင်များဖြင့် ပိုမိုစည်းလုံးညီညွတ်စွာအခက်အခဲများကို ရင်ဆိုင်နိုင်ခဲ့ကြပုံ အား ပေါ်လွင်စေပါသည်။



# အားလုံးအတူတူ ညီညာလာကြပြ | မောင်သိန်းစိုး

မောင်သိန်းစိုး (၅၄နှစ်) စပါးထ ကျေးရွာ (ပုဏ္ဏားကျွန်းမြို့နယ်)။ ကျေးရွာအုပ်ချုပ်ရေးမှူး

သားနှစ်ယောက်၊ သမီး ၅ယောက် တို့၏ဖခင်၊ မြေးတစ်ယောက် ၏အဘိုး လယ်သမားကြီးအဖြစ် အသက်မွေးသူ။

PHOTO: SAMADHI MARR, BANYANEER

## ပထမ တန်းကျော်ဇာတ်လမ်း

ဆာရာအဖွဲ့က ပြီးခဲ့တဲ့နှစ်ကလည်း စီမံကိန်းအကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီနှစ် အချိန်ကျေးရွာလူကြီးက ကျွန်နော်မဟုတ်သေးပါဘူး။ ဆာရာအဖွဲ့ကိုလည်း ရွာကလက်မခံ ခဲ့ပါဘူး။

ဒီနှစ်တော့ ကျွန်တော်ကကျေးရွာအုပ်ချုပ်ရေးမှူး ဖြစ်နေပါပြီ။ ကံကောင်းစွာနဲ့ပဲဆာရာအဖွဲ့က ကျွန်တော်တို့ရွာမှာ  စီမံကိန်း လုပ်ငန်းဆောင်တာများ ဆောင်ရွက်ဖို့အတွက် ထပ်မံတောင်းဆိုခဲ့ ပါတယ်။ ဆာရာအဖွဲ့က ကျွန်တော်တို့ရွာအတွက် ဆိုးကျိုး၊ အန္တရာယ်မရှိဘဲ ရွာအတွက် ကောင်းမွန်တဲ့ အလုပ်တွေလုပ်ပေးမှာဖြစ်တယ်ဆိုတဲ့ အကြောင်း ရွာသားတွေကို ကျွန်တော်ရှင်းပြ ခဲ့ပါတယ်။  နောက်တော့ ရွာသားတွေက နားလည်ပြီး ဆာရာကိုလက်ခံပေး လိုက်တယ်။

ကျွန်တော်တို့ရွာမှာ အုပ်စုတစ်စုရှိတယ်။ သူတို့က ဆာရာရော၊ ဆာရာလို အဖွဲ့အစည်းတွေကိုရော နားမလည် ဘူး။ ဒီလိုအဖွဲ့တွေက ရခိုင်ပြည်နယ်သား ဒေသခံလူထုတွေကို နည်းနည်းပဲ ကူညီပြီး မူဆလင်ဘာသာဝင် တွေ ကို တော့ အများကြီး ကူညီကြလိမ့်မယ်လို့ သူတို့အုပ်စုက ထင်တယ်လေ။

ဒုတိယအကြိမ် ဆာရာအဖွဲ့ပြန်လာတော့ ဒီအဖွဲ့က လူ့အခွင့်အရေးနှင့် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုတွေအတွက် လာခြင်းဖြစ်ကြောင်း ကျေးရွာလူထုကို ကျွန်တော် ရှင်းပြခဲ့ပါတယ်။ လူသားတိုင်းမှာ လူ့အခွင့်အရေးရှိတယ်။ ရခိုင်ပြည်နယ်သား ဒေသခံလူထုတွေဟာ အာရုံစိုက် မခံရဘူး၊ တို့တွေမှာ အခွင့်အရေးမရဘူး။

ဥပမာ- ဝေးလံခေါင်ဖျားသီးခြားဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ရွာတွေမှာ အစိုးရဆီကရော၊ နိုင်ငံတကာ အဖွဲ့ အစည်း တွေဆီကရော အခြေခံကျတဲ့ အရာတွေတောင် ကျွန်တော်တို့ အကူအညီ မရရှိသေးပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ လူအများစုက ရခိုင်ပြည်နယ်မှာဆိုရင် မူဆလင် ဘာသာဝင် တွေဟာ အကူအညီအလိုအပ်ဆုံးလူတွေ ဖြစ်တယ်ဆိုတဲ့ ယူဆချက်၊ အတွေးအခေါ် ရှိပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အတွက်ရော? ကျွန်တော်တို့ ကိုယ်တိုင်လည်း ကျွန်တော်တို့ လိုအပ်တဲ့ အကူအညီ အထောက်အပံ့တွေ မရသေးပါဘူး။ ဒီအဖွဲ့ အစည်းတွေဟာ လူသားအားလုံးအတွက် အလုပ်လုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေဖြစ်တယ် ဆိုတာကို ကျွန်တော် ရွာသားတွေကို ရှင်းပြခဲ့တယ်။ ကျွန်တော်သိပါတယ်။ ကျွန်တော်က ရေဒီယိုအမြဲ နားထောင်တယ် လေ။ ဒါ့ကြောင့် ကျွန်တော်သိတယ်။ ဒီလို အဖွဲ့ အစည်းတွေဟာ ခွဲခြားဆက်ဆံမှု မရှိဘဲ လူတွေ အားလုံး အတွက် ကူညီနေတယ် ဆိုတာကို ကျွန်တော်သိပါတယ်။

အစ ပထမတုန်းက ဆာရာအဖွဲ့လည်း နိုင်ငံတကာ အဖွဲ့အစည်း လို့ပဲ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်း ဒေသခံ အဖွဲ့ အစည်းတချို့တွေက နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ငွေကြေး၊ အကူအညီ မပါဘဲ အလုပ်မလုပ်နိုင်ကြဘူးလေ။

ဒီရွာက လူတွေစိတ်ထဲမှာ နည်းနည်း ရှုပ်ထွေးသွားတယ်။ ပြီးတော့ နိုင်ငံတကာ အဖွဲ့အစည်းဆိုတာ ဘယ်လို၊ ပြည်တွင်းဒေသခံ အဖွဲ့ အစည်းတွေက ဘာလဲဆိုတာ သူတို့ မသိကြဘူးလေ။ အဲလိုခွဲခြားပြီး တော့လည်း ရွာသားတွေက မသိကြပါဘူး။ ကျေးရွာလူထုကို ကူညီဖို့ဆိုပြီး ဧည့်သည် တွေလာတိုင်း နိုင်ငံတကာ အဖွဲ့ အစည်းလို့ပဲ သူတို့ ထင်ကြတယ်။

## ဒီစီမံကိန်းက အရေးကြီးပါသလား။

ဒီစီမံကိန်းက အရမ်းတော့ အရေးမကြီးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဒီလိုဘေးအန္တရာယ် မျိုးတွေမှာ အသက်ရှင်နေနိုင်ကြ

ပါတယ်။ ဒါပေမယ့် အရေးကြီးတယ် လို့လည်း ကျွန်တော်ထင်ပြန်ပါတယ်။ ကျွန်တော်တို့ရွာမှာ လူဦးရေ ၃၀၀၀ကျော် ရှိတာ သက်ကြီးတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ မသန်စွမ်းတွေ လည်းပါ ပါတယ်။

အကယ်၍ မုန်တိုင်းတိုက်ခဲ့ရင် ကျွန်တော်တို့လူသာမန်တွေကို ရွှေ့ပြောင်းရတာ မခက်ပေမယ့် ထိခိုက် လွယ်တဲ့ လူစုကိုရွှေ့ပြောင်းရတာတော့ ခက်ခဲပါလိမ့်မယ်။ အခုတော့ အရေးပေါ် အချိန်တွေမှာ ဘယ်လိုနည်း တွေကို သုံးပြီး လူတွေကို မထိခိုက်သေးခင်ရွှေ့ ပြောင်းပေးရမယ် ဆိုတာ ကို ကျွန်တော်တို့သိသွား လို့ပါပဲ။

အဲဒီ နိုင်ငံတကာ အဖွဲ့အစည်းတွေ ကလည်း မူဆလင်ဘာသာဝင်တွေကိုပဲ ကူညီကြတယ်လို့ သူတို့က တွေးထားတော့ ဒီလို အဖွဲ့အစည်း၊ ဧည့်သည်တွေကို သူတို့က မကြိုက်ဘူးပေါ့။

'မြန်မာပြည်မှာ လူမျိုးစုပေါင်း ၁၃၅ ခုရှိပါတယ်။ သူတို့လည်း အာရုံစိုက်မခံရပါဘူး။ သူတို့အားလုံးကို တပ်မတော် အစိုးရဟာ နှစ်ပေါင်း ၆၀ကျော် လျစ်လျူရှုခဲ့ပါတယ်။ ကျွန်တော်တို့သတိရဖို့က လျစ်လျူရှုခံရတာ ကျွန်တော်တို့ချည်းပဲမဟုတ်ပါဘူး။

အခုတော့ ကျွန်တော်တို့တိုင်းပြည်မှာ အပြောင်းအလဲတွေ ရှိလာပါပြီ။ ပြည်တွင်း အဖွဲ့အစည်းဖြစ်ဖြစ်၊ နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်ဖြစ် ဒီအဖွဲ့အစည်း တွေဟာ ရခိုင် ပြည်နယ် ဒေသခံလူထု (သို့မဟုတ်) မူဆလင်ဘာသာဝင် မည်သူ့ကို မဆို လူတွေ အကုန်လုံးကို ကူညီမှာ ဖြစ်ပါ တယ်' လို့ ရွာသားတွေကို ကျွန်တော် ရှင်းပြခဲ့တယ်။ အဲအချိန်မှာတော့ ရွာသားအချို့ကပဲ ကျွန်တော် ရှင်းပြတာကို နားလည်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်က မြန်မာပြည်ရဲ့ အဆင်းရဲဆုံး ပြည်နယ် တွေထဲက တစ်ခုဖြစ်ပါတယ်။ ကျွန်တော် ဆာရာ အဖွဲ့ ရဲ့ဝန်ထမ်းတွေကို အကြံတချို့ပေးခဲ့ ပါတယ်။ ကျွန်တော်သူတို့ကို ခုလိုပြောခဲ့တယ်။ ဆရာတို့၊ ဆရာမတို့က ဒီရွာကို စီမံကိန်းတွေ လာလုပ်တာ လခတွေရပါတယ်။ ကျွန်တော် အကြံပေးပါရစေ။သိပ်လောဘ မကြီးကြ ပါနဲ့ဗျာ။ တကယ် ရသင့်တဲ့ အကျိုးကျေးဇူးခံရမယ့် လူတွေအရ နည်းသွားနိုင်ပါတယ်။

ဒီစီမံကိန်းက အရေးကြီးပါသလား။

ဒီစီမံကိန်းက အရမ်းတော့အရေးမကြီးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဒီလိုဘေးအန္တရာယ် မျိုးတွေမှာ အသက်ရှင်နေနိုင်ကြပါတယ်။ ဒါပေမယ့် အရေးကြီးတယ် လို့လည်း ကျွန်တော်ထင်ပြန်ပါတယ်။ ကျွန်တော်တို့ရွာမှာ လူဦးရေ ၃၀၀၀ကျော် ရှိတာ သက်ကြီးတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ မသန်စွမ်းတွေ လည်းပါ ပါတယ်။

အကယ်၍ မုန်တိုင်းတိုက်ခဲ့ရင် ကျွန်တော်တို့လူသာမန်တွေကို ရွှေ့ပြောင်းရတာ မခက်ပေမယ့် ထိခိုက် လွယ်တဲ့ လူစုကိုရွှေ့ပြောင်းရတာတော့ ခက်ခဲပါလိမ့်မယ်။ အခုတော့ အရေးပေါ် အချိန်တွေမှာ ဘယ်လိုနည်း တွေကို သုံးပြီး လူတွေကို မထိခိုက်သေးခင်ရွှေ့ ပြောင်းပေးရမယ် ဆိုတာ ကို ကျွန်တော်တို့သိသွား လို့ပါပဲ။

အပြောင်းအလဲများ။

ဆာရာအဖွဲ့ ရွာကိုရောက်တဲ့ အချိန်မှာ ကျွန်တော် ရွာသားတွေကို အစည်းအဝေးခေါ်တယ်။ ကျွန်တော်တို့ဟာ အဓိကနဲ့သာမညကို ခွဲသိရမယ် လို့ ကျွန်တော် ရှင်းပြခဲ့တယ်။ ကျွန်တော်တို့ရွာမှာ လှေဆိပ်ရှိတယ်။ တကယ်လို့ ကျွန်တော်တို့သာ လှေဆိပ်အထိ ရွာလမ်းကို ခင်းနိုင်မယ်ဆိုရင် ရွာသားတွေ အားလုံး ဒီလမ်းကို သုံးလို့ရမယ်။ ဒီလမ်းဟာ အားလုံးအတွက် အသုံးဝင်မယ်။ တခြားအဖွဲ့အစည်းတွေ၊ မျက်နှာသစ်ဧည့်သည်တွေ ရွာကို လာရင် လည်း ကျွန်တော်တို့ ရွာအစား ဂုဏ်ယူပြီး ပြလို့ရမယ်လို့ ရှင်းပြခဲ့ပါတယ်။

ဒီအချိန်မှာတော့ လူအများကနားလည်လာကြပါပြီ။ တချို့တလေ နည်းနည်းပါးပါးကတော့ နားမလည်သေးဘူးပေါ့။ ဒါ့ကြောင့်အရေးအကြီးဆုံး ကိစ္စတွေကိုကျွန်တော် ထပ်ထပ်ပြီးရှင်းပြ ပါတယ်။အဓိကသတိထားပြီး ရှင်းပြတာကတော့ အရေးပေါ် အခြေအနေမှာ လူတိုင်း ဒီလမ်းကို အသုံးပြုနိုင်မယ် ဆိုတာ ကို ပါပဲ။

ဆာရာက သင်တန်းတွေပေးတဲ့ အချိန်မှာပဲ ကျွန်တော်တို့ ကျေးရွာလုပ်ငန်းစဉ် စီမံကိန်းကို စတင် ရေးဆွဲခဲ့ပါတယ်။ အဲဒီမှာ ကျေးရွာကွန်ကရစ်လမ်းဆောက်လုပ်ခြင်းပါဝင်ပါတယ်။ ပထမတော့ ဆာရာက ကျေးရွာ လမ်းကို ပေ၃၀၀ အရှည်အတွက် ပဲစီစဉ်ခဲ့ပါတယ်။ အဲဒီလမ်းဆုံးပေ (၃၀၀) ရောက်တော့လမ်းက နိမ့်သွားပြီး မိုးရာသီဆိုသွားရလာရ ခက်ခဲပါတယ်။

နောက်ဆုံးမှာတော့ မူလရွာလမ်းက အရမ်းဆိုးဝါးတာ ကြောင့် ရွာသားတွေကိုခေါ်ပြီး ရွာလမ်းကို ပေ၄၅၀ ဆောက်ကြရအောင်။ရွာလမ်းကို ပေ၄၅၀အရှည် ခင်းဖို့ အတွက် သူတို့လုပ်အားတွေ ထည့်ဝင်ပေးနိုင်မလားလို့ ကျွန်တော်မေးခဲ့ ပါတယ်။ သူတို့လုပ်အားတွေ ထည့်ဝင်ဖို့ အခက်အခဲ ရှိလားလို့လည်း မေးခဲ့ပါတယ်။ ရွာသားတွေက လုပ်အားထည့်ဝင်ပါမယ်၊ ပြဿနာ မရှိပါဘူး လို့ ဖြေကြပါတယ်။ လမ်းဒီဇိုင်းအရဆိုရင် လမ်းအကျယ်က ၅ပေပါ၊ ဒါပေမယ့် ကျွန်တော်တို့က ၆ပေထိချဲ့ လိုက်တယ်၊ လမ်းအရှည် ကိုလည်း ပေ၄၅၀ သတ်မှတ်လိုက်တယ်။

နောက်ဆုံးတော့ ရွာလမ်းဆောက်လုပ်မှုက အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ ကျွန်တော်တို့ အလှူလို့လည်းပြောလို့ ရတာပေါ့လေ။ ကျွန်တော်ကြိုးစားပြီးညှိနှိုင်းဆောင်ရွက်ခဲ့တယ်။ ကျွန်တော့ ရွာလူထုအတွက် ကျွန်တော့်ရဲ့ သမိုင်းဝင် အမွေ တစ်ခုပေးခဲ့နိုင် သလိုပါပဲဗျာ။ ဒီလို စီမံကိန်းမျိုးတွေက လူထုတစ်ခုလုံးအတွက် အရမ်းအသုံးဝင်ပါတယ်။ ၁၉၆၈ ခုနှစ်၊ မုန်တိုင်း အကြီး (၁၃၀၀ပြည့်မုန်တိုင်း) တစ်ခုမှာ အသက်တွေ အများကြီး ဆုံးရှုံးခဲ့ပါတယ်။ ဒီမုန်တိုင်းကြီး ကြောင့်ပဲ ရခိုင်ပြည်နယ်က ဖွံ့ဖြိုးမှုတွေမှာ နောက်ကျနေခဲ့တယ်လို့ ပြောလို့လည်း ရပါတယ်။ အခုတော့ ကျွန်တော်တို့ရွာသားတွေမှာ ဗဟုသုတတွေပို လာပြီ။ ဘယ်လိုကြိုတင် ပြင်ဆင်ရမလဲ ဆိုတာ သိလာကြပါပြီ။

ဒီရွာရဲ့ဟိုဘက်ပိုင်းမှာတော့ မုန်တိုင်းခိုအဆောက်အဦတစ်ခု ဆောက်နေကြပါပြီ။ ဒီရွာမှာတော့ မုန်တိုင်းခို အဆောက်အဦမရှိလည်း ဘာမှမဖြစ်ဘူး၊ သူတို့ စီစဉ်နိုင်မှာပါ။

၁၉၆၈ ခုနှစ်တုန်းကလေ ဒီရွာမှာ ရေဒီယို ၁လုံး ပဲ ရှိတယ်၊ အဲဒီတော့ သတင်းအချက်အလက် အတွက် အရမ်းခက်ခဲ့တာပေါ့။ အခုတော့ ရွာမှာ ရေဒီယိုတွေ အများကြီး ရှိနေပါပြီ။ တချို့ရွာသား တွေက သတိလက်လွတ်နေနေတုန်းပါပဲ၊ ဒါပေမယ့် လူအများကတော့ ရေဒီယို နားထောင်နေကြ ပါပြီ။ အရင်ကဆို သူတို့ရေဒီယို နားထောင်ပေမယ့် သိပ်နားမလည်ဘူးဗျ။ အခုတော့ ရေဒီယို ကကြေငြာတဲ့ မုန်တိုင်းသတင်းတွေကို သူတို့ ရှင်းရှင်းလင်းလင်း နားလည်နေကြပါပြီ။

ထူးခြားမှု အရှိဆုံး အပြောင်းအလဲ

အခုလေ ကျွန်တော်တို့ ကျေးရွာ လူထုရဲ့ စိတ်သဘောအမြင် ပြောင်းလဲလာပြီဗျာ။ ဥပမာ- ရွာသားတွေက အချင်းချင်းရော၊ ပြင်ပ အဖွဲ့အစည်းတွေနဲ့လည်း အတူတူ အလုပ်လုပ်လို လာကြပြီ။ ရွာသားတွေမှာ နားလည် မှုတွေ ရှိလာပြီ။ သူတို့ကို ပါဝင်ဖို့ရော၊ အစည်းအဝေးတွေ တက်ရောက်ဖို့ရော ကျွန်တော်ခေါ်ရတာပိုလွယ်လာပြီ။ အရင်ကဆိုရင် အဲလိုမဟုတ်ဘူးလေ။

အခုဆိုရင် ရွာသားအများစုကပါဝင်ဖို့အဆင်သင့် ဖြစ်နေကြပြီ။ သူတို့က ဆာရာအဖွဲ့ ဝန်ထမ်းတွေနဲ့ အလုပ်လုပ်ဖို့လည်း ပျော်နေကြပြီဗျ။ သဘာဝဘေးအန္တရာယ် သိမြင်ကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့လည်း အများကြီး ပြောင်းလဲ ပါတယ်။ ရွာသား အများစုက ရေဒီယိုကနေ သတိပေး သတင်းတွေ ရနေကြပါပြီ။ ကျွန်တော်လည်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံးကနေ သတိပေးသတင်းတွေ ရနေပါပြီ။ မုန်တိုင်း သတိပေး အရောင်တွေ ဘယ်လောက်ပဲ သိသိ အဲဒါက မုန်တိုင်း အဆင့်ကိုပဲ သိနိုင်တယ်လေ။ အဲဒါအပြင် မုန်တိုင်းရဲ့ ရွေ့လျားရာ လမ်းကြောင်း၊ ပြင်းထန်မှု တွေကိုလည်း သိဖို့ လိုပါသေးတယ်။

ဘယ်ကမ်းရိုးတန်းဒေသကို ဦးတည်ရွေ့လျားမှာလဲ ဆိုတာလည်း သိဖို့လိုပါတယ်။ အကယ်၍ ဧရာဝတီကမ်းရိုးတန်းကို ဦးတည်တယ်ဆိုရင် ကျွန်တော်တို့ဘက်က သိပ်စိတ်ပူစရာမလိုဘူးပေါ့။ အကယ်၍ များ မုန်တိုင်းက ရခိုင်ကမ်းရိုးတန်းကို ဦးတည်ပြီးလာမယ်ဆိုရင်တော့ ကျွန်တော်တို့ အစီအစဉ်တွေ ပြင်ဆင်ဖို့လိုပြီပေါ့။ အသက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေကိုအရင်နေရာ ရွှေ့ပေးရမယ်။ အဲလိုလုပ်ခြင်းအားဖြင့် လူတွေရဲ့အသက်ကို ကယ်နိုင်တယ်။ ဒါ့ကြောင့် မုန်တိုင်းဟာ ကျွန်တော်တို့ဆီလာမလာ ကြိုသိဖို့ ခန့်မှန်းနိုင်ဖို့လည်း လိုအပ်ပါတယ်။
ဆာရာ စီမံကိန်းမတိုင်မီကဆိုရင် ဆိုင်ကလုန်းမုန်တိုင်းတွေလာတိုင်း အန္တရာယ်တွေပုံမှန် ကြုံတွေ့ ရပါတယ်။ ကျွန်တော်တို့ရဲ့ စပါးစိုက်ခင်း၊ လယ်ယာတွေ ကျွန်တော်တို့ မကာကွယ်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ ထွက်ပဲပြေးသွားခဲ့ရလို့ အရေးကြီးတဲ့စာရွက်စာတမ်းတွေလည်း မပြင်ဆင်နိုင်ခဲ့ ပါဘူး။
၁၉၆၈ခုမုန်တိုင်းမှာ ဒီမှာရှိတဲ့အိမ်အများစု ပြိုကျခဲ့တယ်။ ပြိုကျတဲ့အိမ်တွေထဲကလူတွေ သေကြ တယ်။ တခြားလူတွေလည်း အိမ်ပိပြီး သေကြတယ်။

အခုတော့ ရွာသူရွာသားတွေက ဘယ်လိုပြင်ဆင်ရမလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိနေကြ ပါပြီ။ မွေးမြူထား တဲ့ တိရစ္ဆာန်တွေကို ဘယ်လို ရွှေ့သိမ်းကြမလဲ၊ အစားအစာတွေကို ဘယ်လို ရွှေ့ကြ သိမ်းကြမလဲ။ ဘုန်းကြီးကျောင်းကို ဘယ်လိုကယ်ဆယ်ရွှေ့ပြောင်းကြမလဲ။ ဒီလို ဗဟုသုတတွေနဲ့ ကျွန်တော်တို့ အရာအားလုံးကိုတော့ မကာကွယ်နိုင်ပေမယ့် ဆုံးရှုံးမှုတွေနဲ့ ထိခိုက်ဒဏ်ရာ ရတာတွေကိုတော့ လျော့ချနိုင်ပါတယ်။ အဲဒါကြောင့်လည်း ကျေးရွာလူထုရဲ့ စိတ်သဘောအမြင်ပြောင်းလဲ ကောင်းမွန်လာခြင်းက အရေးအကြီးဆုံးပါပဲ။

ပိုကောင်းလာအောင် အကြံပေးချက်။

ဆာရာ ဝန်ထမ်းတွေရွာကို အနည်းဆုံးပုံမှန် ၂လတစ်ခါတော့ လာစေချင်ပါတယ်။ ဆာရာ ဝန်ထမ်း တွေကရွာသား တွေကို အကြိမ်ရေများများပို့ပြီး သင်ကြားပေးနိုင်ရင်၊ လေ့ကျင့်ပေးနိုင်ရင် အကောင်းဆုံးပါပဲ။ ဒီနှစ်တော့ ပြီးခဲ့တဲ့ဂလအတွင်း ရွာကိုဆာရာဝန်ထမ်းတွေ ၄ကြိမ် ရောက်ခဲ့ ပါတယ်။

## အလေ့အကျင့်ကောင်း ၁။
## ဒီရေတော၏ အမျိုးမျိုးသော ကောင်းကျိုးများ။

ရခိုင်ပြည်နယ်တွင် ဒီရေတောစိုက်ပျိုးခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ်လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေခြင်း တို့အတွက် အလေ့အကျင့်ကောင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဒီရေတောများသည် များစွာသော အကျိုးကျေးဇူးများအားဖြစ်ပေါ်စေသကဲ့သို့ ဒေသခံလူထုတို့ကလည်း ဒီရေတောများကို အောက်တွင် ဖော်ပြထားသော အကျိုးကျေးဇူးများအား အသိအမှတ်ပြု ပြောကြားကြပါသည်- (က)ဒီရေတောများသည် မြစ်ကမ်းပါးရံများ၊ ပင်လယ်ကမ်းပါးများအား ရေတိုက်စားခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ (ခ) ငါး၊ပုစွန်၊ ခရုနှင့် ရေနေသတ္တဝါ တို့ပေါက်ပွားရာနေရများကို ဖြစ်ပေါ်စေသောကြောင့် ငါး၊ပုစွန်၊ခရုနှင့် ရေနေသတ္တဝါတို့ ပေါများလာစေပါသည်။ (ဂ) လေကောင်း လေသန့် ကိုလည်းပေးစွမ်းပါသည်။

အခြားသော အကျိုးကျေးဇူးများမှာလည်း ရှိပါသေးသည်။

- ရရေထဲမှ ဆားငန်ဓာတ်ကိုစစ်ထုတ်လျှော့ချပေးနိုင်ပါသည် - အထူးသဖြင့် နွေရာသီမှာ ရေငွေ့ပျံ တာကြောင့် ရေထဲမှာဆားငန်ဓာတ်တွေမြင့်တက်လာတတ်ပါတယ်။ ဒီရေတောရဲ့ အမြစ်များသည် ဆားဓာတ်များမြေကြီးထဲကိုစိမ့်ဝင်ခြင်းမှ ပမာဏအချို့ကိုလျှော့ချပေးနိုင် ခြင်းဖြင့် မြေကြီးတွင်းမှ ရေအရင်းအမြစ်များ ဆက်လက် အသုံးပြုနိုင်ရန်ကာကွယ် ကူညီပေးပါ တယ်။
- လေထုမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူနိုင်သည် - ဒီရေတောများသည် အခြားသော သစ်ပင်များထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ၂ဆပိုမိုစုပ်ယူနိုင်ပါသည်။

## သင်ခန်းစာများ

၂၀၁၃ ခုနှစ်၊ ဒီရေတောများကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အတွက် သင့်လျော်ရာပုံစံများဖြင့် စတင်စိုက်ပျိုးခဲ့ချိန်မှ စ၍ အမျိုးမျိုးသောသင်ခန်းစာများကို ရရှိခဲ့ရပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

➔ တစ်ပင်နှင့် တစ်ပင်ကြားတွင် သင့်လျော်သော အကွာအဝေးခြားထားခြင်းဖြင့် ကြားနေသဘာဝ ပေါက်ပင်လေးများအား ထင်းအဖြစ်အသုံးပြုနိုင်သည်။
ဒီရေတောများကို တစ်ပင်နှင့်တစ်ပင် ဖြေအကွာမျိုးစေ့ချစိုက်ပျိုးထားခြင်းအားဖြင့် ဒီရေတော ပင်များကြားတွင်သဘာဝပေါက်ပင်လေးများ နေရာယူလာနိုင်ကြသည်။ ထိုသဘာဝပင်လေးများကို ဒေသခံလူထုတို့က ထင်းအဖြစ်အသုံးပြုစရာခုတ်ထွင်အသုံးပြုနိုင် ကြပါသည်။

➔ သင့်လျော်သော ဒီရေတောပင်များမျိုးစိတ်များကို ရွေးချယ်စိုက်ပျိုးခြင်း။
စိုက်ပျိုးမည့် ဒေသ၏ ပထဝီအနေအထားသဘာဝနှင့် အသင့်လျော်ဆုံးသော မျိုးစိတ်များကို သတ်မှတ်ရွေးချယ် စိုက်ပျိုးခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ စီမံကိန်းတွင် မျိုးစိတ် ၂ခုကို ရွေးချယ်စိုက်ပျိုးထားပါသည်။ ပြာပင်၊ ပြားတောဟုဒေသခံတို့ခေါ်ကြသော မြေလျှောက်ပြန့်ပွား သော Avicennia marina နှင့် ဗျူးဟုဒေသခံတို့ခေါ်ဝေါ်ကြသော အမြင့်တက်ပေါက်ရောက်သည့် Rhizophora stylosa တို့ပင်ဖြစ်ပါသည်။ ဤဒေသအတွက် ပိုသင့်လျော်သော အပင်မှာ Avicennia marina (Pyar Ben/Taw) ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် Rhizophora stylosa (Byu) သည် သစ် အဖြစ်ခုတ်ယူရန် ပိုသင့် လျော်သောကြောင့် အများအားဖြင့် ဖျက်ဆီးခြင်းခံရတတ်သည်။



ဒီရေတော ပင်ပေါက်လေးများအား တိရစ္ဆာန်နှင့် စက်တပ်လှေတို့ရန်မှ ကာကွယ်နိုင်ရန် ဝါးနှင့် သံနန်းကြိုးတွဲလျက် ခြံခတ်တားခြင်းသည် အကုန်ကျ အသက်သာဆုံးသော အဖြေဖြစ်ပါတယ်

PHOTO: SAMADHI MARR, BANYANEER

➔ ဒီရေတောများကို ရွာများအနီးနားတွင်မျိုးစေ့ချမစိုက်ပျိုးခင် ပျိုးပင်များအဖြစ်ပြုစုခြင်းခြင်း ကိုလည်း အောင်မြင်စွာ အခြေချ ပြုစုတည်ထောင်ခဲ့ပါသည်။

➔ ဒီရေတောများကို အမြဲရှင်သန်စေနိုင်ရန် ပထမ၄နှစ်တွင် ကောင်းမွန်စွာ ခြံခတ်ကာကွယ်ထားခြင်း အားဖြင့်လည်း ပြုစုစိုက်ပျိုးနိုင်ပါသည်။
လုံလောက်သော ကာကွယ်စောင့်ရှောက်မှုမရှိလျှင် ဒီရေတော အပင်ငယ်လေးများသည် ကျွဲ၊နွား၊ လှူ၊ လှေကပ်ခြင်းစသည် ပျက်စီးနိုင်သောအကြောင်းအရာများကြောင့် သေကြေပျက်စီး သွား နိုင် သည်။ ကျွဲ၊နွား များက အပင်ငယ်များကိုစားသောက်ကြသည်။ စက်တပ်လှေများကလည်း အင်ဂျင်စက်များဖွင့်၍ အပင်ငယ်တို့ပေါ်မှ ဖြတ်မောင်းတတ်ကြသည်။ အရွယ်ငယ်သော အပင် ငယ်ကာလတွင် ပျက်စီးသွားပါက လွယ်လွယ်ကူကူ ပြန်ရှင်သန်ရန် ခက်ခဲသည်။ ထိခိုက်မခံနိုင်သော အပင်ငယ် ၄နှစ်သားအရွယ်အထိ အကာအကွယ်ပေးနိုင်သော ခြံစည်းရိုးများကို လိုအပ်ပါသည်။

➔ ဒီရေတောများကို ကာကွယ်ခြင်းဆိုသည်မှာ ဖြောင့်မတ်လွယ်ကူလွန်းသောလမ်းတော့ မဟုတ်ပါ။ ဝါးများနှင့် ကာရန်မည်ဆိုပါက ငွေကြေးသက်သာခြင်း၊ ဆားငန်ရေဒဏ်ခံနိုင်ခြင်းများ ရှိသော် လည်း ကျွဲ၊နွားတို့၏ အန္တရာယ်မှ မကာကွယ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွဲ၊နွားများသည် ဝါးနံရံကို အလွယ်တကူ တွန်းထိုးနိုင်သောကြောင့်ဖြစ်သည်။

➔ သံဆူးကြိုးများသည် ကျွဲ၊နွားများ ဘေးရန်မှကာကွယ်နိုင်သော်လည်း ဆားငန်ဒဏ်ကိုတော့ မခံနိုင်သော အကာအကွယ် ပစ္စည်းဖြစ်ပြန်သည်။ သံဆူးကြိုးများသည် အလွယ်တကူ သံချေးတက်ပြီး ဆားငန်ရေတွင် ပျက်စီးလွယ်သည်။ ဆာရာအဖွဲ့သည် စီမံကိန်းတလျောက် မျိုးစုံ သောနည်းလမ်းတို့ဖြင့် ခြံခတ်ခြင်းတို့ကို ကြိုးစား စီမံခဲ့ကြပါသည်။ သံဆူးကြိုးသည် ဇလသာ ဆားငန်ရေတွင် ခံနိုင်ရည်ရှိပြီး သံချေးတက်ကာ ပျက်ကြကုန်သည်။ တဖန် ဝါးနံရံချည်း သက်သက်ကလည်း တိရစ္ဆာန်တို့ရန်က မကာကွယ်နိုင်ပါ။

➔ ကုန်ကျစရိတ်သက်သာပြီး အကောင်းဆုံးသော အဖြေမှာ ဝါးနှင့် သံဆူးကြိုးရောထားသော အကာအကွယ်ဖြစ်သည်။ (အောက်ပါဓာတ်ပုံကိုကြည့်ပါ)
ခြံစည်းရိုးကို မှန်မှန် ကြည့်ရှုထိန်းသိမ်းဖို့လိုပါသည်။ ထို့ကြောင့် ကော်မတီတွင် ဒီရေတောများ စတင်စိုက်ပျိုးသည် နှင့် တပြိုင်နက် ခြံစည်းရိုးထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း စတင် ဆွေးနွေးထားဖို့လိုပါသည်။

➔ ဒေသခံလူထု၏ အာရုံစိုက်စိတ်ဝင်စားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတို့ကို ရရှိဖို့ ဒီရေတောများကို အပြည့်ကာရန်ခြင်းများ မပြုလုပ်ပါ။ ဆာရာအဖွဲ့သည် ဒေသခံလူထုက အမှန်တကယ်စိတ်ဝင်စားပါဝင်မှုရှိလာစေရန်ရည်ရွယ်၍ ဒီရေတောများကို အပြည့်အဝခြံခတ်ခြင်းများ မပြုလုပ်ပါ။ ကွင်းဆင်းသော ဝန်ထမ်းများသည် ကျေးရွာလူထုတို့အမှန်တကယ် ပါဝင်တာဝန်ယူလာစေရန် အထူးဂရုစိုက် အလေးထားကြသည်။ သို့မဟုတ်လျှင် ကျေးရွာလူထုသည် ဒီရေတောများကို စိတ်ဝင်စားစွာ တာဝန်ယူဂရုစိုက်တော့မည် မဟုတ်ပါ။ ဒီရေတောများကို စိုက်ပျိုးစ ကပင်အပြည့်အဝ ခြံစည်းရိုးခတ်ပေးထားလျှင် ဒေသခံကျေးရွာလူထုသည် ပါဝင်ဂရုစိုက်တော့မည် မဟုတ်ကြောင်း အဖွဲ့ဝန်ထမ်းများက အခိုင်အမာ ပြောကြသည်။ အမှန်တကယ် ဒီရေတောအတွက် အကြီးမားဆုံးသော ကာကွယ်မှုမှာလည်း ဒေသလူထု၏ စိတ်ဝင်စားခြင်း၊ ပါဝင်ဂရုစိုက်ကာကွယ်ခြင်းပင်ဖြစ်သည်။

ဒီရေတောများ အခိုင်အမာ ကာကွယ်မှုရရန် လူထုတစ်ရပ်လုံးကို အသိပညာပေးရန် လိုအပ်သည်။ အချိန်ယူရသော ကာလဖြစ်သည်။ ဆာရာ၏ ကွင်းဆင်းဝန်ထမ်းများ၏ သုံးသပ်ချက်များအရ ကျေးရွာလူထုက ဒီရေတော၏ အရေးပါ ပုံကို သိရှိနားလည်စေရန်ပြုလုပ်ရခြင်းမှာ 'အပြောလွယ်ပြီး၊ အလုပ်ခက်သော' အလုပ်ဖြစ်သည်။ ဒေသလူထု၏ဆင်းရဲမှုက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာ ပေးခြင်းနှင့် သိရှိ နားလည်ခြင်းများတွင် အတားအဆီးဖြစ်နေသည်။ ရေရှည်တွင် ပြောင်းလဲ နားလည်၍ အသိပညာ ရှိစေရန် အချိန်၊ သံယံဇာတ အရင်းအမြစ်များနှင့် ကြံ့ခိုင်မှုတို့ မရှိမဖြစ်လိုအပ်သည်။

➔ ကျေးရွာလူထုအား ဒီရေတောစိုက်ပျိုးခြင်းအား ချိန်ဆခွင့်၊ စီမံဆောင်ရွက်ခွင့် ပေးသည်။

တချို့သောကျေးရွာလူထုက အကယ်၍ ရွာသူရွာသားများက ဒီရေတောဧရိယာများ ကာကွယ် ရေးကို မလိုက်နာခဲ့လျှင် (သို့မဟုတ်) ဒီရေတောများအား ဖျက်ဆီးခဲ့လျှင် တစုံတရာ အပြစ်ပေးရန် စီစဉ်ကြသည်။ ဒီရေတောများကို ခုတ်လျှင်၊ မိမိတို့ပိုင်သော ကျွဲ၊နွားတို့က ဒီရေတောများကို စားသောက်လျှင် စက်တပ်လှေများ ဒီရေတောပေါ်တွင် ဖြတ်မောင်းလျှင် တချို့က ဒဏ်ငွေပေးရန် (သို့မဟုတ်) အပြစ်ဒဏ်ပေးရန် ဆုံးဖြတ်လိုကြသည်။ ဆာရာအဖွဲ့က အဆိုပါ အပြစ်ဒဏ်များ (သို့မဟုတ်)ဒဏ်ငွေများဆုံးဖြတ်မှုတွင် ပါဝင်ခြင်းမရှိဘဲ သက်ဆိုင်ရာ ဒေသကျေးရွာအလိုက် ကျေးရွာလူထုအား ချိန်ဆစီမံခွင့် ပေးထားပါသည်။

'တချို့ကျေးရွာလူထုကပြောကြတယ်။ ဒီရေတောသစ်ပင်တစ်ပင်ခုတ်လျှင် အပင်၁၀၀ ပြန်စိုက်ပေးသင့်တယ်။ ဒဏ်ငွေတောင်းခံခြင်းမှာ မကောင်းပါဘူး။ အဲဒီအရာတွေမှာတော့ ရွာသားအချင်းချင်းပဲ ဆုံးဖြတ်တာကောင်းပါတယ်။ ဆာရာဝန်ထမ်းတွေကတော့ သစ်တောဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်သော သင်တန်းများကိုပေးပါတယ်။ သစ်တောဥပဒေအရဆိုရင် တစ်စုံတစ်ယောက်သောသူက သစ်ပင်တွေခုတ်ခဲ့လျှင် နိုင်ငံတော်အစိုးရ (သို့မဟုတ်) လူထုက သူ့အား ဒဏ်ငွေဆောင်ရန် သတ်မှတ်အပြစ်ပေးနိုင်ပါတယ်။'

အမျိုးသမီးများ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရဲယိုးပြင်ရွာ မှ တင်ပြပါသည်။

➔ လူနေများသော အရပ်တွင် ရှင်သန်ခြင်း ၅၀%ရှိပါလျှင် အောင်မြင်သော ဒီရေတောဟု သတ်မှတ် သည်။

ကျေးရွာနေလူထုတို့အား သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်နိုင်ရန် ဒီရေတောများ ကို လူနေများသော အရပ်တို့နှင့် နီးကပ်စွာစိုက်ပျိုးလေ့ရှိပါသည်။ မည်သို့ပင်ဖြစ်စေ လူတို့အနေများ သော အရပ်နှင့် နီးကပ်စွာစိုက်ပျိုးခြင်းသည် ဒီရေတောများ ရှင်သန်ခြင်းကို ခြိမ်းခြောက်နိုင် သလို ပင်ဖြစ်ပါသည်။ စီမံကိန်း၏ လေ့လာတွေ့ရှိချက်များအရ ဒီရေတောပေါက်စ များအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုများမှာ လူတို့မွေးမြူရေးလုပ်ထားသော ကျွဲ၊ နွား၊ဝက်များ ဖြစ်ပါ သည်။

ကျေးရွာနေလူထုတို့သည် မွေးမြူရေးလုပ်ရန် လိုအပ်ပါသည်။ မွေးမြူရေးလုပ်ငန်းများကို ထိန်းသိမ်းရန်၊ လျှော့ချစေရန်မှာ မဖြစ်သင့်ပါ။ လူနေများသော ဒေသနှင့် ဝေးသော အရပ်တွင် စိုက်ပျိုးထားသော ဒီရေတောများသည် သဘာဝအရ ရှင်သန်နိုင်သော ရာခိုင်နှုန်းပိုများပြီး၊ သဘာဝပတ်ဝန်းကျင်ကိုထိမ်းသိန်းနိုင်ပါသော်လည်း ကျေးရွာနေလူထုအား တူညီသော ကာကွယ်မှု မျိုးမပေးနိုင်ပါ။ အဆိုပါ အချက်များကို ထည့်သွင်းစဉ်းစားမျှော်လင့်လျက် လူနေများသောအရပ် တွင် စိုက်ပျိုးမည့် ဒီရေတောများအတွက် ကြိုတင် အစီအစဉ်များ ပြင်ဆင်ထားရှိသင့်ပါသည်။

## ဆန်းသစ်ပြောင်းလဲမှုများ

ဆာရာအဖွဲ့က ကျေးတောပိုက်ဆိပ်ကျေးရွာ၊ စစ်တွေမြို့တွင် ဒီရေတောပျိုးပင်ပြုစုပျိုးထောင်ခြင်း များကို အစပြုတည်ထောင်ခဲ့ပါသည်။ (အောက်ပါဓာတ်ပုံကိုကြည့်ပါ)။

ဒေသခံလူထုက ပျိုးပင်များကို ကြည့်ရှုစောင့်ရှောက်ကြသည်။ ပင်လယ်ကမ်းနားသင့်လျော်သော သဘာဝပတ်ဝန်းကျင်အရပ်တွင် ခြံများခတ်လျက် အစိမ်းရောင် အမိုးအကာအောက်တွင် သေချာ စွာ ပြုစုပျိုးထောင်ကြပါသည်။ ဆာရာကလည်း ပြန်လည် အသုံးပြုသည်။ အခြားကျေးရွာများ အတွက် လိုအပ်ပါက ကျေးတောပိုက်ဆိပ်မှ ပျိုးပင်များကို ဆာရာက ပြန်ဝယ်သည်။ ထိုကဲ့သို့ပင် သက်ဆိုင်ရာ ကျေးရွာအတွက်လည်း ဝင်ငွေရလုပ်ငန်းဖြစ်လာပြီး အခြားသော စီမံကိန်းဧရိယာများ အတွက်လည်း ဒီရေတောပျိုးပင်များ အဆင်သင့်ရနိုင်ရန် ရှင်သန်နိုင်အောင်ပြုစုပြီးသား ဖြစ်ပြန် ပါသည်။

ဆာရာအဖွဲ့က အခြားသောရွာများအတွက် ပြန်လည်အသုံးမပြုခဲ့ပြန်လျှင်လည်း အချည်းအနှီး မဖြစ်ပါဘဲ မိမိတို့ရွာဧရိယာအတွင်း အခြားလိုအပ်သောနေရာများတွင် ပျော်ရွှင်စွာ စိုက်ပျိုး သွားမည် ဟု ကျေးတောပိုက်ဆိပ်ကျေးရွာ ဒေသခံ လူထုက ဆိုပါသည်။

'ကျွန်တော်တို့ ပျိုးပင်ပြုစုစိုက်ပျိုးခြင်းကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလမှာ စပြီး ပြုလုပ်ခဲ့ပါ တယ်။ အခြားသူတွေလည်း လာဝယ်လို့ရပါတယ်။ ကျွန်တော်တို့ကျေးရွာလူထုနှင့် တိုင်ပင်ပြီး မှစပြီး အကောင်အထည်ဖော်တာပါ။ ကျွန်တော်တို့ရွာက နှစ်တိုင်းသဘာဝဘေး အန္တရာယ် တွေ နဲ့ရင်ဆိုင် ရတော့ ကျွန်တော်တို့ရွာအတွက် ဒီရေတောက အရမ်းအရေးကြီးတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ က ပျိုးပင်တွေပြုစုပျိုးထောင်ထားတာပါ။ ကျွန်တော်တို့စိုက်တဲ့ ဒီရေတောမှာ တချို့ အပင်တွေ သေသွားခဲ့လျှင် ကျွန်တော်တို့က အပင်လေးတွေ အစားထိုးပြန်ထည့်ပါတယ်။ ကျွန်တော်တို့ဆီမှာ ပျိုးပင်ပျိုးပြီးသားရှိတယ်ဆိုတော့ ကျွန်တော်တို့ရွာတဝက်ကို ကျွန်တော်တို့ ကာကွယ်လို့ရနေပြီ။ ထပ်ချဲ့ပြီးကာလို့လည်းရတယ်။ တခြားရွာတွေကလာဝယ်လျှင်လည်း ကျွန်တော်တို့ ရောင်းပေးဖို့ စီစဉ်ထားပါတယ်။ အခုတော့ ပျိုးပင်တွေကစပြီးပြုစုကာစ ဆိုတော့ မရောင်းရသေးဘူး'

ကျေးတောပိုက်ဆိပ်ကျေးရွာ၊ စစ်တွေမြို့နယ်၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှု မှတင်ပြပါသည်။



# ဒီရေတောများ၊ ဒေါ်ဝေစံချော

ဒေါ်ဝေစံချော (၃၀နှစ်)သင်္ဂနက်ကျေးရွာ မြေပုံမြို့နယ်။ မိဘများ၊ခင်ပွန်းသည်နှင့် အမ တစ်ယောက်နှင့် အတူနေသည်။ ရေလုပ်ငန်းဖြင့် အသက်မွေးသည်။

PHOTO: CERA

ဆာရာအဖွဲ့ ရွာစရောက်ကတည်းက ကျွန်မပါဝင်ခဲ့တာပါ။ ကျွန်မပါဝင်ခဲ့တယ်ဘာလို့လဲဆိုတော့ ကျွန်မက ရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်တာတွေကို လုပ်ရတာနှစ်သက်ပါတယ်။ ကျွန်မက ကြိုတင် အသိပေးကော်မတီဝင် ပါ။ ကျွန်မက သဘာဝဘေးအန္တရာယ် အခြေအနေများအတွက် ရွာသားတွေ ကို အသိပေး သတိပေးနှိုးဆော်ဖို့ လိုပါတယ်။ မုန်တိုင်းအဆင့် အဝါရောင်ဖြစ်ကတည်းက မုန်တိုင်း အင်အားနှင့် ဦးတည်ရာအလိုက် အရောင်သတ်မှတ်ခြင်းရဲ့တခြားအရောင်တွေ အဆင့်တွေ ပြောင်းလဲခြင်းအတွက်သိရအောင် တခြားလူတွေကိုလည်း ပြန်ပြောပြရအောင် ကျွန်မရေဒီယို တချိန်လုံးနားထောင်ပါတယ်။ ကျွန်မက ဆာရာရဲ့သင်တန်းတွေ၊ အစည်းအဝေးတွေအတွက် လည်း လူစုပေးပါတယ်။

ဆာရာအဖွဲ့က အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့မလုပ်နိုင်တာကို သူတို့ လုပ်နိုင် လို့ပါပဲ။ ဥပမာ- သူတို့က ဘိလပ်မြေနဲ့ ရွာလမ်းကို ခင်းနိုင်ပါတယ်။ သူတို့က ဒီရေတော ကိုလည်း အစပြုနိုင်ခဲ့ပါတယ်။ သူတို့က ကြိုတင်အသိပေး သင်တန်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း၊ ရှေးဦးသူနာပြုသင်တန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သင်တန်း နှင့် မီးသတ်သင်တန်း တို့ကိုလည်း စီစဉ်သင်ကြားပေးနိုင်ပါတယ်။ အဲဒါတွေက ကျွန်မတို့ရွာအတွက် အရမ်းအရေးကြီး ပါတယ်။ ကျွန်မတို့အတွက်လည်း ဆာရာရဲ့ လုပ်ငန်း ဆောင်တာတွေက တန်ဖိုးကြီးပါတယ်။

## အပြောင်းအလဲများ

အရင်တုန်းက ကျွန်မတို့ရွာမှာ ဒီရေတောတွေမရှိပါဘူး။ ဒီရေတက်ရင် ရွာကို တိုက်ရိုက်ဝင်တာမို့ လွယ်လွယ်ကူကူပဲ ရေကြီးရေလျှံဖြစ်ပါတယ်။ ဒီရေတိုက်စားပြီး ကျွန်မတို့ရွာရဲ့မြေ ပေ၂၀၊ ၂၅ပေ လောက်လည်းရေထဲ ပါသွားပါပြီ။ အခုတော့ ကျွန်မတို့မှာဒီရေတော ရှိနေပါပြီ။ ဒီရေတောက ကျွန်မတို့မြေတွေလည်း ရေတိုက်စား ခြင်းမှ ကာကွယ်နေပါပြီ။ ကျွန်မတို့ရွာလေးက စိမ်းစိမ်းစိုစိုနဲ့ အရင်ကထက်ပိုပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်လာပါပြီ။ ဧည့်သည်တွေရော တခြားရွာကလူတွေကပါ ကျွန်မတို့ရွာကို ဒီရေတောကြောင့် အားကျနေကြပါပြီ။ အခုဆို ကျွန်မတို့က သစ်ပင်တွေရဲ့အကျိုးကို ပိုသိပြီး သစ်ပင်တွေ အရမ်းမခုတ်ကြတော့ပါဘူး။

ရွာလမ်းက ကျွန်မတို့ရဲ့နေ့စဉ်ဘဝမှာ အရမ်းအရေးပါပါတယ်။ အရင်တုန်းကဆိုရင် ကျောင်းသား ကျောင်းသူ တွေ နေ့စဉ်ကျောင်းသွားတက်တဲ့အခါ ဗွက်တွေ၊ ရေတွေနဲ့ ရေတွေကြီးနေ တော့ သွားရခက်ခဲလွန်းပါတယ်။ အဲတုန်းက ကျွန်မတို့ရွာမှာ ရွာလမ်းမရှိသေးပါဘူး။ အခုတော့ ရွာဘိလပ်မြေ လမ်းကနေ ကျောင်းကိုပဲဖြစ်ဖြစ်၊ ရွာဘုန်းကြီးကျောင်းကိုပဲဖြစ်ဖြစ် ကောင်းကောင်းမွန်မွန် သွားလို့ ရပါပြီ။ အခုတော့ နေ့တိုင်း ရွာလမ်းကလေးနဲ့ သက်တောင့်သက်သာ သွားလာနေရပါပြီ။

ဆာရာအဖွဲ့ကြောင့် ရွာသားတွေကပိုပြီး အပြုသဘောဆောင်လာကြတယ်။ အကောင်းတွေးတတ် လာကြတယ်။ အရင်တုန်းကဆိုရင် အစည်းအဝေးတွေ၊ သင်တန်းတွေလုပ်ဖို့လူစုရတာ အရမ်းခက် ပါတယ်။ ရွာသားတွေက ပျင်းကြတယ်။ ပြီးတော့အဲဒါတွေကသူတို့အတွက် အရေးမကြီးဘူးလို့ ခံစားကြတယ်။ အခုတော့ ရွာသားတွေအားလုံးက ဆာရာအဖွဲ့ကို ပိုအားထားလာကြပြီး ဆာရာရဲ့ လုပ်ငန်းဆောင်တာတွေမှာ ပျော်ပျော်ပါးပါးပါ ဝင်လာကြပါပြီ။ ကော်မတီဝင်တွေရော ရွာသားတွေ ပါရေဒီယိုကနေကြေငြာတဲ့ မိုးလေဝသ သတင်းကို ကောင်းကောင်းနားထောင်တတ်နေကြပါပြီ။ ရွာသားတွေ အားလုံး ဆာရာကိုယုံကြည်ကြတယ်။

## ထူးခြားမှုအရှိဆုံးအပြောင်းအလဲ

ထူးခြားမှုအရှိဆုံးအပြောင်းအလဲကတော့ ကျွန်မအတွက်ဆိုရင် ဒီရေတောစိုက်ပျိုးတာပါ။ ဆာရာ မတိုင်မီကဆို ဒီရေတောလည်း မရှိဘူးလေ။ မြစ် ချောင်းတွေမှာ ငါးရှာရတာပိုခက်ပါတယ်။ အခုတော့ ဒီရေတောတွေကြောင့် မြစ်၊ ချောင်းတွေမှာ ငါးတွေအများကြီးရှိလာပါပြီ။ ကျွန်မတို့ အရင်ကထက် ငါးရှာရတာ ပိုလွယ်လာပါပြီ။

ရွာသားတွေကလည်း ဒီရေတောစိုက်ပျိုးရေးကိုပိုပြီး စိတ်ဝင်စားလာကြပါပြီ။ ဒီရေတော ရဲ့ တည်နေရာအရ အရှေ့တောင်ဘက်ကလာတဲ့လေကိုလည်းကာနိုင်လာပြီ။ ကျွန်မတို့ အရင်ကဆို ကမ်းပါးကို ရေတိုက်စားလို့ ရွာရဲ့လှေဆိပ်ကို နှစ်တိုင်းပြင်ရပါတယ်။ အခုတော့ ဒီရေတောက ဒီရေ တွေ မြေကိုတိုက်စားတာကနေ ကားထားပါပြီ။

ကျွန်မတို့ ရွာနီးချင်း ငါးခူချောင်းရွာက ကျွန်မတို့လို ဒီရေတောကို လိုက်စိုက်ပါတယ်။ ကျွန်မတို့ အဲဒါကို အရမ်းဂုဏ်ယူတာပဲ။

အဲဒါထက်မက ငါးတွေ၊ ပုစွန်တွေကလည်း ဒီရေတောထဲမှာ ပေါက်ဖွားလာကြတယ်။ ကျွန်မအရမ်း ပျော်ပါတယ်။ အခုတော့ ကျွန်မတို့မှာ သစ်ပင်ခုတ်တာကိုတားမြစ်ဖို့အတွက် တိကျတဲ့ တင်းကျပ်တဲ့ စည်းကမ်းထားဖို့ လိုလာပါပြီ။ မလိုက်နာရင် အပြစ်ပေးဖို့လည်း လိုလာပါပြီ လို့ထင်ပါတယ်။
ကျွန်မအတွက်တော့ ကျွန်မ တို့ရွာမှာ ဒီရေတော အမြဲရှိစေချင်ပါတယ်။

## ထူးခြားမှုအရှိဆုံးအပြောင်းအလဲ

ထူးခြားမှုအရှိဆုံးအပြောင်းအလဲကတော့ ကျွန်မအတွက်ဆိုရင် ဒီရေတောစိုက်ပျိုးတာပါ။ ဆာရာ မတိုင်မီကဆို ဒီရေတောလည်း မရှိဘူးလေ။ မြစ် ချောင်းတွေမှာ ငါးရှာရတာပိုခက်ပါတယ်။ အခုတော့ ဒီရေတောတွေကြောင့် မြစ်၊ ချောင်းတွေမှာ ငါးတွေအများကြီးရှိလာပါပြီ။ ကျွန်မတို့ အရင်ကထက် ငါးရှာရတာ ပိုလွယ်လာပါပြီ။

ရွာသားတွေကလည်း ဒီရေတောစိုက်ပျိုးရေးကိုပိုပြီး စိတ်ဝင်စားလာကြပါပြီ။ ဒီရေတော ရဲ့ တည်နေရာအရ အရှေ့တောင်ဘက်ကလာတဲ့ လေကိုလည်းကာနိုင်လာပြီ။ ကျွန်မတို့ အရင်ကဆို ကမ်းပါးကို ရေတိုက်စားလို့ ရွာရဲ့လှေဆိပ်ကို နှစ်တိုင်းပြင်ရပါတယ်။ အခုတော့ ဒီရေတောက ဒီရေ တွေ မြေကိုတိုက်စားတာကနေ ကားထားပါပြီ။

ကျွန်မတို့ ရွာနီးချင်း ငါးခူချောင်းရွာက ကျွန်မတို့လို ဒီရေတောကို လိုက်စိုက်ပါတယ်။ ကျွန်မတို့ အဲဒါကို အရမ်းဂုဏ်ယူတာပဲ။

အဲဒါထက်မက ငါးတွေ၊ ပုစွန်တွေကလည်း ဒီရေတောထဲမှာ ပေါက်ဖွားလာကြတယ်။ ကျွန်မအရမ်း ပျော်ပါတယ်။ အခုတော့ ကျွန်မတို့မှာ သစ်ပင်ခုတ်တာကိုတားမြစ်ဖို့အတွက် တိကျတဲ့ တင်းကျပ်တဲ့ စည်းကမ်းထားဖို့ လိုလာပါပြီ။ မလိုက်နာရင် အပြစ်ပေးဖို့လည်း လိုလာပါပြီလို့ထင်ပါတယ်။ ကျွန်မ အတွက်တော့ ကျွန်မ တို့ရွာမှာ ဒီရေတော အမြဲရှိစေချင်ပါတယ်။

## အခက်အခဲများ (စိန်ခေါ်မှုများ)

အစပိုင်းမှာ လူတွေကို သင်တန်းတွေ အစည်းအဝေးတွေအတွက် လူစုရတာ တကယ်ခက်ခဲခဲ့ပါ တယ်။ လူတွေက အစည်းအဝေးတွေ သင်တန်းတွေကို တက်ဖို့ဆန္ဒမရှိကြဘူး။ နောက်မှ သူတို့ကို ခေါ်ပါလို့ ပြောကြတယ်။ ဒီသင်တန်းတွေ အစည်းအဝေးတွေရဲ့ ရလာဒ်တွေကို မြင်ပြီးတဲ့ အချိန်မှာ တော့ သူတို့လည်း ပျော်ပျော်ပါးပါးပါဝင်ကြပါပြီ။

## ပိုကောင်းလာအောင် အကြံပေးချက်။

ကျွန်မတို့ရွာကို ပိုပြီး လာစေချင်ပါတယ်။ ကျွန်မတို့က အရမ်းမမှတ်မိနိုင်လို့ ကျွန်မတို့ သင်တန်းက ပေးတဲ့ သင်ခန်းစာတွေ ဗဟုသုတတွေကို မမှတ်မိတော့မှာ စိုးရိမ်ပါတယ်။

## အလေ့အကျင့်ကောင်းများ ၂
## အချိန်ပေးခြင်းနှင့် ယုံကြည်မှု - အောင်မြင်မှုများ၏ အခြေခံများ

သွားရောက်လေ့လာကြည့်ရှုခဲ့ပါသော ကျေးရွာများအားလုံးနီးပါးက ဆာရာအဖွဲ့၏လိုက်လျော ညီထွေရှိမှုများ အထူးသဖြင့် အချိန်နှင့်ပတ်သက်၍ ဒေသခံတို့အဆင်ပြေမှုရှိစေရန် လိုက်လျော မှုများ ကို ပြောပြကြသည်။ အခြေခံအားဖြင့် ဒေသခံလူထု၏ အဆင်ပြေဆုံးသော အချိန်၊ ကာလ တို့အား လိုက်လျောရန်အထူးလိုအပ်သော်လည်း တချို့သောစီမံကိန်းများကလက်တွေ့တွင် အချိန်ပေးလိုက်လျောမှု ရှားပါးကြပါသည်။ ဆာရာက ဒေသခံကျေးရွာလူထု၏ အဆင်ပြေသော အချိန်များတွင်သာ ကော်မတီအစည်းအဝေများပြုလုပ်ခြင်းကို ရွာသူရွာသားများကအင်မတန် သဘောကျကြသည်။ ‘ သူတို့နေ့လည်စာ လွတ်ချင်လွတ်ပါစေ ကျွန်မတို့အဆင်ပြေမယ့်အချိန်ကိုပဲ စောင့်ပြီး အစည်းအဝေးတွေ၊ သင်တန်း တွေ လုပ်ကြတယ် ’ ဟု ဒေသခံတို့က ဆိုကြသည်။ ဆာရာအဖွဲ့၏ လိုက်လျောညီထွေရှိမှုများ၊ ရွာသူရွာသားများဒေသခံများအား သက်တောင့်သက်သာ ဖြစ်စေသောအပြုအမူများသည် ရခိုင်ပြည်နယ်တွင် ဆာရာအဖွဲ့ပြင်ပ၌ရရန်ခဲယဉ်းသော ဒေသခံများ မှ လေးစားမှု၊ ယုံကြည်မှု များကို ရရှိဖြစ်ပေါ်စေပြန်ပါသည်။

ရခိုင်ပြည်နယ် ဒေသပုံစံအရလိုက်လျောညီထွေရှိသော အချိန်ဇယား၊ သက်တောင့်သက်သာ ဖြစ်စေသော အပြုအမူများနှင့် ဒေသခံလူထုတို့၏စိတ်အစဉ်အတိုင်း လှုပ်ရှားတတ်မှုများသည် စီမံကိန်းကို အောင်မြင်စေနိုင်သော အဓိကသော့ချက် လည်းဖြစ်ပါသည်။

‘အခြားသော အဖွဲ့အစည်းတွေနဲ့နှိုင်းယှဉ်လျှင် ဆာရာအဖွဲ့က အကောင်းဆုံးပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က ဒေသခံတွေကို လေးစားမှုရှိတယ်။ ကျွန်တော်တို့ကို အရမ်းလေးစားမှုပြတာပဲ။ သူတို့နဲ့ ကျွန်တော်တို့ တွဲလုပ်လာတာ ကြာပြီ၊ အရင်မာတေဆာ အဖွဲ့ကတည်းကတွဲလုပ်လာတာ။ ကျွန်တော်တို့အချင်းချင်း မိသားစုလိုဖြစ်နေပါပြီ။ သူတို့က ကျွန်တော်တို့အလုပ်လုပ်ချိန်တွေကို နားလည်ပေးတယ်။ ကျွန်တော်တို့ကို အရင်အကြောင်းကြားတယ်။ ကျွန်တော်တို့ အဆင်ပြေမယ့် အချိန်ကိုမေးတယ်။ သူတို့လာမယ်လို့ပဲ အကြောင်းကြားတာမဟုတ်ဘဲ ကျွန်တော်တို့ အဆင်ပြေမယ့် အချိန်ကို မေးပြီးမှ လာမယ်လို့အကြောင်းကြားတာဖြစ်တယ်။

သူတို့နေ့လည်စာလွတ်ချင်လည်း လွတ်ပါစေ။ သူတို့လာကြတယ်။ သူတို့က ရာသီဥတု၊ အချိန် နာရီ အစရှိတဲ့ စီမံခန့်ခွဲမှုတွေမှာ ရွာလူထုနဲ့ အရမ်းကို လိုက်လျောညီထွေရှိကြပါတယ်။ အခြားအဖွဲ့ တွေက သူတို့ လာမယ်ဆိုတာပဲ အကြောင်းကြားအသိပေးတာဖြစ်တယ်။ သူတို့လာမယ်။ သူတို့ဘာတွေ ထောက်ပံ့မယ်။ ဘာတွေလုပ်မယ် ဟုပြောပြီးလာကြ၊ လုပ်ကြတော့တာပဲ။ ဆာရာကတော့ အဲလိုမလုပ်ဘူး။ဆာရာက ကျွန်တော်တို့နဲ့အမြဲ လိုက်လျောညီထွေရှိတယ်ဗျ။ ’

ကျေးတောရွာမ၊ စစ်တွေမြို့ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုမှ ကောက်နှုတ်တင်ပြသည်။

## အချိန်နှင့် အမျှ

ရခိုင်ပြည်နယ်မှ လူထုသည် စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးပွင့်လင်းစွာ၊ ယုံကြည်စွာ ပါဝင် ဆောင်ရွက်နိုင်ရန် အချိန်ပိုလိုအပ်ပါသည်။ ရခိုင်ပြည်နယ်တွင် စီမံကိန်းများ စီစဉ်ရေးဆွဲလျှင် ထိုအချက် ကို သတိပြုစေနိုင်ရန် ထည့်သွင်းဖော်ပြလိုပါသည်။ အဖွဲ့အစည်းများသည် ရခိုင် ပြည်နယ်တွင် စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ အချိန်တိုတိုနှင့် နေရာများများတွင် အကောင်အထည် ဖော်မည့်အစား လူထုနှင့်ကောင်းစွာ အဆက်အသွယ်ပြုနိုင်ရန်၊ ခိုင်မာသော ဆက်ဆံမှုများ ရစေရန် စီစဉ်ဆောင်ရွက်ရန်လိုပါသည်။

ကျေးရွာလူထုက ရေရှည်ဆက်ဆံရေးကို အလေးပေးတန်ဖိုးထားကြသည်။ အချိန်များများ ရင်းနှီး ခြင်းသည်လည်း အကျိုးတူသော ရလာဒ်ကိုပေးလေ့ရှိသည်။ ထို့အပြင် အစည်းအဝေးများမှစ၍ နေ့စဉ်နေ့တိုင်း ချိန်းဆိုမှုများအားလုံးကို အချိန်ပေး ဆက်ဆံခြင်းသည်လည်း ဒေသခံလူထု၏ လေးစားမှုကို ရစေနိုင်သော နည်းလမ်းလည်း ဖြစ်သည်။ ထို့ကြောင့် အဖွဲ့အစည်းများသည် အချိန် ဇယားများကို မလောစေဘဲ ဒေသခံလူထု၏အဆင်ပြေဆုံးအချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးသင့် ပါသည်။

## အလေ့အကျင့်ကောင်းများ ၃။
## မြင်နိုင်သော ထောက်ပံ့ပစ္စည်းများနှင့် မမြင်နိုင်သော အသိပညာများ

အများစုသောဒေသခံလူထုတို့က မြင်နိုင်သော ဆောက်လုပ်ရေး ထောက်ပံ့ပစ္စည်းများနှင့် အရံ အတားပစ္စည်းများဖြစ်သည့် ရွာလမ်းများ၊ ဆိပ်ခံတံတားများ၊ မြစ်ကမ်းပါးထိန်းနံရံများကိုသာ အကြောင်းအမျိုးမျိုးကြောင့် အထူးခြားဆုံးသော အပြောင်းအလဲများ အဖြစ်ရည်ညွှန်း ဖော်ပြကြလေ့ ရှိသည်။

ရွာများသည် အဆိုပါ အစပြု မြင်နိုင်သော ဆောက်လုပ်ရေးထောက်ပံ့ပစ္စည်းများနှင့် အရံအတား ပစ္စည်းများကိုသူတို့၏ နေ့စဉ်သုံး ပစ္စည်းများအဖြစ်ဖြင့် မြင့်မားစွာတန်ဖိုးထား ပြောဆိုကြလေ့ ရှိကြသည်။ [7] ဒေသခံလူထုက ထိတွေ့စမ်းသပ်နိုင်သော၊ အသုံးဝင်သော၊ တန်ဖိုးကြီးသော ထောက်ပံ့ရေးနှင့်အရံအတားပစ္စည်းများကို သူတို့ကျေးရွာအတွင်း မြင်ရခြင်းကလည်း ဆာရာ အဖွဲ့၏ ကတိကဝတ် ခိုင်မာမှု ကိုပြသခြင်းပင်ဖြစ်ပါသည်ဟုပြောဆိုကြသည်။ အခြေအနေ အရပ်ရပ်ကြောင့် ပြင်ပအဖွဲ့အစည်း များအားမယုံကြည်မှုများ၊ သံသယများ များပြားလှသော ရခိုင်ပြည်နယ်အတွင်း ယုံကြည်ခြင်း ရယူရန်နှင့် ယုံကြည်ခြင်းခိုင်မြဲမှုကို ဖြောင့်တန်းလွယ်ကူစွာ ရယူရန်မှာ မဖြစ်နိုင်ပါ။

ယုံကြည်မှုတည်ဆောက်ပြီးလျှင်လည်း ဆာရာသည် ကတိကဝတ်များကို အကောင်အထည်ဖော် ခဲ့သည်အလျောက် ကျေးရွာဒေသခံလူထုတို့က ဆာရာစီမံကိန်း၏ သင်တန်းများ၊ လုပ်ငန်းဆောင် တာ များနှင့် အသိပညာဗဟုသုတများကို ပျော်ရွှင်စွာပါဝင် လက်ခံရယူကြသည်။ အချက်အလက် များနှင့် ဖြစ်ရပ်ဆန်သော သက်သေများအရ ရွာလမ်းများ၊ ဆိပ်ခံတံတားများဆောက်လုပ် ပြီးစီးချိန်တွင် ဆာရာ၏သင်တန်းများ၊ အစည်းအဝေးများတွင် ကျေးရွာလူထု၏ ပါဝင်မှုများက သိသာစွာတိုးတက်လာခဲ့ပါသည်။

ရှုပ်ထွေးမှုများ၊ အဓိကရုဏ်းများဖြစ်ပေါ်ခဲ့သော အဆိုပါ ဒေသ၏သဘောထားအမြင်များ၊ သံသယများ၊ မယုံကြည်နိုင်မှုများ စသည်တို့နှင့် လွှမ်းမိုးနေသော ဒေသခံလူထုနှင့် ပြင်ပအဖွဲ့အစည်းတို့ အလုပ်လုပ်ကြသောအခါ ယုံကြည်မှုများ၊ ကတိကဝတ်များကို သရုပ်ပြသနိုင်ရန် ထိတွေ့စမ်းသပ် နိုင်သော အကျိုးကျေးဇူးများကို စောစီးစွာ ပြင်ဆင် ပေးခြင်းကလည်း ယုံကြည်မှုကောင်းကျိုးဖြစ်စေပါသည်။

## သင်ခန်းစာများ

ဦးတည်ဒေသခံလူထုတို့ သဘောကျတန်ဖိုးထားကြသော အသေးစား အကာအရံများဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများသည် အခြေခံလိုအပ်မှုကွက်လပ်များကိုဖြည့်ဆီးပေးနိုင်သော်လည်း သွားရောက်လည်ပတ်လေ့လာခဲ့သောကျေးရွာများတွင် သောက်ရေများ၊ သန့်ရှင်းသော အိမ်သာ များနှင့် ကျောင်းပညာရေးများ၊ ကျန်းမာရေးနှင့်ဆိုင်သော ဝန်ဆောင်မှုများ၊ အဆောက်အဦများ စသော တခြားသော လိုအပ်မှုများ ရှိနေပါသေးသည်။

စီမံကိန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျော့ချရေးနှင့် ဘေးအန္တရာယ်များ အားတားဆီးရန် ပြင်ဆင်ရည်ရွယ်ထားသော်လည်း အဆိုပါ ရည်ရွယ်ချက်ပြည့်မှီစေနိုင်ရန် ဒေသခံလူထု၏ခံနိုင်ရည် အဆင့်မြင့်မားရန် အတွက် ကျေးရွာများတွင် အခြေခံလိုအပ်ချက်များ ပြည့်စုံရန်လိုအပ်ပါသည်။ ဒေသခံလူထုက သဘာဝဘေးအန္တရာယ်အတွက် ပြင်ဆင်နိုင်ပါ သော်လည်း  သောက်သုံးရေကို မရနိုင်ပါက (သို့မဟုတ်) သန့်ရှင်းသော အိမ်သာများမရှိပါက လူထု၏သဘာဝဘေးဒဏ်ခံနိုင်စွမ်းမှာ အကန့်အသတ်များ ဖြစ်လာနိုင်ပါသည်။

ဥပမာ- ကလေးတစ်ယောက်သည် ကျောင်းသို့သွားရန် ကျောင်းအဆောက်အဦနှင့် အခြေခံ ပစ္စည်းများ မရှိခြင်း။ ကျန်းမာရေးဆိုင်ရာ အဆောက်အဦနှင့် ဝန်ဆောင်မှုမရှိခြင်း။ စသည်တို့ သည် ကျေးရွာလူထု၏ ပိုမိုခိုင်မာသောသဘာဝဘေးဒဏ်ခံနိုင်စွမ်းအားဆီသို့ သွားသော လမ်းတွင် ချိုင့်ခွက်များကဲ့သို့ အဟန့်အတား၊ အဆင်မပြေမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အခြေခံလိုအပ်ချက်များ ပြည့်ဝစေရန် ဒေသခံလူထုများသည် အခြားသော သင့်လျော်ရာ ဌာနများနှင့်လည်း ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ခြင်းများပြုလုပ်ရန် လိုအပ်ပါသည်။

‘နှစ်စဉ်နှစ်တိုင်းကျွန်မတို့ဆီမှာ ရေကြီးရေလျှံဖြစ်လေ့ရှိပါတယ်။ အိမ်ခြေအများစု ရေကြီးပြီး စပါးစိုက်တဲ့ လယ်တွေ၊ ကျောင်းတွေ၊ ရေကန်တွေလည်း ရေမြုပ်ပါတယ်။ အဲလိုရေကြီးပြီဆိုလျှင် ကျွန်မတို့ အိမ်သာသွားလို့မရတော့ဘူး။ ပုံမှန်အတိုင်းဆိုလျှင် ကျွန်မတို့ ကအိမ်အပြင်ဘက်မှာ အိမ်သာသွားပါတယ်။ မြေကြီးတွေအားလုံးရေကြီးနေတော့ ကျွန်မတို့ အိမ်သာဘယ်မှာ သွားရမလဲ’

ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရဲရိုးပြင်ရွာမှ ကောက်နှုတ်ဖော်ပြသည်။

‘ဒီနှစ်နွေရာသီမှာ အရမ်းခြောက်သွေ့တာပဲ။ ကျွန်တော်တို့ရွာမှာ သောက်ရေသောက်ဖို့မရှိဘူး။ သောက်ရေတွေက အရမ်းညစ်ပတ်လာတယ်။ ကျွန်တော်တို့ရွာ မှာ ဝမ်းတွေလျှောကြတော့တာပဲ ဗျာ။’

အဲဒါအရေးကြီးတဲ့ ကိစ္စပါ။ ကျွန်တော်တို့နှစ်တိုင်းနွေရာသီဆို ရင်ဆိုင်ကြရတယ်။ ကြီးတဲ့ ပြဿနာ ပါဗျာ။

တခါတရံ လူတွေကရေတွေလာလှူပါတယ်။ (ရေတွေက မသန့်ဘူးဗျ) ကျွန်တော်တို့မှာ အငြိမ်း တွင်းတူးလို့ မရဘူးလေ။ ဘယ်လောက်နက်အောင်တူးတူး ရေတွေကငန်နေတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရွာမှာ ကျောင်းနေကျောင်းသား ၅၀၀ ရှိပါတယ်။ ဒါပေမယ့် ကျောင်းအဆောက်အဦ ကတော့ ကျောင်းသား ၅၀စာပဲရှိပါတယ်။ အဲဒါကြောင့် ကျောင်းသားတွေက ဘုန်းကြီးကျောင်းမှာ စာသင်နေရတယ်လေ။’

ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊စပါးထရွာမှ ကောက်နှုတ်ဖော်ပြသည်။

7. လူထုတစ်ရပ်လုံးပါဝင်သဘောတူ ဆုံးဖြတ်ခြင်းနည်းလမ်းအရ အသေးစား အကာအရန် ဆောက်လုပ်ရေး တစ်ခုစီကို ပြုလုပ်ထောက်ပံ့ရန် ဆုံးဖြတ်ရွေးချယ်ခြင်း။



# အခြေခံစနစ်တိုးတက်လာခြင်း၊ ဦးဖေစံတင်

ဦးဖေစံတင် (၄၆နှစ်) မက္ကလာကြားကျေးရွာအုပ်ချုပ်ရေးမှူး၊ ပုဏ္ဏားကျွန်းမြို့နယ် ဇနီးသား၃ယောက်၊ သမီး၁ယောက်နှင့်အတူနေပြီး လယ်သမားကြီးလည်း ဖြစ်သည်။

PHOTO: SAMADHI MARR, BANYANEER

ဆာရာစီမံကိန်းမှာ ကျွန်တော်ပါဝင်ဖြစ်ခဲ့ပါတယ်။ ဆာရာရဲ့ဒီရေတောစိုက်ပျိုးခြင်း၊ အချို့သော ဆောက်လုပ်ရေးလုပ်ငန်းဆောင်တာတွေမှာ ကျွန်တော် ပါဝင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ် မကျရောက်မီ၊ ကျရောက်နေဆဲနှင့်ကျရောက်ပြီးအချိန်တွေမှာ ပြင်ဆင်ရမယ့်အရာတွေကို ပြင်ဆင်ရမယ့် သူတွေထဲမှာကျွန်တော်လည်း ပါပါ တယ်။

ကျွန်တော်က ဗဟိုကော်မတီမှာလည်း ဥက္ကဋ္ဌပါ။ ဆာရာစီမံကိန်း က၂၀၁၃-၂၀၁၄ခုနှစ် မှာစပါတယ်။ ဆာရာကဒေသခံ ပြည်တွင်းအဖွဲ့အစည်း ဖြစ်တယ်ဆိုတာရယ်၊ ကောင်းတဲ့အဖွဲ့ ဖြစ်တယ်ဆိုတာရယ် အစကတည်းက ကျွန်တော်သိပါတယ်။ ဆာရာအဖွဲ့က ရွာကိုရောက်တဲ့အချိန်တိုင်း ကျွန်တော်တို့ကို ထောက်ပံ့ကူညီပါတယ်။ အဲဒါကကောင်းတဲ့အချက်ပါ။

ကျွန်တော်တို့ ‘မာတေဆာ’၊ ‘ဆေ့သည်ချေးရမ်း’ အဖွဲ့တွေနဲ့လည်း အလုပ်တွဲလုပ် ခဲ့ဖူးပါတယ်။ ကျွန်တော့်အယူအဆအရ ဆိုရင်တော့ဆာရာက အကောင်းဆုံးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆာရာက ကျွန်တော်တို့ကို သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အသိပညာ တွေပေးသလို ရွာဖွံ့ဖြိုးရေးဆောက်လုပ်ရေးတွေမှာလည်း ထောက်ပံ့လုပ်ဆောင်ပေးပါ တယ်။

### ဒီစီမံကိန်းက အရေးကြီးပါသလား။

ဟုတ်ကဲ့။ အရေးပါပါတယ်။ ဆာရာက ဒေသလူထုနှင့် အလုပ်တွဲလုပ်တယ်။ သဘာဝဘေးအန္တရာယ် တွေ၊ ရာသီဥတုပြောင်းလဲမှုတွေကို ကြည့်မယ်ဆိုရင်အခုကာလတွေမှာ နှစ်တိုင်း သဘာဝဘေး အန္တရာယ်တွေ တွေ့ကြုံ နေရပါတယ်။ ဒီရာသီဥတု ပြောင်းလဲခြင်း တွေကိုလူထုတစ်ခုလုံး ရင်ဆိုင် နေကြရပါတယ်။ ဒါ့ကြောင့်လည်း ဒီလိုလုပ်ငန်းဆောင်တာတွေမှာ လူထုတစ်ခုလုံးကပါဝင် နေကြတာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရင်ဘာလုပ်ရမလဲဆိုတာ လူတိုင်းနားလည်သဘောပေါက် ကြဖို့ အရေးကြီးပါတယ်။ ရာသီဥတုကပြောင်းလဲနေပြီး၊ သစ်တောတွေကလည်း ပြုန်းတီးနေတာကြောင့် ဆိုင်ကလုန်းမုန်တိုင်းတွေနဲ့ ကျွန်တော်တို့ နှစ်တိုင်း ရင်ဆိုင်နေရပါတယ်။ အရင်တုန်းကလည်း ဆိုင်ကလုန်းမုန်တိုင်း တွေရှိခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ဒီလို ပြောင်းလဲမှုတွေကြောင့် မုန်တိုင်းကြိမ်ရေ ပိုများလာပါတယ်။ အဲဒါကြောင့်လည်း ဒီခေါင်းစဉ်အကြောင်းအရာကို လူတွေသိဖို့ ပိုလိုအပ် ပါတယ်။ ကျွန်တော်တို့ရွာက ပင်လယ်တို့၊ မြစ်တို့နဲ့လည်း နီးပါတယ်။ ကျွန်တော်တို့ရွာက မြေနိမ့် ဒေသဖြစ်နေလို့ ပိုပြီး အန္တရာယ်များပါတယ်။

### အပြောင်းအလဲများ။

စီမံကိန်းကာလအတွင်းမှာ ဆာရာအဖွဲ့က မြစ်ကမ်းပါးထိန်းနံရံဆောက်ပေးပြီး၊ ကျွန်တော်တို့ မြေကြီးတွေကို မြစ်ရေတိုက်စားမှုမှ ကာကွယ်ပေးပါတယ်။ အဲဒါကြောင့်လူထုက ဘေးကင်း လုံခြုံစွာနေနိုင်လာပါတယ်။ ဆာရာအဖွဲ့က ရွာသားတွေနဲ့တန်းတူလှုပ်ရှားတယ်၊ ဒီရေတောတွေ စိုက်တယ်။ အဲဒီဒီရေတောတွေကလည်း ကျွန်တော်တို့ရွာကို ကာကွယ်ပေးပါတယ်။ မြစ်ကမ်းပါး ထိန်းနံရံနှင့်ဒီရေတောတွေကြောင့် ကျွန်တော်တို့စပါးလယ်ယာတွေကိုလည်း ကာကွယ်နိုင်လာပါ တယ်။

ဒီရေတောတွေ မစိုက်ခင်က အဲဒီနားမှာ ငါးတွေရှင်လည်းမရှင်ဘူး၊ ငါးတွေ သားလည်းမပေါက်ဘူး။ ပြီးတော့ ပင်လယ်နဲ့ ကျွန်တော်တို့ စပါးလယ်ခင်းတွေကြား အတားအဆီးအကာအကွယ်လည်း မရှိဘူး။ ဆာရာစီမံကိန်း မစခင်ကလည်း ကျွန်တော်တို့မုန်တိုင်းတွေ၊ ရေကြီးတာတွေနဲ့ ကြုံတွေ့ နေကြပါ။ ကျွန်တော်တို့ရွာမှာ အကာ အကွယ်မရှိတော့ လှိုင်းတွေက စပါးလယ်ခင်းတွေဆီရော၊ ရွာထဲရောဝင်ပါတယ်။ ရွာက မလုံဘူး။အခု ကျွန်တော် ဒီရေတောတွေ့ရတော့ အရမ်းလည်း ကျေနပ်တယ်။ ပျော်လည်းပျော်တယ်။ ဒီရေတောတွေ ပိုကြီးလာရင်လည်း

# စီမံကိန်းတွင် ပါဝင်ကြသူများ





















ပင်လယ်လှိုင်းဒဏ်တွေ ကနေပြီးတော့ ကျွန်တော်တို့ကို ပိုကာကွယ်ပေးဦးမှာပါ။

ကျေးရွာလူထုရော ကျွန်တော်ရော အထူးသဖြင့် သဘာဝဘေးအန္တရာယ်အသိပညာနဲ့ပတ်သက်ပြီး ပြောင်းလဲလာကြတယ်။ အထူးသဖြင့် ကျွန်တော်တို့ အရေးကြီးတဲ့စာရွက်စာတမ်းတွေ၊ တန်ဖိုးကြီး ပစ္စည်းတွေ၊ လက်ဝတ်ရတနာတွေ ကိုသိမ်းထားသင့်တယ်။ သောက်သုံးရေ၊ အစာတွေကို ဘယ်လို ပြင်ဆင်ထားကြမလဲ၊ လိုအပ်တဲ့လူတွေကို ဘယ်လိုထောက်ပံ့ပေးကြမလဲ အဲဒါတွေလည်းသိလာ တယ်။

အခုဆိုရင် သဘာဝဘေးအန္တရာယ်မကျရောက်မီရော၊ ကျပြီးအချိန်ရော ကျွန်တော်တို့ပိုပြီး စုစည်းလာကြတယ်ထင်ပါ တယ်။ ရေဒီယိုကနေ မုန်တိုင်းသတင်းကြေငြာချက်ကြားတာပဲ ဖြစ်ဖြစ်၊ မြို့နယ်အုပ်ချုပ်ရေးရုံးကနေ သတင်းပေးတာပဲဖြစ်ဖြစ် ကြားသိတာနဲ့ ကျွန်တော်တို့ ကော်မတီဝင်တွေ စုစည်းကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းတွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ၊ ကလေးတွေဆီ သွားကြပါတယ်။ သူတို့ကိုဘေးကင်းရာ သတ်မှတ်အဆောက်အဦ (ဘုန်းကြီးကျောင်း) ဆီအရင်ဦးဆုံးပို့ပေးရမယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ သူတို့ကိုဘေးကင်းအောင် ဘယ်လမ်းကနေခေါ်သွားရမလဲဆိုတာလည်း ကျွန်တော် သိပါတယ်။ ဘယ်လမ်းက ဘေးကင်းတယ်၊ဘေးမကင်းဘူးဆိုတာလည်း သိပါတယ်။

ဒီလိုအစီအစဉ်တွေ ရွာလူထုတွေဆီမှာမရှိတုန်းကဆိုရင် မြို့နယ်အုပ်ချုပ်ရေးရုံးကပေးတဲ့သတင်း အချက် အလက်တွေပဲကျွန်တော်တို့ရပါတယ်။ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းရှိတယ်ဆိုတဲ့ သတင်းအချက်အလက် ပဲရပါတယ်။ အဲထက်ပို မတိကျခဲ့ဘူး။ ရွာကလူတွေ ဘယ်ကိုသွားသင့်သလဲ ဆိုတာလည်း မသိခဲ့ဘူး။ အခုတော့ ကျွန်တော်တို့ အကောင်းဆုံးရွှေ့ရမယ့်နေရာကို သိပြီ။ ၂၀၁၅ခုနှစ်၊ ကိုမန်မုန်တိုင်းတုန်းက ကျွန်တော်တို့ ကိုယ်တိုင် အဲဒါ တွေအားလုံးလုပ်နိုင်ခဲ့ပါတယ်။

## ကိုမန် ဆိုင်ကလုန်းတိုက်ခတ်ခြင်း ၂၀၁၅ ခုနှစ်။

ကိုမန်ဆိုင်ကလုန်းမလာခင်ကပဲ သတင်းရတဲ့အချိန်မှာ၊ ကျွန်တော်တို့ ဘာလုပ်ရမလဲ ဆိုတာသိပါတယ်။ ကျွန်တော်တို့လှေတွေ၊ စက်တပ်လှေတွေကိုကြိုးချည်ထားတယ်၊ ပြီးတော့ ငါးဖမ်းပိုက်တွေကို ဖယ်ထားတယ်။ အန္တရာယ်ဖြစ်စေနိုင်သော သစ်ကိုင်းတွေကိုရှင်းလင်းကြ တယ်။ ရွှေ့ပြောင်းရမယ့်အကောင်းဆုံးနေရာလည်း ရွေးကြတယ်။ ဓာတ်မီးတွေ သောက်ရေတွေ ပြင်ဆင်ထားကြတယ်။ ကြိုတင်သတိပေးအနေနဲ့ ကြိုတင်သတိပေးရေးကိုတစ်ရက် လုပ်ကြတယ်။

ကိုမန်မုန်တိုင်း မတိုက်မီ အသက်ကြီးတွေ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ မသန်စွမ်းတွေကို ကျွန်တော်တို့ အရင် ရွှေ့ပြောင်းကြတယ်။ အစားအစာတွေ ပြင်ဆင်ကြတယ်။ မုန်တိုင်းအချိန်တွင်း မှာလည်း ကျွန်တော်တို့ စာရင်းလုပ်ထားတယ်။ အကယ်၍ တစ်စုံတစ်ယောက် ပျောက်ဆုံးခဲ့ရင် လိုက်ရှာဖို့ပါ။ လူအများစု အထူးသဖြင့်ထိခိုက်လွယ်တဲ့အားနည်းတဲ့ လူတွေကတော့ ရွှေ့ပြောင်း ရမယ့် နေရာကို ရောက်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း တချို့ အသက်ကြီးတဲ့ လူကြီးတွေကသူတို့ အိမ်မှာပဲနေခဲ့ကြတယ်။ ကျွန်တော်တို့ အဖွဲ့က သူတို့ကိုအဲလိုနေတာ အန္တရာယ်ရှိကြောင်း၊ ရွှေ့ပြောင်းစုဝေးကြမယ့်နေရာကို လာခဲ့ဖို့ရှင်းပြခဲ့ပါတယ်။

မုန်တိုင်းပြီးသွားတော့ တစ်ရွာလုံးကိုရှင်းကြပါတယ်။ အိမ်ခေါင်မိုးတွေပေါ်က သစ်ပင်တွေ၊ သစ်ကိုင်းတွေ လည်း ရှင်းကြတယ်။ တစ်ရွာလုံးကတော့ ရေကြီးနေပါတယ်။ ကျွန်တော်တို့ကတော့ ရွှေ့ပြောင်းစုဝေးကြတဲ့နေရာမှာ ၃ရက်-၄ရက်လောက်နေခဲ့ကြရတယ်။ ကျွန်တော်တို့ ချည်ထားခဲ့တဲ့ လှေတွေကအဆင်ပြေတယ်။ တချို့ပဲ နည်းနည်းပဲ ပျက်စီးခဲ့တယ်။

## ထူးခြားမှုအရှိဆုံး အပြောင်းအလဲ။

တကယ်တော့ ကျွန်တော်က ဒီရွာဇာတိမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်၄၀ လောက်က ကျွန်တော် နေခဲ့တဲ့ရွာမှာ မြစ်ရေ၊ပင်လယ်လှိုင်း တိုက်စားလို့ ရွာမြေ ပေ၃၀၀ လောက်ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီကျွန်တော့်ဘဝရဲ့ အတွေ့ အကြုံအရ မြစ်ကမ်းထိန်းနံရံဆောက်တာဟာ ရွာရဲ့မြေတွေကို ကာကွယ်နိုင်တာကြောင့် ကျွန်တော့်အတွက် အထူးခြားဆုံး အပြောင်းအလဲ လို့ပြောချင်ပါတယ်။ ကျွန်တော်တို့တရွာလုံးကာမိအောင် ထပ်ဆောက်ဖို့ လိုပါသေးတယ်။ အခု ပေ၂ရ၀လောက်ပဲပြီးပါသေးတယ်။ စုစုပေါင်းပေ(၁၀၀၀)လောက်လိုတာဆိုတော့ ပေရ၃၀ လောက် ထပ်ဆောက်ဖို့ လိုပါသေးတယ်။

မြစ်ကမ်းပါးထိန်းနံရံက မြစ်ကမ်းပါးကို ကာကွယ်နိုင်သလို ရွာအတွင်းထဲကိုလည်း ရေကြီး ရေလျှံခြင်းမှ ကာကွယ်နိုင်ပါတယ်။ အဲဒါကတော့ မြစ်ကမ်းပါးထိန်းနံရံကြောင့် ပင်လယ် ဆားငံ တွေကရွာထဲက သောက်ရေတွင်းတွေထဲကို မဝင်ရောက်နိုင်တော့ဘူးလို့ ဆိုလိုတာလဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရေသန့်သန့်လည်း ရနိုင်သွားတာပေါ့။

အရင်ကဆိုရေတွင်းတွေထဲ မြစ်ရေတွေ လျှံဝင်တယ်လေ။ တခါတလေ ဒီရေတက်ရင်တောင် ရွာထဲကရေတွင်း တွေထဲ ဝင်ပါတယ်။ ဒါပေမယ့် အခု ဆာရာက မြစ်ကမ်းပါးထိန်းနံရံ ကိုကျောက်တွေ၊ ဘိလပ်မြေတွေနဲ့ ဆောက်လိုက် ပါပြီ။ အရင်တုန်းက ကျွန်တော်တို့ မြစ်ကမ်းပါးထိန်းနံရံကို ယာယီရွှံ့နဲ့ဆောက်တုန်းက နှစ်တိုင်းဆောက်ကြရတယ်။ ကျွန်တော်တို့ ငွေတွေ၊ လုပ်အားတွေနှစ်တိုင်း သုံးရတယ်။ အခုတော့ အခိုင်အမာ ဆောက်လိုက်နိုင်ပါပြီ။

## အပြောင်းအလဲများ။

ဆာရာက မြစ်ကမ်းပါးထိန်းနံရံဆောက်ဖို့ စတင်စီစဉ်တုန်းကကျွန်တော့်မှာ အခက်အခဲတွေ အများ ကြီးကြုံခဲ့ရတယ်။ အားလုံးကိုကာမိဖို့ ဘက်ဂျက်ငွေမလုံလောက်ပါဘူး။ ကျွန်တော်ရွာသား တွေကို စုပြီး ဆောက်လုပ်ဖို့ပစ္စည်းတွေ ကိုရွာသားတွေရဲ့ကိုယ်ပိုင်လှေနဲ့ကူညီပြီး သွားသယ်ပေးဖို့၊ ဆောက်လုပ်တဲ့ အခါမှာလည်း သူတို့လုပ်အားကူပြီး ဆောက်ပေးဖို့ စည်းဝေးပန်ကြားခဲ့ပါတယ်။

လူတွေစုပြီး ဆွေးနွေးတုန်းကဆိုရင်  ရွာသားတွေမှာလည်း သူတို့အလုပ်ကိစ္စနဲ့သူတို့၊ သူတို့စားဝတ် နေရေးနဲ့သူတို့ လည်းရှိတော့ သူတို့လည်းဝင်ငွေရှာဖို့လိုတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့်လည်း နောက်ဆုံးတော့ သူတို့ လာကူညီခဲ့ကြပါတယ်။ ရွာသားတွေကို သင်တန်းလာတက်ဖို့ ခေါ်ရတာလည်း နည်းနည်းတော့ခက်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ခက်ပါစေ ကျွန်တော့် တာဝန်ပဲမို့ကျွန်တော် လုပ်ခဲ့ပါတယ်။

## ပိုကောင်းလာအောင် အကြံပေးချက်

ပိုပြီးအောင်မြင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ပို စုစည်းကြရမယ်။ ဒါမှ တခြားအဖွဲ့အစည်းတွေ၊ တခြားအလှူရှင် တွေ လာတဲ့အခါ ကျွန်တော်တို့ ဖွဲ့စည်းပြီးသားဖြစ်မယ်။ အဆင်သင့်ဖြစ်မယ်လေ။



# စီမံကိန်းရဲ့ အလုံးစုံသော ထင်ဟပ်မှုများ | ဦးရွှေထွန်းသာ

ဦးရွှေထွန်းသာ (၄၆နှစ်) တဘက်လန်း ကျေးရွာအုပ်ချုပ်ရေးမှူး (ပုဏ္ဏားကျွန်းမြို့နယ်) ဖြစ်ပြီး လယ်သမားကြီးလည်းဖြစ်သည်။ စစ်တွေမြို့သို့ပုစွန်များတင်ပို့ရောင်းဝယ်သေးသည်။ ဇနီးသည်နှင့်အတူ သား၃ယောက်နှင့် အတူနေသည်။

PHOTO: SU MYAT YIN CHAW, BANYANEER

ကျွန်တော်က ကျေးရွာအုပ်ချုပ်ရေးမှူးပါ။ ဆရာက ၂၀၁၄မှာ ကျွန်တော်တို့ဆီစရောက်ပါတယ်။ ကျွန်တော်တို့ ရွာကို ဖွံ့ဖြိုးတိုးတက်စေဖို့ကူညီကြမယ့် လူတွေအားလုံးကိုကျွန်တော်ကြိုဆိုပါတယ်။ သူတို့ရဲ့လုပ်ငန်းဆောင်တာတွေ အဆင်ပြေအောင်ကျွန်တော် ကူညီတယ်။ ဆရာက ကော်မတီ ဖွဲ့ တာတွေလည်း ကျွန်တော် ကူဖွဲ့ပေးတယ်။

ဆရာက ကျွန်တော်တို့လူနေမှုဘဝအဆင့်အတန်းအတွက် လိုအပ်တဲ့ ဆောက်လုပ်ရေးတွေရော၊ ဗဟုသုတ အသိပညာတွေရော တိုးမြှင့်ပေးပါတယ်။ သူတို့ကိုသူတို့အမြဲတမ်းအနစ်နာခံပြီး ကျွန်တော်တို့အတွက် ဆောင်ရွက်ပေးပါတယ်။ သင်တန်းလာပေးရင် သင်တန်းတက်နေချိန်မှာ ဝင်ငွေမရှာနိုင်တဲ့ အတွက်သင်တန်း တက်တဲ့ရွာသားတွေကို ထမင်းစားရိတ်ပေးပါတယ်။

## အပြောင်းအလဲများ

ဆရာက ပေ၂၅၀ရှည်တဲ့ ရွာလမ်းဖောက်လုပ်ခြင်းနဲ့ စီမံကိန်းတွေကို အစပြုခဲ့ပါတယ်။ ကျွန်တော်တို့ သူတို့ နောက်လိုက်ပြီး သူတို့ဖောက်ပေးတဲ့လမ်းကို ဆက်တိုးဖောက်ခဲ့တယ်။ အခုဆို ကျွန်တော်တို့ရွာလမ်းက ပေ၉၅၀ အရှည်ရှိနေပါပြီ။ အခုကျွန်တော်တို့ရွာလမ်းက ရွာလှေဆိပ်ကနေ ဘုန်းကြီးကျောင်းအထိ ရှည်ပါတယ်။

သူတို့က ကော်မတီတွေဖွဲ့ပါတယ်။ သူတို့ကသင်တန်းတွေပေးပြီး ကျွန်တော်တို့ကို အသိပညာ ပေးပါတယ်။ အခုဆိုရင် ရွာသားတွေက သစ်ပင်ကို လွယ်လွယ်မခုတ်တော့ဘူး။ အဲဒီအစား ဒီရေတောတွေ စိုက်ကြတယ်။ ကျွန်တော်တို့ရွာက အခုဆိုရင် စိမ်းစိုလန်းဆန်း ငြိမ်းချမ်းနေပါပြီ။

ဆရာကကော်မတီဝင်တွေကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကိုဘယ်လို လျှော့ချရမလဲ ဆိုတာလေ့ကျင့်သင်ကြားပေးပါတယ်။ မုန်တိုင်းဒဏ်၊ ရေကြီးရေလျှံချိန်တွေမှာ ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျော့ကျအောင် စနစ်တကျနဲ့ ရှင်းရှင်းလင်းလင်းဘယ်လိုလုပ်ရမလဲ ဆိုတာတွေကိုပြောပြတာပါ။

ဆရာရဲ့သင်တန်းတွေ မတိုင်မီကဆို လူတွေက သဘာဝဘေးအန္တရာယ် အရေးပေါ်အချိန်တွေမှာ တစ်အိမ်စီ တစ်မိစားစုစီ ဥဒဟိုပြေးလွှားကြတယ်။ အခုတော့ ဆရာကဖွဲ့ပေးတဲ့ရွာရဲ့ ကော်မတီဝင်တွေက ထိခိုက် လွယ်တဲ့လူတွေကို ဦးစားပေးပြီး ဘေးအန္တရာယ်ကင်းရာကို ရွှေ့ပြောင်းပေး ကြပါတယ်။ ထိခိုက် လွယ်တဲ့လူတွေထဲမှာ ကိုယ်ဝန် ဆောင်အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ ပါဝင်ကြပါတယ်။ ရွာဘုန်းကြီးကျောင်းကို ကျွန်တော်တို့ရွာ အတွက် မုန်တိုင်းခို အဆောက်အဦအဖြစ် သတ်မှတ်ထားပါတယ်။ ထို့အပြင် တခြားမိသားစုဝင်တွေ ရွာသားတွေ အတွက် သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို သိမ်းဆည်းထုတ်ပိုးဖို့ အချိန်ပိုရသွားပါတယ်။ ကြိုတင် အသိပေး ကော်မတီဝင်တွေကလည်း ကြေငြာအော်လံနဲ့ရွာကိုပတ်ပြီး လိုက် သတိပေးပါတယ်။

## ထူးခြားမှုအရှိဆုံး အပြောင်းအလဲ

ကျွန်တော့်အမြင် ထူးခြားမှုအရှိဆုံးအပြောင်းအလဲကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လူနေမှု အဆင့်အတန်း တိုးတက်လာတာလို့ပြောချင်ပါတယ်။ အဲဒါကို ညွှန်းဆိုရတာကျွန်တော့်မှာ အကြောင်းပြချက် တွေရှိပါတယ်။

ဆရာကပေ၂၅၀ရှည်တဲ့ရွာလမ်းကိုစဖောက်ခဲ့ပါတယ်။ သူတို့လုပ်ပုံကိုင်ပုံကို လေ့လာသင်ယူပြီး ကျွန်တော်တို့ကရွာလမ်းကို ပေ၉၅၀အထိ တိုးချဲ့ဖောက်လုပ်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့မှာ သန့်ရှင်းတဲ့ ပိုပြီးလုံခြုံစိတ်ချရတဲ့ ရွာလမ်းလေးကရွာပတ်လည် ရှိနေပါပြီ။ သဘာဝဘေးအန္တရာယ် နှင့် အရေးပေါ် အချိန်တွေတိုင်းမှာ ကျွန်တော်တို့ အရင်ကထက်ပိုပြီးမြန်မြန် သွားနိုင်လာနိုင်ပါပြီ။

ရွာလမ်းက ကျွန်တော်တို့ရွာရဲ့ အကောင်းဆုံးပုံပြလေးပဲ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတိုင်း ကျောင်းကိုအရင်ကထက်ပိုပြီး မြန်မြန်ဆန်ဆန် အန္တရာယ်ကင်းကင်း၊ သန့်သန့်ရှင်းရှင်း သွားနိုင်ပါပြီ။ ရွာကလည်း ရွာလမ်းကြောင့် ရွံ့တွေကင်း၊ သပ်ရပ်သန့်ရှင်း အန္တရာယ်ကင်းနေပါပြီ။ ရွာသားတွေကလည်း အသိဉာဏ်တွေပိုလာကြပြီ။ လမ်းခင်းကြတဲ့ နေ့တိုင်း အလုပ်ခွင်ကနေ အချင်းချင်းဆွေးနွေး ကြတဲ့အကျင့်၊ အလုပ်အတူတူလုပ်ကြတဲ့အကျင့်တွေလည်း ရလာပါတယ်။ သင်တန်းတွေကနေလည်း ရွာသားတွေက အသိပညာ ဗဟုသုတတွေ ပိုလာရပါတယ်။

ကျွန်တော်တို့ရွာရဲ့ပညာရေးမှာ အရေးပါလာတဲ့ အကြောင်းလည်းပြောပြချင်ပါတယ်။ ကျွန်တော်တို့ ရွာရဲ့ကျောင်းက ၄တန်းအထိပဲရှိပါတယ်။ ၄တန်းရဲ့အထက်ကျောင်းသားကျောင်းသူတွေက နေ့တိုင်းမြစ်ကိုဖြတ်ပြီး တခြားရွာမှာ သွားပြီးကျောင်းတက်ရပါတယ်။

ကျွန်တော့်တစ်သက်ကျောင်းသား ကျောင်းကြိုလှေမှောက်တာ ၂ခါကြုံဖူးပါတယ်။ ကျောင်းသူ ကျောင်းသားအသေအပျောက်တော့ မရှိခဲ့ပေမယ့် အသက်အန္တရာယ်တော့ အတော်ကြီးပါတယ်။ အဲဒါကြောင့်အခုဆာရာကပေးတဲ့ အသက်ကယ်အင်္ကျီတွေကို ကျွန်တော် ကျောင်းပို့ကျောင်းကြိုလှေပေါ် တင်ထားပေးလိုက်တယ်။ ကျောင်းသားတွေက ဒီဘက်ရွာကနေ ဝတ်သွား တယ်။ ဟိုဘက်ကမ်းရောက်တော့ ပြန်ချွတ်ပြီး လှေပေါ်ပြန်တင်လိုက်ကြတယ်။ လှေစီးနေတဲ့အချိန်၊ မြစ်ကိုဖြတ်ကူး နေတဲ့ အချိန်မှာ ပိုပြီးအန္တရာယ်ကင်း စိတ်ချသွားရတာပေါ့ဗျာ။

နောက်၁ခုကတော့ ရှေးဦးသူနာပြုသင်တန်းပါပဲ။ ရွာမှာဖွဲ့ထားတဲ့ ရှေးဦးသူနာပြုကော်မတီကို ဆာရာအဖွဲ့က သင်တန်းပေးထားပါတယ်။ ကျွန်တော်တို့ရွာမှာ ဆရာဝန်မရှိပါဘူး။ ကျေးလက်ကျန်းမာရေးဌာနလည်းမရှိပါဘူး။ အခြေခံ ကျန်းမာရေးဝန်ထမ်းတွေလည်း မရှိပါဘူး။ အဲဒါကြောင့် ဆာရာကသင်တန်းပေးလေ့ကျင့်ထားတဲ့ ရှေးဦးသူနာပြု ကော်မတီက ကျွန်တော်တို့ရွာရဲ့ အသေးစားအခြေခံကျန်းမာရေး စောင့်ရှောက်မှုတွေ ပြုလုပ် လာနိုင်ပါတယ်။
ရှေးဦးသူနာပြု ကော်မတီရဲ့ ရှေးဦးသူနာပြုသေတ္တာထဲမှာပါတဲ့ ဆေးဝါးကိရိယာတွေကြောင့် သွေးတိုးလား၊ သွေးကျလား ကျွန်တော်တို့သွေးပေါင်တိုင်းလို့ရလာတယ်။ ရှေးဦးသူနာပြုကော်မတီဝင်တွေက ရေနစ်လို့သတိမေ့တဲ့လူတွေကိုလည်း ရင်ဘတ်ကို ဖိပေးပြီး သတိပြန်ရလာအောင်လုပ်နိုင်ပါတယ်။

## ကိုမန် မုန်တိုင်း

၂၀၁၅ခုနှစ်မှာ ကိုမန်မုန်တိုင်းတိုက်ခဲ့ပါတယ်။ မြစ်ကမ်းနားကအိမ်တွေအားလုံးနီးပါးပျက်စီး ခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးအရမ်းရွာပြီး တရွာလုံးလည်း ရေကြီးရေလျှံဖြစ်ပါတယ်။

ကြိုတင်အသိပေးပါတယ်။ ရွာဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးကော်မတီ၊ ရှေးဦးသူနာပြု ကော်မတီတွေကလည်း ကူညီကြပါတယ်။ အဲဒါတွေအားလုံးကြောင့် ကျွန်တော်တို့ ဘေးကင်း လုံခြုံခဲ့ပါတယ်။ မုန်တိုင်းပြီးတော့ ဆာရာအဖွဲ့က ရွာကိုရောက်လာပြီး ကျွန်တော်တို့ အတွက် စားစရာတွေ၊ အဝတ်အစားတွေ၊ ပလပ်စတစ်အခင်းတွေ၊ တာပေါ်လင်တွေ လာပေး ပါတယ်။ ဆာရာကပေးတဲ့ အဲဒီအချိန်ရဲ့ အဲဒီအကူအညီတွေကို ကျွန်တော်တို့ရင်ထဲကနေ အမြဲသတိရ နေမှာပါ.

နောက်ဆုံးမှပြောရပေမယ့်လည်း အရေးကြီးတဲ့ အကြောင်းရှိပါသေးတယ်။ အဲဒါကတော့ ဆာရာက ပေးတဲ့ မီးသတ်သင်တန်းအကြောင်းပါပဲ။ သင်တန်းပေးပြီး ရက်အနည်းငယ်အကြာမှာ ကျွန်တော်တို့ရွာထဲက အိမ်တလုံး မီးလောင်ပါတယ်။ မြင်တဲ့အတိုင်းဗျာ ကျွန်တော်တို့ရွာက အိမ်တွေကမီးလောင်လွယ်တဲ့ သစ်သား၊ ဝါး၊ အုန်းလက်၊ ဓနိ တွေနဲ့ ဆောက်ထားတာလေ။ ကျွန်တော်ရုတ်တရက် ပြာသွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ ဆာရာကဖွဲ့က သင်တန်း ပေးထားတဲ့ ကျွန်တော်တို့ရွာရဲ့မီးသတ်ကော်မတီဝင်တွေရောက်လာပြီး မီးကို စနစ်တကျ ငြိမ်းသတ် သွားခဲ့ပါတယ်။ ကျွန်တော့်ရွာကို မီးဘေးက ကယ်လိုက်တာဟာ ကျွန်တော့်ကို ကယ်လိုက်သလို ပါပဲဗျာ။

ကျွန်တော့်အတွက်တော့ ဆာရာက ကျေးရွာရဲ့လက်ထောက်အုပ်ချုပ်ရေးမှူးပါပဲ။ ကျွန်တော်က လည်း သူတို့ကို အရေးထားပါတယ်။ ဥပမာ-မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ကျွန်တော့်ကို အမိန့် တစ်ခုပေးတယ်ထားပါ။ အဲဒါက ဆာရာအဖွဲ့ရဲ့ ရက်ချိန်းနဲ့တိုက်နေရင် ကျွန်တော် မြို့နယ်ရုံးကို ခွင့်တင်လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ မြို့နယ်ရုံးကကျွန်တော့်ကို ညွှန်ကြားချက်တွေပဲ ပေးနိုင် တယ်လေ။ ဆာရာကတော့ ကျွန်တော့ကို လက်တွေ့ ကူညီနေပါတယ်။ ဒါ့ကြောင့် ကျွန်တော့် အတွက် ကတော့ဆာရာက ကျွန်တော့ရွာအတွက်ဆိုရင် ပို အရေးကြီးတယ် ထင်ပါတယ်



# လုံး၀ အဆင်သင့်ပဲ | မအုန်းခိုင်

ဆာရာက ကျေးရွာအစည်းအဝေးလုပ်တယ်။ သူတို့ကရှင်းပြတယ်။ သူတို့မှာကြိုတင်အသိပေး ကော်မတီအတွက် လူလိုတယ်လို့ပြောပါတယ် ။ ကျွန်မကို ကျေးရွာလူကြီးက ရွေးပေးလိုက်တယ်။ ကျွန်မက ဆာရာအဖွဲ့ အစည်းအဝေးတွေ သင်တန်းတွေ ရှိရင် ကူညီရပါတယ်။

မုန်တိုင်းသတင်း၊ ရေကြီးရေလျှံသတင်း ကြားတိုင်းကြားတိုင်း ကျွန်မအလုပ်ကတော့ ရေဒီယို နားထောင်ဖို့ပါပဲ။ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းရှိကြောင်း ကြားပြီဆိုရင် ကျွန်မတို့က လေဖိအားနည်းရပ်ဝန်းရဲ့အဆင့်ကို သေချာသိဖို့လိုပါတယ်။ ကျွန်မတို့ သိရပြီ ဆိုရင် ရွာကို အော်လံနဲ့လိုက်ကြေငြာပါတယ်။ အဝါရောင်သည် ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းရှိကြောင်း ပြသည်။ အကယ်၍ လိမ္မော်ရောင်ကို ပြောင်းသွားလျှင် မုန်တိုင်း လားရာသည် မြန်မာပြည်ကမ်းရိုးတန်းကို ဦးတည်နေကြောင်းပြသည်။ အနီရောင်ဆိုသည်မှာ လာမည့် ၁၂နာရီ အတွင်းမုန်တိုင်းကျရောက်မည်။ အညိုရောင်သည် မုန်တိုင်းအတွင်းဖြစ်ပြီး အစိမ်းရောင်မှာ မုန်တိုင်းကာလ ပြီးဆုံးခြင်းကို ဆိုလိုပါသည်။

ဆာရာက ကြိုတင်အသိပေးကော်မတီကို ရေဒီယိုတစ်လုံးစီ ပေးထားပါတယ်။ ဒါပေမယ့်အဲဒီ ရေဒီယိုကပျက်သွားပါပြီ။ အခုတော့ နားထောင်စရာရေဒီယိုမရှိတော့ပါဘူး။ ကျွန်မမှာ ဖုန်းတော့ ရှိပါတယ်။ ဒီလိုရာသီဥတုမှာတော့မုန်တိုင်းသတင်း၊ ရေကြီးရေလျှံသတင်းတွေ နားစွင့်နေဖို့မလို သေးပါဘူး။

ကျွန်မကကြိုတင်အသိပေးကော်မတီဝင်ပါ။ ကျွန်မမုန်တိုင်းကြိုလေ့ကျင့်ရေးမှာလည်း ပါဝင်ခဲ့ပါ တယ်။
ဒီလေ့ကျင့်မှုဟာ ကျွန်မအတွက်ပဲအရေးကြီးတာ မဟုတ်ပါဘူး။ တစ်ရွာလုံးအတွက် အရေးကြီး ပါတယ်။ သဘာဝဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်ရမလဲ။ ဘယ်လိုကြိုတင်ပြင် ဆင်ရမလဲ ဆိုတာတွေ သိဖို့အရေးကြီးပါတယ် ။ ကျွန်မ ကော်မတီအဖွဲ့ဝင်ဖြစ်တာ ၃နှစ်ရှိပါပြီ။

## အပြောင်းအလဲများ

သင်တန်းတွေ တက်ရတာနဲ့အမျှ ဗဟုသုတ၊ အသိပညာတွေ ပိုရလာပါတယ်။ ကျွန်မမုန်တိုင်းကြိုလေ့ကျင့်ခြင်းမှလည်း အများအပြား သင်ယူခွင့်ရခဲ့ပါတယ်။ ကြိုတင် အသိပေး ကိုဘယ်လိုသေချာလုပ်ရသလဲ ဆိုတာ၊ ဘယ်လိုပြင်ဆင်ရသလဲ ဆိုတာသေချာ လက်တွေ့သိသွား ခဲ့ရတယ်။

မုန်တိုင်းကြိုလေ့ကျင့်ခြင်းအတွင်း ကျွန်မသင်ယူရခဲ့သမျှတွေမှာ - မုန်တိုင်းသတင်းကို ရေဒီယို မှလည်းကောင်း၊ အာဏာပိုင်များမှလည်းကောင်းကြားသိရလျှင် ချက်ချင်း ကျွန်မတို့ကျေးရွာ စီမံအုပ်ချုပ်သူများ၊ ကျေးရွာခေါင်းဆောင်များနှင့် အတူရွာသူရွာသားများ အစည်းအဝေး ကျင်းပရန် လိုသည်။

ကျွန်မတို့ တရွာလုံးကို သတင်းအချက်အလက်တွေဖြန့်ဝေပေးဖို့၊ ရွာသူရွာသားတွေကို ဘေးကင်းရာ
ရွှေ့ပေးဖို့၊ ဆွံ့အ နားမကြားတဲ့ ရွာသားတွေကို ဘယ်လိုနှိုးဆော်ရမလဲဆိုတဲ့ အသေးစိတ်တွေက အစ အစီအစဉ်ဆွဲကြရပါတယ်။

## မုန်တိုင်းအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးကို ကူညီခြင်း

ကျွန်မရဲ့ကိုယ်ပိုင် အတွေ့အကြုံတစ်ခုပြောပြပါမယ်။ အဲဒါ မုန်တိုင်းကြိုလေ့ကျင့်ခန်းမှာဖြစ်တာ မဟုတ်ပါဘူး။ တကယ့်ကို ရေကြီးရေလျှံဖြစ်နေတဲ့ မုန်တိုင်းအတွင်းမှာဖြစ်ခဲ့တာပါ။

မောင်အုန်းခိုင် (၃၂နှစ်) ရဲယိုးပြင်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် သားတစ်ယောက် သမီး တစ်ယောက်နှင့် အတူနေသည်။ ငါးလုပ်ငန်းလုပ်သော ခင်ပွန်းသည်သည် ဆိုင်ကလုန်းမုန်တိုင်း တွင် ကွယ်လွန်ခဲ့သည်။

PHOTO: SAMADHI MARR, BANYANEER

အဲဒီအချိန်မှာ ကျွန်မတို့ရွာမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ရှိပါတယ်။ မုန်တိုင်း အချိန်မှာ သူကမွေးခါနီး ဖွားခါနီး အချိန်ဖြစ်နေပါတယ်။ အဲဒီအချိန် အရပ်လက်သည်တွေ လည်း သူ့ကိုကူပြီး မွေးပေးဖို့ မရှိကြပါဘူး။ ကျွန်မတို့ကြိုတင် သတိပေးသတင်း ကြားလျှင် ကြားချင်း အသက်ကယ်အင်္ကျီဝတ်ပြီး သူမကို မြို့နယ်ဆေးရုံပို့ပေးခဲ့ကြတယ်။ အဲဒီကိုယ်ဝန်ဆောင် အမျိုးသမီးက ကျေးရွာ အုပ်ချုပ်ရေးမှူးရဲ့ သမီးပါ။

မရှိပါဘူး။ ကျွန်မတို့ထမ်းပိုးပြီး ဆေးရုံပို့ပေးခဲ့ကြတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးက အလွန်ချစ်စရာ ကောင်းတဲ့ သားယောကျ်ားလေးကို မွေးခဲ့တယ်။ အသက်ဆိုတာ အရေးကြီးတယ်။ ဒါ့ကြောင့် သူမအေး ကင်းသင့်ပါတယ်။ ဒါ့ကြောင့်လည်း သူ့ကိုဆေးရုံပို့ခဲ့ကြတာပါ။ မုန်တိုင်းတိုက်ခဲ့ပြီဆိုရင် သူ့ကို ဆေးရုံပို့ဖို့ဆိုတာ ဖြစ်နိုင်တော့ပါဘူး။ မုန်တိုင်းမတိုင်ခင် ကြိုးစားပြီး ရောက်အောင်ပို့ခဲ့
ကြတာပါ။

ကျွန်မတို့ထမ်းပိုးပြီး ဆေးရုံပို့ပေးခဲ့ကြတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးက အလွန်ချစ်စရာ ကောင်းတဲ့သားယောကျ်ားလေးကို မွေးခဲ့တယ်။ အသက်ဆိုတာအရေးကြီးတယ်။ ဒါ့ကြောင့် သူမ အေးကင်းသင့်ပါတယ်။ ဒါ့ကြောင့်လည်း သူ့ကိုဆေးရုံပို့ခဲ့ကြတာပါ။ မုန်တိုင်းတိုက်ခဲ့ပြီဆိုရင် သူ့ကို ဆေးရုံပို့ဖို့ဆိုတာ ဖြစ်နိုင်တော့ပါဘူး။ မုန်တိုင်းမတိုင်ခင် ကြိုးစားပြီး ရောက်အောင်ပို့ခဲ့ ကြတာပါ။

ဆာရာ စီမံကိန်းမတိုင်မီကဆိုရင် မုန်တိုင်းဆိုတာ ကျွန်တော်တို့ခေါင်းပေါ် မုန်တိုင်းရောက်မှ သိခဲ့ကြတာပါ။ တကယ့် မုန်တိုင်းကျတဲ့အချိန်မှပဲ ပြေးကြလွှားကြ ရင်ဆိုင်ကြတာပါ။ အခုတော့ ကျွန်မတို့ မုန်တိုင်းသတင်းအချက်အလက် တွေကို ဘယ်လိုရယူရမလဲ၊ မုန်တိုင်းကို ဘယ်လို ပြင်ဆင်ကြရမလဲဆိုတာ သင်တန်းတွေ၊ အသိပညာတွေ ရပါပြီ။

ကျွန်မမုန်တိုင်းကြိုတင်အသိပေး သတင်းအချက်အလက်တွေ ရလာခဲ့ရင် ကျွန်မမိသားစု သာမက ကျေးရွာလူထုတစ်ခုလုံးကို အသိပေးရပါတယ်။ အကယ်၍ လိုအပ်လာလျှင် ကျွန်မတို့ အဖွဲ့ဝင် ၆ယောက်လုံးက တရွာလုံးကို လှည့်ပတ်သတင်းပို့ပါတယ်။ ကျွန်မအိမ်ထောင် အတွက် သီးသန့် အထူးလုပ်ဆောင်တာမျိုးတော့ မရှိပါဘူး။

## အထူးခြားဆုံးအပြောင်းအလဲ

ကျွန်တော့်အတွက် အထူးခြားဆုံးအပြောင်းအလဲဖြစ်ပြီး ဒီစီမံကိန်းရဲ့ အကောင်းဆုံး အပိုင်းလည်း ဖြစ်တာကတော့ သဘာဝဘေးအန္တရာယ် အကြောင်း သတင်းအချက်အလက်တွေကို ကျွန်တော် ရှင်းရှင်းလင်းလင်းနားလည်လာပြီး လူတွေကိုပြန်ရှင်းပြနိုင်လာတာပဲ ဖြစ်ပါတယ်။ အဲဒါဟာ အင်မတန် တန်ဖိုးရှိတဲ့ဗဟုသုတဖြစ်ပါတယ်။ ဒီစီမံကိန်းမတိုင်မီ ကျွန်တော်တို့ အခက်အခဲ အမျိုးမျိုးရင်ဆိုင်ခဲ့ရပါတယ်။ အခုတော့ ကျွန်မတို့ အသိပညာတွေ ပိုရှိလာပါပြီ။ စီမံကိန်းက ပေးတဲ့ အသိပညာတွေကိုလည်း ကျွန်မသိသမျှ လူတွေကိုဖြန့်ဝေနေပါတယ်။

လူတွေက ကျွန်မကို နားထောင်ကြတယ်။ ကြိုတင်အသိပေး သတင်းကိုလိုက်နာကြတယ်။ ဘယ်လိုပြောရမလဲဆိုတာ ကျွန်မဆုံးဖြတ်တာ မဟုတ်ပါဘူး။ ကျွန်မတို့ကော်မတီဝင်တွေ အားလုံး တွေ့ဆုံဆုံးဖြတ်ကြပါသည်။ ကြိုတင်အသိပေးခြင်းသည် လူ့အသက်တွေကို ကယ်နိုင်ပါတယ်။ အဲဒါဟာ လူတိုင်းအတွက် သိဖို့ကောင်းတဲ့သတင်း အချက်အလက်ဖြစ်ပါတယ်။

## စိန်ခေါ်မှုများ (အခက်အခဲများ)

ကျွန်မမှာ အခက်အခဲအများကြီးမရှိပါဘူး။ ဒါပေမယ့် ကျွန်မအော်လန်ထဲမှာ ဘက်ထရီ မရှိတော့ပါဘူး။ ကျွန်တော့်ကိုယ်ပိုင်ပိုက်ဆံထဲက ဝယ်ရပါတယ်။ ဘက်ထရီ တစ်ခါလဲရင် ၆လုံးလဲရပါတယ်။ တစ်လုံးကို ၅၀၀ကျပ် ဆိုတော့ ၃၀၀၀ကျပ်ကျပါတယ်။ ပိုက်ဆံရှိရင် ရွာမှာ ဘက်ထရီဝယ်လို့ရပါတယ်။ ဒါပေမယ့်လည်း တခါတလေ ဘက်ထရီ ဝယ်စရာ ပိုက်ဆံ ကျွန်မမှာ မရှိပါဘူး။

## ပိုကောင်းလာအောင်အကြံပေးချက်

ဆာရာက ရွာလမ်းကို ပိုပြီးဆောက်ပေးနိုင်ရင် ကောင်းမှာပဲ။ အခုလတ်တလောမှာ ရွာရဲ့အစိတ် အပိုင်းနည်းနည်းကိုပဲ လမ်းက ကာမိတယ်။ ဖြစ်နိုင်ရင် ရွာသားတွေ အားလုံးအတွက် တရွာလုံး အတွက် ဆောက်ပေးနိုင်ရင် ပိုကောင်းမှာပါ။

ဒီရေတောနဲ့ပတ်သက်ပြီး ကျွန်တော်တို့အများကြီး စိုက်ထားပါတယ်။ ဒါပေမယ့်လည်း အခုထိ နေရာလွတ်တွေ ရှိနေသေးတာကြောင့် ထပ်စိုက်ဖို့လိုနေပါသေးတယ်။

စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများနှင့် ပတ်သက်ပြီး ဆာရာ ဝန်ထမ်းတွေက တစ်နှစ်ကို နှစ်ခါသုံးခါသင်တန်းလာပေးပါတယ်။ လူတွေက မေ့တတ်တယ်လေ။ ဒါ့ကြောင့် ဖြစ်နိုင်ရင် ကျွန်တော်တို့ကို မွမ်းမံသင်တန်းလည်း တစ်နှစ် ၁ခါ-၂ခါလောက်ပေးစေချင်ပါတယ်။



# ပညာရေးအတွက် တစ်တပ်တစ်အား | ဒေါ်ဖြူမဒေါင်း

ကျွန်မက ဆာရာအဖွဲ့ရဲ့ ကော်မတီအဖွဲ့ဝင်မဟုတ်ပါဘူး။ ကျွန်မက ဆာရာအဖွဲ့စီမံကိန်း တွေမှာလည်း တိုက်ရိုက် မပါဝင်ပါဘူး။ ဒါပေမယ့် ဒီရွာထဲမှာပဲ ကျွန်မနေတော့ ဆာရာအကြောင်း ရွာသားတွေပြောတာ ကြားနေရပါ တယ်။ ကျွန်မကရွာရဲ့စာသင်ကျောင်းဝင်းထဲမှာ နေတာပါ။

ရွာသားတွေဆီက ဆာရာရဲ့ကောင်းသတင်းတွေ အမြဲကြားပါတယ်။ ကျေးရွာအုပ်ချုပ်ရေး ကော်မတီဆီကနေလည်း ဆာရာရဲ့စီမံကိန်း လုပ်ငန်းဆောင်တာတွေ အကြောင်းကြားပါတယ်။ သူတို့ကျေးရွာ လမ်းစခင်းကြတယ်။ ဆာရာစီမံကိန်းရဲ့ရည်ရွယ်ချက်ကောင်းတွေ အကျိုးကျေးဇူး ကောင်းတွေကို သိသာမြင်စေပါတယ်။  ကော်မတီတွေ ရှိတာလည်းကောင်းပါတယ်။

ကော်မတီတွေကြောင့်လုပ်ငန်းဆောင်တာတွေကပိုပြီးစနစ်ကျလာ တယ်။ ရွာသားတွေမှာလည်း ညှိနှိုင်းဆွေးနွေးတဲ့အကျင့်၊ အတူတကွ ပူးပေါင်းဆောင်ရွက်တဲ့အကျင့်တွေပိုရလာ ပါတယ်။ ရွာလမ်းရဲ့ အကျိုးကျေးဇူးကတော့ တစ်ရွာလုံးအတွက်ပါပဲ။

ဒီရွာကဆင်းရဲပါတယ်။ မိုးရာသီမှာဆိုရေတွေ၊ရွှံ့တွေက၃ပေလောက်ထိ တက်ပါတယ်။ အဲလို အခြေအနေမျိုးမှာ ကျောင်းသူကျောင်းသားတွေ အတွက် နေ့တိုင်းကျောင်းလာရတာ အရမ်းခက်ခဲ ပါတယ်။ အခုတော့ ကျွန်မတို့မှာ ရွာလမ်းရှိနေပါပြီ။ ရွာသားတွေအတွက်ရော ကျောင်းနှင့် ကလေးတွေပညာရေးအတွက်ရော ဒီလမ်းကအရမ်း အကျိုးရှိပါတယ်။

မိုးရာသီက ၄လလောက်ကြာပါတယ်။ မိုးတွင်းမိုးရာသီ တခုလုံးမှာ အထူးသဖြင့် ဒီရေတွေ အရမ်းတက်ရင် ကျောင်းဝင်းအထိ ၄-၅ရက် လောက် ရေတက်နေတတ်ပါတယ်။ အဲလို အချိန်မှာ ဆိုရင် ကျောင်းသားကျောင်းသူတွေမှာ အသက်အန္တရာယ်ကြီးပါတယ်။ ကျောင်းသူ ကျောင်းသား တွေကို ကျွန်မတို့ပိုဂရုစိုက်ရပါတယ်။ ကလေးတွေက မိုးသည်းပြီး လျှပ်စီးတွေလက်၊ မိုးတွေချုန်းရင်တောင် ကြောက်လန့်နေကြတာပါ။

ဒီရွာလမ်းကိုမခင်းမီကဆိုရင် ကျောင်းသားကျောင်းသူတွေမိုးရာသီထဲ ကျောင်းလာရင်နေ့တိုင်း အခက်အခဲတွေ များပါတယ်။ ကျောင်းလာတဲ့ လမ်းမှာမိုးတွေရေတွေရွှံ့တွေစိုကုန်တယ်။ ကျောင်း လွယ်အိတ်တွေ၊ ကျောင်းအင်္ကျီတွေကနေ့တိုင်း ရွှံ့တွေပေပြီးညစ်ပတ်နေပါတယ်။ ကျောင်းရောက်ဖို့ လည်း အကြာကြီးလာရတယ်။ တခါတလေ ဆိုရင် မိုးတွင်းမှာလေ တချို့ကျောင်းသား၊ ကျောင်းသူ တွေ ချော်လဲပြီး ကျောင်းမလာနိုင်တော့ဘဲ အိမ်ပြန်သွား ကြရတယ်။ ဆရာတွေ၊ ဆရာမတွေက သူတို့အိမ်တွေကိုလိုက်ပို့ပြီး သူတို့ကို လိုက်စောင့်ရှောက် ရတယ်။ သူတို့ ကျောင်းရောက်လာပြန် တော့လည်း အရမ်းညစ်ပတ် စိုရွှဲပြီး၊ တခါတလေ အိမ်ပြန်သွားကြရတာပါပဲ။

အခုတော့လည်း ကျောင်းသား၊ကျောင်းသူတွေ ကျောင်းကို လွယ် လွယ်ကူကူ သွားနိုင်၊ ပြန်နိုင်ပါပြီ။
ရွာလမ်းက ရွာလူထုအတွက်နှင့် အရေးပေါ် အသက်ကယ်ဖို့ပဲ အရေးကြီးတာမဟုတ်ဘူး။ ပညာရေး အတွက် လည်း အရေးကြီးပါ တယ်။ ဆာရာက အရမ်း ကောင်းတဲ့ အဖွဲ့အစည်းပါ။ ကျွန်မတို့ရွာက အရမ်းဆင်းရဲတယ်။ အဲဒါကြောင့် ဆာရာရောက်လာတာ ကျွန်မတော့ အရမ်းပျော်တာပဲ။ဆာရာကို ရွာကနွေးထွေးစွာ ကြိုဆိုခဲ့ကြတာပါ။ တ ခါတလေ ရွာသားတွေက စစ်တွေကို သင်တန်းသွားတက်ရ မှာ ကြောက်ကြတယ်။ဘာဖြစ်လို့လဲဆိုတော့ သူတို့ကစစ်တွေလို နေရာမှာ သင်တန်း သွားတက် ရမှာကို ယုံကြည်ချက်မရှိကြဘူး။ ကျေးရွာ အုပ်ချုပ်ရေးမှူးက ကော်မတီဝင်တွေကိုစုစည်းပြီး သင်တန်းအတွက် ထောက်ပံ့ခဲ့တယ်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူမ ဒေါင်း (၅၁နှစ်) အောင်မြေကုန်း ကျေးရွာသို့ ၂၀၁၁ ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်သည်။ ခင်ပွန်း နှင့်အတူ သားသမီး ၆ယောက်နှင့် အတူနေထိုင်သည်။

PHOTO: SERGE BIRTEL, MALTESER INTERNATIONAL

ဆာရာရဲ့သင်တန်းတွေ ပြီးတော့ ရွာသားတွေက မုန်တိုင်းအင်အားနှင့် ဦးတည်ရာအလိုက် အရောင် သတ်မှတ် ခြင်းတွေကို နားလည်လာကြတယ်။ ရေကြီးရေလျှံမှာလည်း ဘယ်လိုတွေ ပြင်ဆင်ရမလဲ၊ လုပ်ဆောင်ရမလဲ ဆိုတာတွေလည်းနားလည်လာကြတယ်။ အခု ရွာသားတွေက ပိုပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာတယ်လို့ ကျွန်မမြင်ပါတယ်။ နောက်ဆုံး တစ်ခါရေကြီးတုန်းက ကျွန်မလည်း ရေကြီးရေလျှံသတင်းကို ရေဒီယိုနားထောင်ပြီးအဲဒီအချိန်မှာ ကလေးတွေ အန္တရာယ်ကင်းရှင်း ရအောင် ကျောင်းကို ပိတ်လိုက်တယ်။

## ထူးခြားမှုအရှိဆုံးအပြောင်းအလဲ

ရွာလမ်းက အရေးကြီးဆုံးအပြောင်းအလဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ပိုကောင်းတဲ့ ပညာရေးအတွက်၊ ရွာတလျောက် အဆင်အပြေဆုံး လမ်းပန်းဆက်သွယ်ရေးတွေအတွက် အရေးပါလို့ပဲ ဖြစ်ပါတယ်။ ကလေးတွေက ကျောင်းကိုမတတ်ဘူးဆိုရင် သူတို့ပညာတတ်တွေ မဖြစ်နိုင်တော့ဘူး။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စစ်သားကြီးတွေ၊ အရာရှိကြီးတွေ မဖြစ်လာ နိုင်တော့ပါဘူး။ ကျောင်းကပညာရေးအတွက် အဓိကအရင်းအမြစ်ပဲဖြစ်ပါတယ်။ ပညာရေးက လည်း ဒီကျေးရွာ ဒီလူထုအတွက် အလွန်အရေးပါပါတယ်။

## အပြောင်းအလဲများ

တချို့သော ကော်မတီဝင်တွေအတွက် စစ်တွေမှာသင်တန်းတက်ရတာ နည်းနည်းခက်ပါတယ်။ ရွာသားတွေက တက်ရင်ကောင်းမလား၊ မတတ်ရင်ကောင်းမလား မသေမချာဖြစ်ကြတယ်။ ဘယ်လိုသင်တန်းမျိုးလဲ ဆိုတာ လည်းသူတို့မသိကြပါဘူး။ ဘာတွေဖြစ်မလဲ ဘယ်လိုအဖွဲ့နဲ့လဲ ဆိုတာလဲ မသိကြဘူး။

ဒါပေမယ့် ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောပြပါတယ်။ သင်တန်းကာလအတွက် အစားအစာစရိတ် ထောက်ပံ့မယ်။ သင်တန်းကလည်း တစ်ရွာလုံးအတွက်အကျိုးရှိမယ့်သင်တန်းဖြစ်ပါတယ် ဆိုပြီး ရှင်းပြပါတယ်။

## ပိုကောင်းလာအောင် အကြံပေးချက်။

ကျွန်မတို့ကျောင်းဝင်းထဲမှာလည်း လမ်းမရှိပါဘူး။ ကျွန်မတို့ကျောင်းဝင်းထဲမှာလည်း လမ်းရှိရင် ကောင်းမှာပဲ။ ကျွန်မတို့ကျောင်းဝင်းထဲမှာ အရေးကြီးတဲ့ ရေအရင်းအမြစ်မရှိဘူး။

ဆာရာကို လူထုအတွက် အခြေခံကျတဲ့ တချို့သောလိုအပ်ချက်တွေအပေါ် အာရုံစိုက်ပေး စေချင်ပါတယ်။ ဥပမာ- နွေရာသီမှာ ကျွန်မတို့ဆီ သောက်ရေမလုံလောက်ပါဘူး။ ဆာရာကရေကန်တူးပေးနိုင်ရင် ကောင်းပါမယ်။ ကျောင်းအတွက်လည်း မိုးရေခံတိုင်ကီ ၁လုံးလောက် ဆောက်ပေးနိုင်ရင် အဲဒါလည်း အခြေခံ လိုအပ်ချက်ပါပဲရှင်။

## အလေ့အကျင့်ကောင်းများ ၄။ တာဝန်ရှိသူများနှင့် ကျေးရွာများအကြား ဆက်သွယ်မှုများ ပိုမို ခိုင်မာလာစေခြင်း။

စီမံကိန်းသည် အစိုးရနှင့်တကွ အစိုးရမဟုတ်သော အခြားသောအဖွဲ့အစည်းများနှင့်လည်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများဖြင့် သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ များတွင် အထောက်အပံ့ဖြစ်ရန် ရည်ရွယ်သည်။

ရခိုင်ပြည်နယ်အဆင့်တွင် ဆာရာအဖွဲ့က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်ဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီ အဖွဲ့တို့နှင့် လည်းကောင်း၊ မြို့နယ်အဆင့်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီး ဌာန၊ စသည်တို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

‘ကျွန်တော်တို့ ဌာနက ဝန်ထမ်းတွေကကျေးရွာကော်မတီဝင်တွေအတွက် သင်တန်းတွေပေးပါ တယ်။ ဌာနကဝန်ထမ်းတွေက နီးနီးဝေးဝေးရွာတွေမှာ မုန်တိုင်းကြိုလေ့ကျင့်ရေးလုပ်လျှင်လည်း အကူအညီပေးတယ်။

ကျွန်တော်တို့ကိုတောင်းပြီဆိုလျှင် ကျွန်တော်တို့ဝန်ထမ်းတွေကို ခက်ခဲဝေးလံဒေသတွေထိပို့ပါ တယ်။
ရာသီဥတုပြောင်းလဲမှုနှင့်ဆိုင်တဲ့သတင်းအချက်အလက်တွေ သတိပေးချက်တွေကို မြို့နယ် အုပ်ချုပ်ရေးမှူးမှ တဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီလည်း ကျွန်တော်သတင်းပို့ပါ တယ်။ သူတို့က ပြန်ပြီးဆက်သွယ်လိုလျှင်လည်း ကျွန်တော်ကအမြဲတမ်းဖုန်းအနားအဆင်သင့်ရှိပါတယ်။’

လက်ထောက်ညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန။ စစ်တွေမြို့

သက်ဆိုင်ရာအစိုးရဌာနများနှင့် ကျေးရွာလူထုအကြား ဆက်သွယ်မှုများကို ဖန်တီးပေးနိုင်ခြင်း သည်လည်း စီမံကိန်းရဲ့ အလေ့အကျင့်ကောင်းတစ်ခုပင်ဖြစ်ပါသည် - တချို့သော ကိစ္စများ အတွက် ပထမဦးဆုံးအကြိမ်ဆက်သွယ်မှုပင်ဖြစ်သည်။ ထို့အပြင် အချို့သောရွာများတွင်လည်း အစိုးရဌာနကိုယ်စားပြုသူများနှင့် ပိုမိုဆက်သွယ်ဖြစ်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများနှင့် စကားပြော ရာ တွင် ယခင်ကကဲ့သို့ ညွှန်ကြားမှုများကိုပဲ လိုက်နာနေရခြင်းမဟုတ်ဘဲ ပိုမို၍ ယုံကြည်မှုရှိလာ ကြောင်း ဒေသခံများကပြောဆိုကြသည်။ ယခုကဲ့သို့ နှစ်လမ်းသွားနှစ်ဖက်သွားပုံစံဆက်သွယ်မှုကို ပိုမိုသဘောကျပါသည် ဟုလည်း ဌာနဆိုင်ရာများနှင့်ဒေသခံများ နှစ်ဘက်စလုံးကပြောဆိုကြ သည်။

‘ယခင်ကဆိုလျှင် ကျွန်တော်တို့က သက်ဆိုင်ရာကိုသတင်းပို့တဲ့အကျင့် မရှိပါဘူး။ ၂၀၁၀ခုနှစ် အလွန်မှစလုပ်ဖြစ်တာပါ။ အခုတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ကျွန်တော်တို့ ဒေသ ဧရိယာကို သိလာကြပါပြီ။ တာဝန်ရှိသူတွေကဆာရာအဖွဲ့နှင့် အတူကျွန်တော်တို့ရွာကို မုန်တိုင်းကြို လေ့ကျင့်ခန်းများနှင့် ရွာသူရွာသားများအား ဘေးကင်းရာရွှေ့ပြောင်းပေးခြင်း လေ့ကျင့်မှုကိုလာပြီးအားပေးကူညီကြတယ်။ အဲဒါကကျွန်တော်တို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူတွေနှင့် ပထမဆုံး အကြိမ်အတူတကွပူးပေါင်း ဆောင်ရွက်ခြင်းပါပဲ။’

ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ကျေးတောရွာမကျေးရွာ စစ်တွေမြို့မှ ကောက်နုတ်ဖော်ပြသည်။

‘အခုတော့ ကျွန်တော်တို့ မြို့နယ်ဌာနဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ် နှင့် ပတ်သက်ပြီး အဆက်အသွယ်ပြုလုပ်ကြပါပြီ။ ဆာရာစီမံကိန်းမတိုင်မီက မြို့နယ်တာဝန်ရှိသူတွေက ကျွန်တော်တို့ကို သတင်းအချက်အလက်တွေ ပေးကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က မြို့နယ် ဌာနဆိုင်ရာတွေကို ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်မှုတွေ မပြုလုပ်ရဲဘူး။ အထက်က အောက်ကို ဆက်သွယ်တဲ့ပုံစံပဲရှိတယ်။ အခုတော့ ကျွန်တော်တို့ကစပြီး ဆက်သွယ်ဖို့ ဖုန်းခေါ်ဖို့ ကျွန်တော်တို့ယုံကြည်မှုရှိလာပါပြီ။ ကျွန်တော်တို့သူတို့ကို ဖုန်းခေါ်လို့ရတယ်ဆိုတာ



ကုလားချောင်းကျေးရွာ (ပုဏ္ဏားကျွန်းမြို့နယ်)မှ အမျိုးသမီးတစ်ဦး စွမ်းအားမြင့်လောင်စာ သက်သာ မီးဖိုဖြင့် ညစာအတွက် ဟင်းသီးဟင်းရွက်ကြော်နေစဉ်။ မြေပြင်တွင် မွေးသော မီးထက် စွမ်းအားမြင့်လောင်စာ သက်သာ မီးဖို က ထင်းလိုအပ်ချက် တဝက်သက်သာသည်။

PHOTO: SAMADHI MARR, BANYANEER

သေချာသွားပြီ။ ကျေးရွာ အုပ်ချုပ်ရေးမှူးဆီမှာမြို့နယ် ဌာနဆိုင်ရာ အသီးသီးရဲ့ ဖုန်းနံပါတ်တွေ ရှိပါတယ်။ ကျွန်တော်တို့ ကျေးရွာရဲ့ မုန်တိုင်းကြိုလေ့ကျင့်ရေးမှာ မြန်မာနိုင်ငံ မီးသတ်ဌာနက တာဝန်ရှိသူတွေလည်း လာပါတယ်။ ကျွန်တော်တို့ကို မီးဘယ်လိုငြိမ်းသတ်ရသလဲ ဆိုတာသင်ပေးတယ်။ ပြီးတော့ နွေရာသီအတွက် ဘယ်လိုပြင်ဆင်ရမလဲဆိုတာတွေလည်း ပြောပြသင်ပေးသွားပါတယ်။ ’

ဦးတည် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ စပါးထ ကျေးရွာမှ ကောက်နုတ်ဖော်ပြပါသည်။

‘ဆာရာက အစိုးရ ဌာနတွေနဲ့ကျေးရွာအဆင့်တွေကို မိတ်ဆက်ပေးခဲ့တာပါ။ အဲဒီထက် ပိုလုပ်ပေး နိုင်ရင် ပိုတောင်အကျိုးရှိပါဦးမယ်။ ကျေးရွာအဆင့်ထိရောက်ဖို့ဆိုတာ အလုပ်များပြီး ဘက်ဂျက် မရှိတဲ့ အစိုးရဝန်ထမ်းတွေအနေနဲ့ မလွယ်ပါဘူး။ ကျွန်တော်တို့မြို့နယ်အဆင့်ကို ဆက်သွယ် ပါတယ်။ ဒါပေမယ့် ကျေးရွာအဆင့်အထိကတော့ ကျွန်တော်တို့အတွက် စိန်ခေါ်မှုပါပဲ။

ဆာရာရဲ့စီမံကိန်းတွေနဲ့မှ ကျွန်တော်တို့ ကျေးရွာအဆင့်ကို ထိတွေ့ခွင့်ရတာပါ။ ကျွန်တော်က ကျေးရွာအဆင့်ကို ပိုပြီးစိတ်ဝင်စားပါတယ်။ ကျေးရွာအဆင့်မှာ ရေကြီးရေလျှံ၊ မုန်တိုင်း အန္တရာယ်တွေ နှင့် အဓိကတွေ့နိုင်တဲ့ ငါးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ဆောင်တဲ့လူတွေ ကို တိုက်ရိုက် တွေ့နိုင် ပါတယ်။ လူနေမှုကလည်း ကျေးရွာမှာမြို့တွေထက် ပိုသိပ်သည်းပါတယ်။ ဒါ့ကြောင့် ကျေးရွာတွေကို တိုက်ရိုက်ဆက်သွယ်နိုင်လျှင် ကျွန်တော် ပိုပြီး ပျော်ပါတယ်။ သူတို့က ဘေးဒဏ်ကို နှစ်တိုင်းခံစားကြရတယ်။ ပြီတော့ အသိပညာလည်း နည်းတယ်။ ကျေးရွာအဆင့်မှာ သင်တန်းတွေပေးခွင့်ရတာ ကျွန်တော်တို့ဌာနက ပိုတောင်ကျေနပ်ပါသေးတယ်။ ’

လက်ထောက်ညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေး ဦးစီးဌာန။ စစ်တွေမြို့

‘အခုဆိုရင်ကျွန်တော်တို့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ပိုပြီးတော့ အဆက်အသွယ် လုပ်လာကြ ပါပြီ။ ကျွန်တော်တို့က အစိုးရဌာနတွေကို စကားပြောရတာလည်း ပိုသတ္တိရှိလာပါပြီ။ ဥပမာ- ကျွန်တော်တို့မှာ ကျေးလက်ဖွံ့ဖြိုးမှုဌာနနဲ့ စီမံကိန်းကနေ နေရောင်ခြည်စွမ်းအင်သုံး တစ်ခုရဖို့ ရှိပါတယ်။ ကျေးရွာလူထုက ပိုက်ဆံပေးပြီးပါပြီ။ ဒါပေမယ့် ဌာနကတော့ ကျွန်တော်တို့ရွာကို ဆိုလာပြားတွေ မပေးသေးပါဘူး။ ကျွန်တော်တို့ အကြိမ်ကြိမ်လိုက်မေးပြီး အကြောင်းအရာကို သိခဲ့ရပါတယ်။ ကျွန်တော်တို့ အဲလိုအကြိမ်ကြိမ်လိုက်မေးဖို့ ယုံကြည်ချက် ရှိလာပါပြီ။ အရင်တုန်း ကဆို ကျွန်တော်တို့ မေးဝံ့မှာ မဟုတ်ပါဘူး။ ’

ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ရဲရိုးပြင်ရွာမှ ကောက်နုတ်တင်ပြသည်။

## သင်ခန်းစာများ

ကျေးရွာလူထုနှင့် မြို့နယ်၊ ပြည်နယ်ဘက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ဆက်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသော်လည်း အဆိုပါတိုးတက်မှုများသည် စစ်တွေမြို့နှင့် နီးသောကျေးရွာများတွင် သာပိုမိုတွေ့ရှိရပြီး စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်များနှင့် ဝေးသော ကျေးရွာများတွင်မူ တိုးတက်မှုမှာ မြင်သာထင်သာမရှိလှပါ။

ကျေးရွာလူထုနှင့် အစိုးရဌာနများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေ ရန်နှင့်ထိတွေ့မှုအတွက် အတားအဆီးများကိုလျှော့ချနိုင်ရန်ရှေ့ဆက်ကြိုးပမ်းဆောင်ရွက်ရန် လိုပါသေးသည်။

## ဆန်းသစ်ပြောင်းလဲမှုများ

မြို့နယ်နှင့် ပြည်နယ်ပိုင်းဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိသူများအား ကျေးရွာ မုန်တိုင်းကြို လေ့ကျင့်မှုများအတွင်း တက်ကြွစွာပါဝင်

ရန် ဖိတ်ခေါ်နိုင်မှုသည် ကြီးမားသော အကျိုးသက် ရောက်မှုနှင့် အောင်မြင်မှုကိုဖြစ်ပေါ်စေပါသည်။ အဆိုပါ လေ့ကျင့်ရေးများတွင် လူကိုယ်တိုင် ပါဝင်တက်ရောက်ပါရန် အစပြု၍ဖိတ်ခေါ်နိုင်မှုသည် တာဝန်ရှိသူများကို ကျေးရွာလူထုအား မျက်မြင်ကိုယ်တွေ့ ထိတွေ့ ကူညီစေနိုင်ပါသည်။ ကျေးရွာကော်မတီဝင်များအား စစ်တွေမြို့တွင် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ကျင်းပသော အစည်းအဝေး များကို တက်ရောက်စေခြင်း အားဖြင့်လည်း ၄င်းတို့အကြားပြောဆိုဆက်သွယ်မှု အခွင့်အရေးများပိုမိုရရှိလာစေပါသည်။

## အလေ့အကျင့်ကောင်းများ ၅။ စွမ်းအားမြင့်လောင်စာသက်သာ မီးဖိုများ ထုတ်လုပ်အသုံးပြုမှု တိုးတက်စေခြင်း။

စွမ်းအားမြင့်လောင်စာသက်သာ မီးဖိုများအား စီမံကိန်းအတွင်းအမျိုးမျိုးသော ရည်ရွယ်ချက်များ ဖြင့်အစပြု မိတ်ဆက်ခဲ့ပါသည်။ မြန်မာပြည်တွင် လူထု၏ ၈၁%သည် လောင်စာအဖြစ်ထင်းကို သုံးစွဲနေကြပါသည်။ လောင်စာ အဖြစ်ထင်းအသုံးပြုမှုများလျှော့ချနိုင်ရေးသည် သဘာဝ ပတ်ဝန်း ကျင် ထိန်းသိမ်းရေးအတွက် အထူးအရေးပါသော အချက်ပင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် အိမ်ခြေ ၉၆% မှာ ထင်း၊ မီးသွေးများကို ဟင်းချက်ရန်လောင်စာအဖြစ် အသုံးပြုလျက်ရှိပါသည်။

မြေကြီးပေါ်တွင် မီးမွေးခြင်းနှင့် နှိုင်းယှဉ်လျှင် စွမ်းအားမြင့် လောင်စာသက်သာမီးဖို များက မီးအားကို ပိုပြင်းစေနိုင်သောကြောင့် အသုံးပြုရန်လိုအပ်သော လောင်စာကိုလည်း၅၀%အထိ လျှော့ချပေးနိုင်ပါသည်။ စွမ်းအားမြင့် လောင်စာသက်သာမီးဖို အသုံးပြုခြင်းဖြင့် လောင်စာကို ၅၀%လျှော့ချပေးနိုင်သည့်အပြင် ပိုမိုလျှင်မြန်စွာလည်း ချက်ပြုတ်နိုင်ပြီး မီးဘေးအန္တရာယ်မှလည်း စိတ်ချရပါသည်။ အထူးသဖြင့် စွမ်းအားမြင့် လောင်စာသက်သာမီးဖိုတွင် သေးငယ်သော သစ်ကိုင်းသစ်ရွက်များ၊ အုန်းခွံများကိုလည်း လောင်စာအဖြစ်အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် လောင်စာအများစုကို သစ်ပင်များခုတ်စရာမလိုဘဲ မြစ်ထဲမှာစီးလာသော၊ တောင်ချချောင်းရေ များနှင့် မျောပါလာသော သစ်ကိုင်းလေးများ၊ သစ်ရွက်များနှင့်ပင် လောင်စာအဖြစ် အသုံးပြုနိုင် ပါသည်။

## ဆန်းသစ်ပြောင်းလဲမှုများ

စွမ်းအားမြင့်လောင်စာသက်သာ မီးဖိုများအား စီမံကိန်းဧရိယာများတွင် ပုံမှန်အသုံးပြုစေ ခြင်းထက် စီမံကိန်းအဖွဲ့သည် လူထုအား စွမ်းအားမြင့်လောင်စာသက်သာ မီးဖိုများ ထုတ်လုပ်ပုံကို သင်ကြားပေးခဲ့သည်။ ကျေးရွာလူထု၏ စိတ်ဝင်စားမှုများအရ မိမိတို့ကိုယ်တိုင် ထုတ်လုပ် ရောင်းချနိုင်ရန် နှင့် အကျိုးအမြတ်များရရှိနိုင်ရန် ဖြစ်ပါသည်။ ယခုလေ့လာမှုပြုသော အချိန်သည် သင်တန်းများ ပေးဆဲကာလဖြစ်ပါသောကြောင့် ရလာဒ်အပြည့်အစုံကို မကြာမီကာလများတွင် ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ပါသည်။ တချို့သော ကျေးရွာလူထုများက ပါဝင်ရန် မဝင့်ရဲသော်လည်း တချို့သောကျေးရွာလူထုများကမူ စိတ်ရောကိုယ်ပါ ပျော်ရွှင်စွာပါဝင် ဆောင်ရွက်ကြသည်။ (အောက်ဖော်ပြပါ ဇာတ်လမ်းဖြစ်စဉ်ကို ဖတ်ရှုပါရန်)

## အလေ့အကျင့်ကောင်းများ ၆။ ထိခိုက်လွယ်သော လူအုပ်စုများ။

အင်တာဗျူးမေးခွန်းများကို ဖြေဆိုပေးကြသော လူအားလုံးက သဘာဝဘေးအန္တရာယ် ကျရောက် ချိန်တွင် အလေးပေးရမည့် ထိခိုက်လွယ်သော လူအုပ်စုများကို ကောင်းမွန်စွာ သတ်မှတ်နိုင်ကြ သည်။ အဆိုပါအုပ်စုမှာ- အသက်ကြီးရွယ်အို အဘိုးအဘွားများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းတို့ဖြစ်ပါသည်။ ထိုအုပ်စုများသည် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ထပ်ပေါင်းအကူအညီပေးရန် အထူးလိုအပ်သော အုပ်စုများဖြစ်ပါသည်။ မသန်စွမ်းလူတို့အပေါ် သဘောထားအမြင်များအစပြုပြောင်းလဲလာခြင်းကိုလည်း သက်သေ ဖြစ်စေခဲ့ပါသည်။ (ကပ်လျက်ပါသည့် ဖြစ်စဉ်ဇာတ်လမ်း ကိုဖတ်ရန်)

မာတေဆာ အင်တာနေရှင်နယ်နှင့် ဆာရာအဖွဲ့သည် ထိခိုက်လွယ်သော အုပ်စုများ၏ အားသာ ချက်များနှင့် အားနည်းချက်များအကြောင်းကို လူထုပါဝင်ဆွေးနွေးဆောင်ရွက်နိုင်သော ပုံစံဖြင့် ကျေးရွာများတွင် လေ့ကျင့်ခန်းများပြုလုပ်ပေးပါသည်။ အဆိုပါလေ့ကျင့်ခန်းများသည် လူမှုအစုအဝေးများအတွင်း ထိခိုက်လွယ်သူများ၏ အားနည်းချက်များထက် အားသာချက်များကို စမ်းစစ်သရုပ်ပြရာ ပိုရောက်ကြောင်း ဝန်ထမ်းများက သတ်မှတ်ကောက်ချက်ချကြပါသည်။

အဆိုပါလေ့ကျင့်ခန်းများအတွင်း လူထုကထိခိုက်လွယ်သူများ၏အားသာချက်များကို သဘောတူ သိရှိပြီးချိန်တွင် အောက်ပါမေးခွန်းကို လူထုက ဖြေကြားကြရသည်။ မေးခွန်းမှာ ‘လူထုအတွင်း ပါဝင်ဖြည့်ဆည်းဆောင်ရွက်နိုင်ပါသော ထိုထိခိုက်လွယ်သူများအား သဘာဝဘေးအန္တရာယ် ကြုံတွေ့သော အချိန်တွင် ကူညီနိုင်မလား။’ ထိုလေ့ကျင့်ခန်းများသည် လူထု၏ စိတ်နေ သဘောထားကို ထိခိုက်လွယ်သူများအား အကူအညီပေးနိုင်ရန် အဆင်သင့်ဖြစ်စေပါ သည်။

ကြိုတင်သတိပေးခြင်းတွင်လည်း နားမကြားသူများ၊ စကားမပြောနိုင်သူများနှင့် အမြင်အာရုံချို့တဲ့ သူများအားဆက်သွယ်သည့်စနစ်ကို ထည့်သွင်းထားပြီးဖြစ်ပါသောကြောင့်လူတိုင်းက အချက်ပေး ကို နားလည်ပြီးတုန့်ပြန်အပြုအမူများကိုလုပ်ဆောင်နိုင်စေပါသည်။ လူထုအတွင်းရှိမသန်စွမ်းသူများကိုလည်း သူတို့၏ ဦးစားပေးခံထိုက်မှုများကို သိရှိစေကာ ဘေးအန္တရာယ်ကင်းလွတ်ရာ ရွှေ့ပြောင်းခြင်း များတွင် သိရှိပါဝင်စေပြီး သက်တောင့်သက်သာ ရှိစေပါ သည်။

## သင်ခန်းစာများ

ထိခိုက်လွယ်သူများနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းရပ်များတွင် လူထုအတွင်း ကြီးမား သောအသိပညာပြောင်းလဲမှုများကို ဖြစ်စေနိုင်ခဲ့သော်လည်း ထိခိုက်လွယ်သူများအား မည်ကဲ့သို့ ကာကွယ်ပေးသင့်သည် ဟူသောအချက်ကိုလည်းထည့်ပေါင်းပေးသင့်ပါသေးသည်။ မသန်စွမ်းများ သည်လည်းကော်မတီများအတွင်း ဆုံးဖြတ်ချက်ချနိုင်သော အဆင့်များအထိ ရှေ့ဆက်ပူးပေါင်း ပါဝင်သင့်ပါသည်။ ကျေးရွာလူထုအနေနှင့်လည်းပိုမိုကောင်းမွန်သော  မသန်စွမ်းများအတွက် ပုံစံတကျအိမ်သာများပါဝင်တည် ဆောက်ထားသော၊ ဘေးအန္တရာယ်ကင်းအဆောက်အအုံ (မုန်တိုင်းခိုအဆောက်အဦ)များကို ဖြည့်ဆည်းတည်ဆောက်ပေးသင့်ပါသည်။



# အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြောင်းလဲလာသောအတွေးအခေါ် အပြုအမူများ၊ လှသိန်းထွန်း

ဆာရာ အဖွဲ့ ကျွန်တော်တို့ရွာကို လာပြီးတော့ ကော်မတီတွေ ဖွဲ့တယ်။ ကျွန်တော်မှတ်မိ သလောက် တော့ အဲဒါ ၂၀၁၄ခုနှစ်ကဖြစ်မယ်။ အဲဒီကတည်းကစပြီး ကျွန်တော်က သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေလျော့ချရေး စီမံကိန်းနှင့် ဒီရေတော စိုက်ပျိုးရေး လုပ်ငန်းစဉ်တွေမှာ စပါဝင်တော့တာပါပဲ။

ကျွန်တော်က ဆာရာအဖွဲ့က ဖွဲ့ပေးတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီမှာ ဦးဆောင် သူအနေနဲ့ တာဝန်ယူရပါတယ်။ စစ်တွေမြို့၊ မေယုခန်းမမှာ ကျင်းပခဲ့တဲ့ ဒီရေတော နည်းပညာပါရဂူဆရာကြီးဦးဝင်းမောင်ရဲ့ ဒီရေတောနှင့်ဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သင်တန်းကိုလည်း ကျွန်တော်တက်ခဲ့ ပါတယ်။ ဆရာကြီး ဦးဝင်းမောင်ရဲ့ သင်တန်းက တော်တော် စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီသင်တန်းက ရခဲ့တဲ့ ဗဟုသုတတွေနဲ့ ကျွန်တော် ရွာမှာ ဒီရေတော စိုက်ခဲ့တယ်။ သူတို့တွေ တော်တော်ဖြစ်ထွန်းကြတယ်။ ခုဆိုရင် ကျွန်တော်က ဒီရေတော သစ်တောမှူးကြီး ဖြစ်နေပါပြီ။ ကျွန်တော် စွမ်းအားမြှင့်လောင်စာသက်သာမီးဖိုတွေလည်း ထုတ်လုပ်ရောင်းချပါတယ်။

ဒီစီမံကိန်းက ကျွန်တော်တို့ရွာအတွက် အခိုင်အမာ ဆောက်လုပ်ရေးတွေတင်မကဘဲ သဘောထား၊ အတွေးခေါ်နှင့်ဗဟုသုတတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ လူတွေရဲ့ စိတ်သဘောထား အတွေး အမြင်တွေကိုလည်း မြှင့်တင်ပေးပါတယ်။ ဒီစီမံကိန်းမှာ ပါဝင်ခြင်းအားဖြင့်လူတွေက သဘာဝကို ပိုချစ်လာကြပြီး သဘာဝ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရမယ့် အရေးတွေလည်းမှာလည်းပို စိတ်ဝင်စားလာကြပါတယ်။ ကျွန်တော် တို့ မုန်တိုင်းကြိုတင် လေ့ကျင့်ရေးပွဲ တစ်ပွဲလည်း ရွာမှာ လုပ်ပြီးပါပြီ။ အခုဆိုရင် ကျွန်တော်တို့ရွာက တစ်ယောက်စီတိုင်းမှာ မုန်တိုင်း၊ ရေကြီးရေလျှံမှုတွေ အတွက် စနစ်တကျ အဆင်သင့် ဖြစ်နေကြပါပြီ။

## မသန်စွမ်းတွေအပေါ် ပြောင်းလဲသွားသော သဘောထားအမြင်။

ဆာရာ ကပေးတဲ့ သင်တန်းတွေတက်ပြီးတော့ ကျွန်တော်တို့ မသန်စွမ်းတွေကို တန်ဖိုးထား တတ်လာတယ်။ လူတိုင်းဟာ သူတို့ရဲ့ အားနည်းချက်တွေနဲ့ တွေ့တဲ့အခါ မသန်စွမ်းတွေဖြစ်သွား နိုင်ပါတယ်။ ဥပမာ-တရုတ်စကားမတတ်တဲ့ ကျွန်တော် တရုတ်ကြီး တစ်ယောက်နဲ့ စကားပြောရ တော့မယ်ဆိုရင် ကျွန်တော်ကအဲအချိန်မှာ စကားမပြောတတ်တဲ့မသန်စွမ်းနဲ့တူပါတယ်။ ကျွန်တော်တို့လည်း အခြေအနေ၊ အချိန်အခါ အလိုက် မသန်စွမ်း ဖြစ်နိုင်တယ် ဆိုရင် မသန်စွမ်း လူတွေကို ကျွန်တော်တို့က ခွဲခြားမဆက်ဆံသင့်ပါဘူး ဆိုတာကို နားလည်ခဲ့ရပါတယ်။

ဟိုအရင်တုန်းကဆိုရင် ကျွန်တော် မသန်စွမ်းလူတွေကို မုန်းပါတယ်။ မသန်စွမ်းတွေဟာ ကြာကြာ အသက်မရှင်သင့်ဘူး၊ သူတို့က ဝန်ထုတ်ဝန်ပိုးတွေလို့ ကျွန်တော်ထင်ပါတယ်။ ဆာရာရဲ့ သင်တန်း တွေတက်ပြီးတော့ ကျွန်တော်သူတို့ကို ကိုယ်ချင်းစာတတ်လာတယ်။ ကျွန်တော် သူတို့နဲ့ ဆက်သွယ် မှုပုံစံတွေ ပြောင်းလာခဲ့ပါတယ်။

နှစ်အနည်းငယ်ကြာပါပြီ ‘ကျွန်တော်က ဆင်းရဲခဲ့လွန်းလို့ အိမ်ထောင်ပြုဖို့တောင် မစဉ်းစားနိုင် ခဲ့ပါဘူး။ ဒီစီမံကိန်းရဲ့ အထောက်အပံ့တွေကြောင့် စွမ်းအားမြှင့်လောင်စာသက်သာမီးဖိုတွေ ထုတ်လုပ်တဲ့ အသေးစားစီးပွားရေးလုပ်ငန်းကို ပိုင်ဆိုင်ခဲ့ပါတယ်။ အခုတော့ ကျွန်တော် မဆင်းရဲ တော့ပါဘူး ။ ကိုလှထွန်းသိန်း (၃၈နှစ်) အလယ်ကျွန်းကျေးရွာ၊ မြေပုံမြို့နယ်တွင် မိဘများ၊ ညီမလေးတစ်ယောက်နှင့် အတူနေသည်။.

PHOTO: SAMADHI MARR, BANYANEER

### အပြောင်းအလဲများ။

ဒီစီမံကိန်းက ကျွန်တော့်ဘဝကို အပြောင်းအလဲတွေ အများကြီး ဖြစ်စေပါတယ်။

ပထမဦးဆုံး ကျွန်တော်ဒီရေတောရဲ့ အကျိုးကျေးဇူးတွေအကြောင်း ဗဟုသုတရပါတယ်။ ဒါ့ကြောင့် ကျွန်တော် ဒီရေတောတွေကို ချစ်တယ်။ ကျွန်တော် စောင့်ရှောက်တယ်။

ဒုတိယအနေနဲ့ကတော့အခုကျွန်တော်မသန်စွမ်းလူတွေကိုတန်ဖိုးထားတတ်နေပါပြီ။ အရင်တုန်းက ဆိုရင် မသန်စွမ်းတွေ၊ သက်ကြီးရွယ်အိုတွေကို တစ်စုံတရာပြဿနာဖြစ်ရင် ဘယ်သူကမှ ကူညီဖြစ်ကြမှာ မဟုတ်ဘူး။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အစမ်းလေ့ကျင့်ခန်းရွာမှာလုပ်ပြီးတော့ အရေးပေါ် အခြေအနေမှာ အသက်ကြီးရွယ်အိုတွေ၊ မသန်စွမ်း တွေကို ကူညီမယ့်သူတွေ ရွာမှာ အများကြီးရှိတာ သေချာသွားခဲ့ပါတယ်။

တကယ်ကို အရေးပေါ်လာတဲ့အခါမှာ တူညီဝတ်စုံ ဝတ်ထားတဲ့ လူတွေက တစ်လုံးတစ်စည်း တည်းအဖြစ် ပိုပြီး ပေါင်းစည်းမိကြတယ်။ ကျွန်တော်တို့လည်း အသက်ကယ် အင်္ကျီတွေကြောင့် ပိုပြီး ယုံကြည်မှုရှိသလို ခံစားကြရပါတယ်။

အသက်ကယ်အင်္ကျီတွေက ကျွန်တော်တို့ကိုအန္တရာယ်တွေကနေကာကွယ်ပေးလိမ့်မယ်ဆိုတာ ကျွန်တော်တို့သိတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အချင်းချင်း အပြန်အလှန်ဂရုစိုက် နေဖို့ပဲ လိုတယ်။ ဒီလို တစ်ယောက်ကို တစ်ယောက် ဂရုစိုက်တာ၊ စောင့်ရှောက်တာ ညီညွတ်တာတွေဟာ အရေးပေါ် အခြေအနေတွေ အတွက်တင် မကဘဲ ရပ်ရေးရွာရေး၊ ရပ်ရွာဖွံ့ဖြိုးရေးတွေ အထိပါ အကျိုးရှိသက်ရောက် လာခဲ့ပါတယ်။

ကမ္ဘာကြီးပူနွေးလာခြင်း၊ သစ်တောတွေပြုန်းတီးခြင်းတွေကြောင့် မုန်တိုင်းတွေ ဖြစ်ပေါ်မှု အကြိမ်ရေတွေ များလာတာ ကျွန်တော်တို့ မျက်မြင်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် သစ်တော၊ သစ်ပင်တွေကို ကျွန်တော်တို့ ကာကွယ်ရပါမယ်။ တံငါသည်တွေနှင့်ငါးဖမ်းလုပ်ငန်းတွေ ရေရှည်အကျိုးမြဲတည်တံ့စေဖို့အတွက်လည်း ငါးပေါက်ဖွားတဲ့ ရာသီတွေမှာ ငါးနုတ် ငါးသန်တွေ ကို ဖမ်းတာ၊ သေးငယ်လွန်းတဲ့ ကဏန်းလေးတွေကို ဖမ်းတာ တွေလည်း ရှောင်ကြဉ်ဖို့ လိုပါတယ်။ အဲဒါတွေအပြင် ဒီရေတောတွေကိုလည်း ကာကွယ်ရပါမယ်။

တတိယအနေနဲ့ကတော့ဆာရာကပေးတဲ့ သင်တန်းဗဟုသုတတွေနဲ့ စွမ်းအားမြင့်လောင်စာ သက်သာ မီးဖိုတွေ ကျွန်တော်ထုတ်လုပ်ရောင်းချနိုင်လာတယ်။

စတုတ္ထအနေနဲ့ကတော့ ကျွန်တော်အပါအဝင် ကျွန်တော်တို့တစ်ရွာလုံး ပရဟိတလုပ်ငန်းတွေနဲ့ ရင်းနှီးကျွမ်းဝင် လာတာပါပဲ။

### အထူးခြားမှု အရှိဆုံး အပြောင်းအလဲ

ကျွန်တော့်အတွက် အထူးခြားမှုအရှိဆုံးအပြောင်းအလဲကတော့ ကျွန်တော်ဟာ စွမ်းအားမြင့် လောင်စာသက်သာမီးဖိုထုတ်လုပ်တဲ့ အသေးစားအိမ်တွင်းစက်မှုလက်မှု လုပ်ငန်းပိုင်ရှင် တစ်ယောက်ဖြစ်လာတာပါပဲ။

ဆာရာ စီမံကိန်းတွေမှာ ကျွန်တော် မပါဝင်ခင် ကျွန်တော်က ကျေးရွာကိုယ်ထူကိုယ်ထကျောင်းက ငှားထားတဲ့ ကျောင်းဆရာပါ။ ကျေးရွာက အရမ်းမချမ်းသာပါဘူး။ ဒါ့ကြောင့် ကျွန်တော်ရှာလို့ရတဲ့ ပိုက်ဆံကလည်း အရမ်း နည်းပါတယ်။ အိမ်ထောင်ပြုဖို့ စိတ်မကူးနိုင်လောက်အောင် ကျွန်တော် ဆင်းရဲခဲ့တယ်။ သင်တန်းတွေတက်၊ ရတဲ့ အသိပညာတွေနဲ့ စွမ်းအားမြင့်လောင်စာသက်သာမီးဖို ထုတ်လုပ်ရောင်းချပြီး ကျွန်တော် ဝင်ငွေရှာခဲ့ ပါတယ်။ အဲဒီကဗဟုသုတတွေနဲ့ပဲ ကျွန်တော်ရွာမှာ ဒီရေတောလည်းစိုက်ပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခဲ့တယ်။ အဲလိုနဲ့ပဲ ကျွန်တော်က ရွာမှာ အရေးပါတဲ့ လူတစ်ယောက်ဖြစ်လာပါတယ်။ ကျွန်တော် ပိုက်ဆံပိုရှာနိုင်လာတာနှင့်အမျှ ရွာရဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆောင်တာတွေ ပိုလုပ်ဖြစ်လာပါတယ်။ နောက်ဆုံးမှာတော့ ကျေးရွာရဲ့ အုပ်ချုပ်သူလူကြီးအနေနဲ့ ကျွန်တော် အရွေးချယ်ခဲ့ရပါတယ်။

အခုတော့ ကျွန်တော်မှာ ချမ်းသာဖို့ အခွင့်အလမ်းရှိပါပြီ။ စွမ်းအားမြင့်လောင်စာသက်သာမီးဖို ထုတ်လုပ်မှုကို အဆင့်မြှင့်ပြီး တိုးချဲ့ရောင်းချခြင်းဖြင့် ကျွန်တော် ချမ်းသာလာမယ်လို့ ကျွန်တော် ယုံကြည်တယ်။ အဲဒီ မီးဖိုတွေ လုပ်ရတာလည်း ကျွန်တော် အရမ်းကျေနပ်တယ်။ ကျွန်တော် ထုတ်လုပ်တဲ့ မီးဖိုတွေက လောင်စာသုံးဆွဲရမှု ထက်ဝက်သက်သာတယ်ဆိုတော့ သဘာဝ ပတ်ဝန်း ကျင်ကိုလည်း ထိန်းသိမ်းပြီးသားဖြစ်တာပေါ့။ အဲဒီ အချက်ကိုကျွန်တော် ပိုက်ဆံရတာထက်တောင် ပိုကျေနပ်မိပါတယ်။

### စိန်ခေါ်မှုများ။

ကျွန်တော် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အများကြီးနဲ့လည်း ကြုံတွေ့ခဲ့ရတယ်။ ရခိုင်ပြည်နယ်မှာ နိုင်ငံတကာ အဖွဲ့အစည်းတွေ(အထူးသဖြင့်မာတေဆာအဖွဲ့)ကို လူတွေဆန္ဒပြကြတဲ့အချိန်မှာ ဆရာဦးသန်းလှိုင်က ကျွန်တော်တို့ရွာမှာ ရောက်နေတယ်။ တချို့ရွာသားတွေက ဆရာ့ရဲ့ အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း၏ ဝန်ထမ်းဆိုတဲ့အခြေအနေကြောင့် ဆရာ့ကို အနှောင့်အယှက် ဖြစ်အောင်လုပ်ချင်ကြတယ်။ ဒါပေမယ့် ဆရာ ဦးသန်းလှိုင်ကို လုံလုံခြုံခြုံ၊ ဘေးကင်းကင်းနဲ့ စစ်တွေပြန်ရောက်အောင် ကျွန်တော်တို့ ပြန်ပို့နိုင်ခဲ့ပါတယ်။

နောက်တစ်ခုစိန်ခေါ်မှုကတော့ ဒီရေတောစိုက်ခါစမှာ ကျွဲနွားတွေ ဖျက်ဆီးတာခံရတယ်။ ဒီရေတော အတွက် ခြံစည်းရိုးကာဖို့ ကျွန်တော်မလုပ်နိုင်ခဲ့ဘူး။ သံနန်းကြိုးတွေက ၄လလောက် ဆိုရင် ပင်လယ်ဆားငံရေမှာဆွေးကျတယ်။ အခုတော့ခြံစည်းရိုးကာခြင်း ပြဿနာကပြေလည် သွားပါပြီ။ ဒေသထွက်ဝါးနက်တွေကို ကျွန်တော် တိုင်လုံးတွေ လုပ်တယ်။ အဲဝါးနက်တွေကိုပဲ ခွဲပြီး အလွှာလိုက်ကို အကာတွေအနေနဲ့ ကျွန်တော်ကာထား ပါတယ်။

### ပိုကောင်းလာအောင် အကြံပေးချက်

ကျွန်တော် ဒီရေတောကို စပြီးစိုက်တဲ့အချိန်၊ စောင့်ရှောက်တဲ့အချိန်တွေမှာ ကျွန်တော့်မှာ ငွေကြေးထောက်ပံ့မှု မရရှိခဲ့ပါဘူး။ အဲဒါကြောင့် ရွာတွေမှာ နောင်လာနောင်သားတွေ ဒီရေတော စစိုက်ကြတဲ့အချိန် ငွေကြေး ထောက်ပံ့ပေးဖို့ ဆာရာ အဖွဲ့ကို ကျွန်တော်ပြောချင်ပါတယ်။

ဒေသအခြေအနေနဲ့ကိုက်ညီတဲ့ စွမ်းအားမြင့်လောင်စာသက်သာ မီးဖို ထုတ်လုပ်ရေးတွေမှာလည်း ထောက်ပံ့ပေးပါလို့ ဆာရာအဖွဲ့ကို ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုကတော့ ဒေသဖွံ့ဖြိုးရေးတွေ အတွက် အုတ်ဖုတ်တဲ့သင်တန်းပေးပါလို့ ကျွန်တော် အကြံပေးချင်ပါတယ်။

# မတူတမူ သန်းစွမ်းလာပြီ၊ မောင်အေးသန်း





ကျွန်တော်ဆရာကပေးတဲ့သင်တန်းတွေတက်ရင်းနဲ့ ဆရာရဲ့စီမံကိန်းထဲ ပါဝင်ဖြစ်ခဲ့ပါတယ်။ သင်တန်းတွေကတော့ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် မီးသတ် သင်တန်းတို့ပဲဖြစ်ပါတယ်။ ဒီစီမံကိန်းကသင်တန်းတွေ အသိပညာတွေပေးတာမို့ အရေးကြီးတယ် လို့ကျွန်တော်ထင်ပါတယ်။ ဒ့ါအပြင် ရွာလမ်းကြောင့် လည်း ရွာ သန့်ရှင်းလာတယ်။ ရွာထဲမှာ အန္တရာယ်ကင်းကင်းနဲ့ မြန်မြန်ဆန်ဆန် သွားလာလို့ ရလာတယ်။

## အပြောင်းအလဲများ။

နှစ်စဉ်နှစ်တိုင်း ဒီရေတက်ရင်ရွာမှာ ရေကြီးရေလျှံဖြစ်ပါတယ်။ အခုတော့ ဒီရေတောတွေက အဲဒါကိုကာကွယ် နေပါပြီ။

ကျွန်တော်တို့ရွာလမ်းမခင်းရသေးမီ ကျွန်တော်တို့ ရွှံ့တွေ၊ဗွက်တွေ၊ ကျောက်တုံးတွေ ရေတွေထဲ လမ်းလျှောက် ကြရပါတယ်။ ကျွန်တော်ဆို ခနခန ဒူးနဲ့ကျလို့ ခြေထောက်တွေနာရပါတယ်။ ကျွန်တော် လမ်းလျှောက်ရင် တုတ်နဲ့လျှောက်ပါတယ်။ အခုတော့ ဆရာကခင်းပေးထားတဲ့ ရွာလမ်း ပေါ်မှာ လွယ်လွယ်ကူကူလျှောက်နိုင် ပါပြီ။ ကျွန်တော်တို့မှာ ရွာလမ်းရှိနေပါပြီ။

သင်တန်းတွေမတတ်မီကဆိုရင် မုန်တိုင်းကျရင် ဘယ်ကိုသွားရမလဲဆိုတာ ကျွန်တော်တို့ မသိခဲ့ ကြပါဘူး။ အခုတော့ မုန်တိုင်းမကျမီသွားဖို့ ကျွန်တော်တို့သတ်မှတ်ထားတဲ့ လုံခြုံတဲ့နေရာရှိပြီ။ ကျွန်တော်တို့ရွာအတွက် ဆိုရင် အခုကျွန်တော်တို့ရှိနေတဲ့ ဘုန်းကြီးကျောင်းကို သွားရမှာပါ။

သင်တန်းမှာဆွံ့အနားမကြား မသန်စွမ်းတွေကို ကိုယ်ခန္ဓာအမူအယာနဲ့ ဘယ်လိုဆက်သွယ်ရမလဲ ဆိုတာကိုလည်းသင်ပေးပါတယ်။ သင်တန်းကထိခိုက်လွယ်တဲ့ လူတွေကိုဦးစားပေးရမယ် ဆိုတာ လည်း သိစေခဲ့ပါတယ်။

## ထူးခြားမှုအရှိဆုံး အပြောင်းအလဲ

ထူးခြားမှုအရှိဆုံး အပြောင်းအလဲ၊ ကျွန်တော့အတွက်ဆိုရင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင် ခြေ လျှော့ချရေး အသိပညာဗဟုသုတပါပဲ။ ဆရာသင်တန်းတွေ မတိုင်မီကဆိုရင် လူတွေကပိုလုံခြုံတဲ့ နေရာ တွေကို ပြေးကြရင် ကျွန်တော်စိတ်ဓာတ်ကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူမှ ကျွန်တော့်ကို မခေါ်သွား ချင်ကြဘူးလေ။ ကျွန်တော် အိမ်မှာပဲငိုရင်း နေခဲ့ရပါတယ်။ ကျွန်တော် တစ်ယောက်တည်းအထီးကျန်စွာ အိမ်ပြိုသွားမလား၊ ရေတွေက အိမ်ပေါ်အထိကြီးလားမလားဆိုတာ စိုးရိမ်ပြီးနေရပါတယ်။

ဆရာကသင်တန်းတွေပြီးတော့ တခြားရွာသားတွေက ကျွန်တော့်ကို သတိရသွားပြီ။ ကျွန်တော့်ကို ဦးစားပေး ခေါ်သွားရမယ် ဆိုတာ သတိရသွားပြီ။ အခုဆို ကျွန်တော်က လူတိုင်းနဲ့ အတူတူသူတို့ရဲ့ အစီအစဉ်ပေါ်မှာ ပါနေပါပြီ။

ကျွန်တော်တို့ ပိုပြီးလုံခြုံတဲ့နေရာကိုသွားကြရမယ်။ ကျွန်တော်တို့ရွာရဲ့ ဘုန်းတော်ကြီးကျောင်းကို သွားကြရမယ်။ ကျွန်တော်တို့ ဆရာ စီမံကိန်းရောက်ပြီးမှ သဘာဝဘေးအန္တရာယ် နဲ့မကြုံရသေးပါဘူး ဒါပေမယ့် သူတို့ရဲ့ကူညီကယ်ဆယ်ရွှေ့ပြောင်းရေး အစီအစဉ်ကို ကျွန်တော် ယုံကြည်တယ်။ သူတို့ကျွန်တော့်ကို အိမ်မှာ

ကိုယ်လက်အင်္ဂါချို့တဲ့မသန်စွမ်း မောင်အေးသန်း (၃၅နှစ်) ‘ကျွန်တော်က အခုဆို မုန်တိုင်းကြောင့် ရွှေ့ပြောင်းရေးအစီအစဉ်တွေမှာ လူတိုင်းရဲ့အစီအစဉ်ထဲမှာ ပါဝင်နေပါပြီ။’ ဒီနှစ်တွေထဲမှာ အများ ကြီးတိုးတက်လာပါပြီ။ ကျွန်တော်ညီမနှင့် ယောက်ဖ၊ တူလေး တစ်ယောက် တူမ သုံးယောက်နှင့် အတူ ရဲယိုးပြင်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် နေထိုင်ပါသည်။

PHOTO: SAMADHI MARR, BANYANEER

ကျွန်တော် ယုံကြည်တယ်။ သူတို့ကျွန်တော့်ကို အိမ်မှာ တစ်ယောက်တည်း ထားသွားမှာမဟုတ်တော့ပါဘူး။

ကျွန်တော်တို့ရွာမှာ မုန်တိုင်းကြိုတင်လေ့ကျင့်ရေးပွဲ တစ်ပွဲ ၂၀၁၄ခုနှစ်ကပြုလုပ်ခဲ့ပါတယ်။ ကျွန်တော့်ကို ပထမဦးစားပေးစာရင်းထဲမှာ ထည့်ပြီးဘုန်းကြီးကျောင်းကို ရွှေ့ပေးကြပါတယ်။ ကျွန်တော် အရမ်းပျော်တာပါပဲ။ ပြီးတော့ ကျွန်တော့်ကို ယုံကြည်ချက်ရှိလာတယ်။ ရှာဖွေရေးနဲ့ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက ကျွန်တော့် အတွက်တော့ သူရဲကောင်းတွေပါပဲ။ သူတို့လူ၂ယောက်ရဲ့လက်ဌာက်ကိုယှက်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကို ယှက်ထားတဲ့ လက်ဌာက်ပေါ် ထိုင်ခိုင်းပြီး ချီသယ်ရွှေ့ပြောင်းပေးကြတယ်။ သူတို့မှာ လူရွှေ့တဲ့ကာဒ်တွေ ခုံတွေမရှိတော့ အဲလိုလေ့ကျင့်ကြတယ်။

### စိန်ခေါ်မှုများ (အခက်အခဲများ)

ကျွန်တော်က နေမကောင်းတဲ့ အချိန်တွေမှာ သင်တန်းတွေ ပျက်ကွက်ပါတယ်။ ကျွန်တော့်ကို သင်တန်းက သတင်းအချက်အလက်တွေ ပြန်ပြောပြဖို့ တခြားလူတွေဆီမှာ အကူအညီ တောင်းရ ပါတယ်။ ပြီးတော့ ကျွန်တော်တချို့သင်ခန်းစာတွေကို မမှတ်မိနိုင်တော့တာလည်း ကျွန်တော့် အတွက် စိန်ခေါ်မှု၊ အခက်အခဲပါပဲ။

### ပိုကောင်းလာအောင် အကြံပေးချက်

ကျွန်တော်က ရွာလမ်းကို ကျွန်တော့်အိမ်အထိ ရောက်အောင်ရှိစေချင်ပါတယ်။

### အလေ့အကျင့်ကောင်းများ ၇။
### သဘာဝဘေးအန္တရာယ်လျှော့ချရေးတွင် အရေးပါလာသောအမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်မားလာခြင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် ရာသီဥတု ပြောင်းလဲမှု အပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေခြင်း စီမံကိန်းများတွင် အမျိုးသမီးတို့၏ ပါဝင်မှုအခန်း ကဏ္ဍကို တိုးမြှင့်လိုက်ခြင်းအားဖြင့် ဒေသလူထုအတွင်းတွင်လည်း အမျိုးသမီးများသည် အဓိက သော့ချက် နေရာမှပါဝင်လာကြသည်။ အဆိုပါ စီမံကိန်း၏ ၂၀၁၄ခုနှစ်၊ အခြေခံစစ်တမ်းအရ ဖြေဆို ပေးကြသော လူအားလုံးနီးပါး ၉၇%က သဘာဝဘေးအန္တရာယ်ကျရောက်သော အချိန် တွင် အမျိုးသားများကသာ အမျိုးသမီးများထက်ပိုဦးဆောင်သင့်ပြီး သဘာဝဘေးဒဏ်စီမံမှု များကို ပြုလုပ်သင့်ကြောင့်ဖြေဆိုပေးခဲ့ကြသည်။ သို့သော်လည်းစီမံကိန်းအစပြုချိန်မှစ၍ အမျိုးသမီးများ က မိမိတို့ကိုယ့်ကို အရေးပါသောသူများအဖြစ် သတ်မှတ်ဦးဆောင်လာနိုင်ကြပြီး သဘာဝဘေးဒဏ် စီမံမှု များတွင်ဦးဆောင်မှုအပိုင်းမှ အားပြုပါဝင်လာကြသည်။

စီမံကိန်းက ကော်မတီတိုင်းတွင် ကျား-မ အရေအတွက် ညီမျှစွာပါဝင်နိုင်ရန် အသေအချာ လမ်း ညွှန်ထားပါသည်။ အဆိုပါ အတွေးအခေါ်အရ သင်တန်းများတွင်တန်းတူ အရေအတွက် ဖြစ်လာသော အမျိုးသမီးလူထုက သင်တန်းများသည် မိမိတို့ဘဝနှင့် ဆက်စပ်လျက်ရှိပြီး အရေးလည်းပါသည်ဟု အင်မတန်သဘောကျ ကျေးဇူးတင်ကြပါသည်။

အမျိုးသမီးဦးရေအား ကော်မတီများတွင် (ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကော်မတီ၊ ကြိုတင်အသိ ပေးကော်မတီ၊ ရှေးဦးသူနာပြုကော်မတီ၊ မီးသတ်ကော်မတီ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးကော်မတီ)များတွင် အရေအတွက် အညီအမျှ ပါဝင်စေခြင်းဖြင့် အမျိုးသမီးလူထုအား မိမိတို့ ၏ သီးသန့်ဖြစ်သော အရေးပါသော အခန်းကဏ္ဍကို နားလည်သဘောပေါက်လာကြသည်။

တွဲလျက် ဖြစ်စဉ်ဇာတ်လမ်း၂ပုဒ်တွင် ဖော်ပြထားသည့်အတိုင်း စီမံကိန်းများတွင် ပါဝင်ဆောင်ရွက် ခြင်းအားဖြင့် အမျိုးသမီးများသည် ပုဂ္ဂိုလ်ရေးရာအရမိမိကိုယ်ကို ယုံကြည်မှုများ၊ လုပ်ပိုင်ခွင့်များ ရရှိ လာကြသည်။ တစ်ဦးတစ်ယောက်စီ၏ ပြောင်းလဲမှုများသာမက အမျိုးသမီးလူထုက မိမိတို့သည် သဘာဝဘေးဒဏ်လျှော့ချရေးတွင် ဆီလျှော်ပြီး၊ အချက်အချာကျသော နေရာမှ ပါဝင်နိုင်ပါကြောင်းနှင့် ကော်မတီအတွင်း ဦးဆောင်ဦးရွက်ပြုနိုင်ပါကြောင်း အလေးထားပြောကြား လာကြပါသည်။

သွားရောက်လည်ပတ် လေ့လာခဲ့သော ကျေးရွာများမှ အမျိုးသမီးများက ရခိုင်ပြည်နယ်၏ သဘောသဘာဝ ဓလေ့အရ မိမိတို့သည် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်း သူများအား အဓိကပြုစုသူများဖြစ်ကြောင်းနှင့် သဘာဝဘေးဒဏ်အချိန်တွင်လည်း အဆိုပါအုပ်စု များကို ပြုစုရန် အသင့်လျော်ဆုံးလူများဖြစ်ကြောင်း ထုတ်နှုတ်ပြောဆိုကြသည်။

အမျိုးသမီးဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ထင်ရှားမှုများမှာ အမျိုးသမီးများသည် မုန်တိုင်း များ၊ ဆိုင်ကလုန်းများနှင့်ပတ်သက်၍ ကြိုတင်သတိပေးမှုများကို အလွန်စိတ်ပူကြပြီး အမျိုးသား များထက် အထူးဂရုစိုက်ကြသည်။ တခါတရံတွင် အမျိုးသမီးများက သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးများကို တုန့်ပြန်နေချိန်တွင် အမျိုးသားများသည် ကြိုတင်သတိပေးမှုများကို တုန့်ပြန်ရန် ဆန္ဒမရှိကြသေးပေ။

ပင်လယ်၊ မြစ် များနှင့် နီးသော ဒေသလူထုများတွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အမျိုးသမီး အများစုက ရေမကူးတတ်ပါ။ အဆိုပါအချက်သည် ရေကြီးချိန်၊ မုန်တိုင်းလှိုင်းထန်ချိန် နှင့် ဆိုင်ကလုန်းချိန်များတွင် သူတို့ကိုယ်တိုင် ထိခိုက်လွယ်သောအုပ်စုများ ဖြစ်ခြင်းကို ပြသပါသည်။ ယင်းသို့သူတို့ကိုယ်ပိုင်အန္တရာယ်မြင့်တက်နေခြင်းကလည်း အဆိုပါအန္တရာယ်များအား မဖြစ်မီ ကြိုတင် ပြင်ဆင်လျှော့ချပြီး ပိုမိုဂရုပြုစေနိုင်သော တွန်းအား ဖြစ်နေပါသည်။

အမျိုးသမီးများသည် သဘာဝကပင် လူထုအတွင်းသတင်းဖြန့်ဝေသူများ ဖြစ်သည့်သဘာဝ အလျောက် သူတို့၏အသစ်သော သိမြင်ခံစားမှုများ၊ တွေ့ရှိမှုများကို အိမ်နီးချင်းများအား အမျိုးသားများထက် ပိုမိုဖြန့်ဝေပြောကြားနိုင်ကြောင်း ဆာရာဝန်ထမ်းများက မှတ်ချက်ပြုကြသည်။

ဆာရာဝန်ထမ်းများ၏ တွေ့ရှိမှုများအရ အမျိုးသားများသည် သင်တန်းတက်သည့်အခါ ရရှိသော သတင်းအချက်အလက်များကို သူ


ကျေးတောပိုက်ဆိပ်ကျေးရွာ အမျိုးသမီးများ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးနေစဉ်

PHOTO: SAMADHI MARR, BAN'

'သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းတွေမှာ အမျိုးသမီးတွေ ပါဝင်တာ အရေးကြီးပါတယ်။ သဘာဝဘေးအန္တရာယ်တွေမှာကျွန်မတို့ဟာ ကျွန်မတို့ကလေးတွေကို အဓိကစောင့်ရှောက်တဲ့လူတွေဖြစ်ပါတယ်။

ဒါ့ကြောင့်ကျွန်မတို့ရဲ့ပါဝင်မှုဟာ အရေးကြီးပါတယ်။ ကျွန်မတို့က ကိုယ်ဝန်သည်တွေ၊ အသက်ကြီး ရွယ်အိုတွေ နာမကျန်းတဲ့လူတွေနှင့် မသန်စွမ်းလူတွေကိုလည်း စောင့်ရှောက်ပေး နိုင်ပါတယ်။ ကျွန်မတို့ ဒေသဓလေ့မှာလည်း ဒီလူတွေကို ကျွန်မတို့အမျိုးသမီး တွေကပဲ စောင့်ရှောက် ကြတာပါ။ ဒါ့ကြောင့် ကျွန်မတို့ရဲ့ပါဝင်မှုဟာ အရေးကြီးပါတယ်။

ဒီမှာ ကအများအားဖြင့် အမျိုးသားတွေက ရွာအပြင်မှာ အလုပ်သွားလုပ်ကြတာများပါတယ်။ ဆာရာအဖွဲ့က စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းတွေလာပေးတဲ့အခါ ကျွန်မတို့ကပဲ သင်တန်း တက်ရဖို့ အခွင့်အရေးပိုရတာပေါ့။ အဲဒါကြောင့် ကျွန်မတို့က လုပ်ပိုင်ခွင့် နေရာတွေလည်း ပိုရလာ ပါတယ်။

အမျိုးသမီးတွေက လူတွေကို မုန်တိုင်းဘေးကင်းတဲ့နေရာတွေ ရွှေ့ပြောင်းပေးဖို့ ဆော်ဩစည်းရုံး တယ်၊ ကူညီရွှေ့ပြောင်းတယ်။ လူတွေထဲမှာ မသန်စွမ်းတွေဖြစ်တဲ့ မျက်စိမမြင်တဲ့ လူတွေ၊ နားမကြားတဲ့လူတွေပါပါတယ်။ အမျိုးသားအများစုကတော့ သင်တန်းမှာ မတက်ကြဘူးလေ။

အမျိုးသားတွေကတော့ ဆိုင်ကလုန်းသတင်းကြားရပြီဆိုရင် အဲဒါက ပုံမှန်ပဲ၊ ဘာမှ အရေးမကြီးပါဘူးလို့ထင်ကြတယ်။ ဒါပေမယ့် အခုတော့ ကျွန်မတို့ရွာထဲက အမျိုးသမီးတွေက မုန်တိုင်းသတင်း မုန်တိုင်းရဲ့အင်အားနှင့် လားရာကြိုပတဲ့ အရောင်တွေ အကြောင်း နားလည် လာပြီ။ ကျွန်မတို့ကိုယ်တိုင်မှန်မှန်ကန်ကန် ပြင်ဆင် ရွှေ့ပြောင်းနိုင်ပါပြီ။

အများအားဖြင့် အမျိုးသားတွေက သတိပေးချက်တွေကိုလည်း သိပ်ဂရုမစိုက်ကြပါဘူး။ သူတို့က မုန်တိုင်းဆိုတာပုံမှန်ပါပဲလို့ထင်ကြတယ်။ ဘာကြောင့် စိုးရိမ်နေရမှာလဲလို့ထင်တယ်။ အမျိုးသမီးတွေကတော့ မုန်တိုင်းသတင်းကြားတိုင်း တစ်ခုခုကို ကြိုတင်လုပ်ဆောင်ချင် ကြတယ်။အမျိုးသားတွေက သိပ်ကိုတည်ငြိမ်ကြတော့ ဂရုမစိုက်ကြပါဘူး။ တခါတရံ ကျွန်မတို့ခင်ပွန်းတွေက ကျွန်မတို့ကို အော်ပါတယ်။ ဘာလို့လဲ ဆိုတော့ သူတို့ မုန်တိုင်းအင်အားပြ အရောင်တွေအကြောင်းမသိကြဘူးလေ။

ဥပမာ-မုန်တိုင်းအင်အားပြအရောင်က အနီရောင်အဆင့်ဖြစ်နေပြီဆိုရင် ဆိုင်ကလုန်းသည် နောက်ထပ် ၁၂နာရီအတွင်း ဒီဇရိယာကို ဝင်ရောက် တိုက်ခတ်မှာ ဖြစ်ပါတယ်။ ကျွန်မတို့အဲလို ရှင်းပြတော့မှ သူတို့က ပြောင်းရွှေ့ဖို့နောက်ဆုံးမှာ သဘောတူကြပါတယ်။

အများအားဖြင့်တော့ အမျိုးသားတွေက ရှင်းပြရင်သဘောတူကြပါတယ်။ လူတိုင်းက အဲဒီအချိန်မှာ ကြောက်ကြတယ်လေ။ စိတ်ပူပင်မှုကမြင့်တက်နေတယ်။ အဲဒါကြောင့်တကယ်လို့ သူတို့သဘောမတူလည်း နောက်ဆုံးမှာ သူတို့ကို ထားခဲ့ပြီး ကျွန်မတို့ကရွှေ့ပြောင်းကြမှာပါပဲ။'




ကယ်ဆယ်ရွှေ့ပြောင်းရေး ကော်မတီ၏ အမျိုးသမီးအဖွဲ့ဝင်၊ မုန်တိုင်းကြိုလေ့ကျင့်ခန်းတွင် ညွှန်ကြားမှုများပေးနေစဉ်

PHOTO: SAMADHI MARR, BANYANEER

ကျွန်တော် တို့ကိုယ်ပိုင်ထိန်းသိမ်း သိရှိနားလည်ထားနိုင်သော်လည်း၊ အမျိုးသမီးများကမူ အိမ်တွင်းမှ ကလေးများကိုပါ အန္တရာယ်နှင့် လုံခြုံမှုအကြောင်းဝေငှပြောပြ နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင်လည်း အမျိုးသမီးများသည် ထိခိုက်လွယ်သော အုပ်စုများကို ပြုစုစောင့်ရှောက်ရန် ဆန္ဒပိုရှိပြီး လှုပ်ရှားမှုလည်း ပိုမြန်ကာ၊ သဘာဝအလျောက် သတင်းဖြန့်ဝေသူများလည်း ဖြစ်ပါသည်။

အဆိုပါ အကြောင်းအရာများကြောင့် အမျိုးသမီးများသည် သဘာဝဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းများအတွက် အလွန်အရေးပါသော အင်အားများဖြစ်ပါသည်။ ဆာရာမှ ဝန်ထမ်းများသည် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးချိန်တွင် ရွှေ့ပြောင်းနေထိုင်ရခြင်းများရှိလာပါက ကျား-မအခြေပြု အကြမ်းဖက်မှုများမှာလည်း မြင့်တက်လာနိုင်ကြောင်း ဖြည့်စွက် သတိပေးပြောကြားပါသည်။

### သင်ခန်းစာများ

- အမျိုးသမီးများနှင့် အခြားသော ထိခိုက်လွယ်သော ကျေးရွာလူထုအတွင်း ရေကူးသင်တန်းပေး ခြင်းဖြင့် အကျိုးကျေးဇူးရနိုင်ပါသည်။ ဆာရာက မြန်မာနိုင်ငံမီးသတ်အဖွဲ့ အကူအညီဖြင့် ရှာဖွေ ရေးနှင့် ကယ်ဆယ်ရေးကော်မတီဝင်များအား ရေကူးသင်တန်းတိုပို့ချခြင်းမှာ ကောင်းမွန်ပါသော် လည်း အဆိုပါ သင်တန်းအား တိုးချဲ့ပေးသင့်ပါသည်။

- သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များတွင် ဝန်ထမ်းများနှင့် ဒေသခံလူထုအတွက်ပါ တချို့သော အမျိုးသမီးများသာမက အမျိုးသားများအတွက်ပါ ရည်ရွယ်သော ကျား-မ အခြေပြု အကြမ်းဖက်မှု အသိပညာပေးမှုများနှင့်  လျော့ချရေး အစီအစဉ်များပါဝင်ရန် လိုအပ်ပါသေး သည်။

- ထို့အပြင် သဘာဝဘေးအန္တရာယ်လျှော့ချရေး စီမံကိန်းများတွင် ကျား-မ အခြေပြု အကြမ်းဖက် မှုများမှ အမျိုးသမီးများနှင့် ကလေးငယ်များ ဘေးကင်း လုံခြုံစိတ်ချနိုင်စေရန် သဘာဝဘေးအန္တရာယ်လျှော့ချရေးပြင်ဆင်မှုတိုင်းတွင် အစီအစဉ်များကို သေချာစွာဂရုတစိုက် ထည့်သွင်း စီစဉ်ထားသင့်ပါသည်။

# ယုံကြည်မှုရှိလာတဲ့ အမျိုးသမီး၊ ဒေါ်ဦးသိန်းနု



ဆာရာရဲ့ အစီအစဉ်နဲ့ ကျွန်မတို့ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျွန်မတို့ကိုခေါ်ပြီး ကော်မတီဖွဲ့ ပါတယ်။ ကျွန်မက တင်ကြိုအသိပေးကော်မတီဝင်ပါ။ မုန်တိုင်းကျရောက်ခါနီးပြီဆိုရင် ကျွန်မတို့ ကော်မတီက ရွာထဲကလူတိုင်းကို အသိပေးနှိုးဆော်ရပါတယ်။

ဆာရာက အရေးကြီးပါတယ်။ သူတို့ကကျွန်မတို့ကို တန်ဖိုးရှိတဲ့အသစ်သစ်သော ဗဟုသုတတွေ ပေးပါ တယ်။ ကျွန်မတို့ နားမလည်တာတွေကို နားလည်အောင်ရှင်းပြပါတယ်။ ကျွန်မတို့ရွာကို သူတို့ ထောက်ပံ့တယ်၊ ကျွန်မတို့အတွက် ဆိပ်ခံတံတားလည်းဆောက်ပေးပါတယ်။

ဆာရာက ရွာကိုရောက်ရောက်ချင်း ကော်မတီတွေဖွဲ့ပါတယ်။ ဆာရာကအဓိကအားဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အစီအစဉ်တွေ၊ လုပ်ငန်း ဆောင်တာတွေနဲ့ ဆိုင်တဲ့ အသိပညာတွေ၊ ဗဟုသုတတွေ အဓိကဖြန့်ဝေပေးပါတယ်။

ကျွန်မတို့ရဲ့ တင်ကြိုအသိပေးကော်မတီမှာ ၅ယောက်ပါဝင်ပါ တယ်။ တင်ကြိုအသိပေးအဖွဲ့က သင်တန်း၃ကြိမ်တက်ရပါတယ်။ ၁ကြိမ်ကို ၂ရက်ကြာပါတယ်။ ၁ကြိမ်ကတော့ စစ်တွေမှာ သွားတက်ရပါတယ်။ အဲတခါက စစ်တွေတစ်ခေါက်ရောက်ဖူးသွားတာပေါ့။ သူတို့က သင်တန်းချိန် တွေမှာ စားစရိတ်ထပ်ပေးပါတယ်။ သင်တန်းကိုရွာထဲမှာပဲတက်ရရင် တစ်ရက် ၂၀၀၀ကျပ်ပေးပြီး၊ စစ်တွေမှာတက်ရရင်တော့ တစ်ရက်၅၀၀၀ကျပ် ပေးပါတယ်။ ကျွန်မအတွက် ဝင်ငွေလည်းရသလိုဖြစ်တော့ ကျွန်မ ပျော်တယ်။

သင်တန်းမှာမုန်တိုင်းအင်အားနှင့် ဦးတည်ရာ အလိုက်အရောင်သတ်မှတ်ခြင်း သင်ခန်းစာက ကျွန်မတို့အတွက် အရေးကြီးပါတယ်။ အရောင်၅ရောင်သင်ရပါတယ်။

- အဝါရောင်- ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ချိန်၊
- လိမ္မော်ရောင်- လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းစဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားချိန်၊
- အနီရောင်-မြန်မာ့ကမ်းရိုးတန်းကိုမဖြတ်ကျော်မီ၁၂နာရီအကြာ အချိန်ကာလ၊
- အညိုရောင်- မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်ကျော်နေချိန်၊
- အစိမ်းရောင်-မုန်တိုင်းအားပျော့သွားပြီး မုန်တို်င်းအန္တရာယ်ကင်းရှင်းသွားသောအချိန် တို့ကိုရည်ညွှန်းသည်။

သင်တန်းမှာလူတွေကိုအန္တရာယ်ကင်းတဲ့နေရာ၊ ပိုလုံခြုံတဲ့ နေရာကိုရွှေ့ပြောင်းပေးဖို့လည်း သင်ကြားပြောပြပါသေးတယ်။ ထိခိုက်လွယ်တဲ့လူတွေ (အသက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ မသန်စွမ်း )တွေကို ဆာရာရဲ့ရွာလမ်းအတိုင်း ဘုန်းတော် ကြီးကျောင်းကို ဦးစားပေးရွှေ့ပြောင်းပေးရမယ် ဆိုတာလည်းပါပါတယ်။

အနီရောင်အဆင့်မှာဆိုရင် ကျွန်မကရွာကိုပတ်ပြီး အော်လံနဲ့ သတိပေးလိုက်အော်ရပါတယ်။ ကျွန်မရဲ့အော်သံ ကြားတာနဲ့ လူတိုင်းကသူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ပြင်ဆင်ထုတ်ပိုးကြတယ်။ မိသားစုဝင်တွေ အားလုံး လုံခြုံရေးအတွက်စုစည်းကြတယ်။ တစ်ယောက်ယောက်က ရွာအပြင်ရောက်နေခဲ့ရင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေက သွားရှာပြီးကယ်ကြဖို့ပါ။ ကျွန်မတို့ ကြိုတင်အသိပေးအဖွဲ့က အားလုံး၅ယောက်ရှိပါတယ်။



ဒေါ်ဦးသိန်းနု( ၃၇နှစ်) လယ်သူမကြီးဖြစ်ပြီး စစ်တွေဈေးကို ကဏန်းတွေလည်း တင်ပို့ရောင်းချပါတယ်။ ခင်ပွန်းသည်၊ သမီး၅ယောက်နှင့် အတူ ပြာပင်ရင်း ကျေးရွာ၊ ရသေ့တောင်မြို့နယ်တွင် နေထိုင်သည်။

PHOTO: SAMADHI MARR, BANYANEER

တရွာလုံးကို၅ယောက်နဲ့ ကြိုတင်အသိပေး ရမယ်ဆိုတော့ ကျွန်မတို့တစ်ယောက်က ရွာရဲ့၂၀ရာခိုင်းနှုန်း ကို တာဝန် ယူထားသလိုပါပဲ။ ကျွန်မက ရွာသားတွေရဲ့လုံခြုံရေးအတွက် တာဝန်ရှိတာကိုဂုဏ်ယူတယ်။ အဲဒါကြောင့် ကျွန်မအမြဲကြိုးစားပြီး သေချာလုပ်ချင်ပါတယ်။

ကျွန်မကော်မတီဝင်မဖြစ်ခင်ကဆိုရင် ကျွန်မက နေ့စဉ်အိမ်အလုပ်တွေလုပ်ရင်း၊ သမီးတွေကို ထိန်းကျောင်းရင်း အလုပ်တွေများပြီးအချိန်တွေကုန်ခဲ့တာပါ။ ကျွန်မက ရွာအတွက် ဘာမှ မလုပ်ပေး နိုင်ခဲ့ပါဘူး။

အခုတော့ ရပ်ရွာ အတွက် ကျွန်မမတ်တပ်ရပ်နိုင်ခဲ့ပါပြီ။ ဆာရာ အဖွဲ့ကအစည်းအဝေးတွေတိုင်း ဆွေးနွေးပွဲတွေတိုင်း ကျွန်မကို ဖိတ်ပါတယ်။ အဲလိုနဲ့ပဲ အခုဆိုရွာထဲမှာ ကျွန်မနေရာရလာပါပြီ။

၂၀၁၅ ကိုမန်မုန်တိုင်းတုန်းက ကျွန်မတို့သင်တန်းတွေမပြီးသေးပါဘူး။ ကော်မတီတွေကလည်း အရမ်းမကူညီ မလုပ်ဆောင် နိုင်ခဲ့ပါဘူး။ ကျွဲ၊နွား တွေပျောက်တယ်။ ရွာအပြင်မှာ နွားကျောင်းနေတဲ့ ရေမကူးတတ်တဲ့ ၂၅ နှစ်အရွယ် အမျိုးသားတစ်ယောက် သေဆုံးခဲ့ပါတယ်။

အခုတော့ ကျွန်မတို့လူတွေကိုရော ကျွန်မတို့ကိုယ်ကျွန်မတို့ရော ဘယ်လိုကာကွယ်ရမယ်ဆိုတာ သေချာသိကြပါပြီ။ အနာဂတ်မှာတွေ့ လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ကျွန်မတို့ နောက်ထပ် လူတစ်ယောက် ကိုမှ အဆုံးရှုံးမခံတော့ပါဘူး။

ကျွန်မဆာရာကို အလွန်သဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ဆာရာက ကျွန်မတို့ရွာရဲ့လူနေမှု အဆင့် အတန်းကိုမြှင့်ပေးတယ်။ အမျိုးသမီးတွေကိုနေရာရလာအောင်၊ အခွင့်အရေးတွေရလာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို တိုးတက်အောင်အားပေး မြှင့်တင်ဆောင်ရွက်ပေးတယ်။ ကျွန်မတို့ရဲ့ကော်မတီတွေတိုင်းမှာ အမျိုးသား၊ အမျိုးသမီးအရေအတွက်ကို ညီမျှအောင်ဖွဲ့ထား ပါတယ်။ အရင်တုန်းကကျွန်မတို့ရွာမျာ အမျိုးသမီး တွေက သိပ်စကားပြောလေ့မရှိကြပါဘူး။ ကျွန်မရွာသားတွေ၊ လူထုတွေကြားထဲက အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ပိုနားလည်လာ သလိုပါပဲ။ ကျွန်မအတွက် အဓိကဆန္ဒဆိုရင်တော့ဖြစ်နိုင်ရင် ကျွန်မသမီး၅ယောက်ကို မတူညီတဲ့နေရာတွေပဲ ဖြစ်ဖြစ်၊ တူညီတဲ့နေရာတွေပဲဖြစ်ဖြစ် အခန်းကဏ္ဍတွေမှာ အရေးပါတဲ့ အမျိုးသမီးတွေ ဖြစ်စေချင် ပါတယ်။ ဖြစ်လာနိုင်တယ်လို့

## စကားပြောဖို့ ယုံကြည်မှုရှိလာပြီ။၊ စုစုလှိုင်



စုစုလှိုင် (၂၁နှစ်) အဝေးသင် တက္ကသိုလ်ကျောင်းသူ ရွာသစ်ကေကျေးရွာ (ရသေ့တောင်မြို့နယ်) မိဘများနှင့် မောင်ငယ်လေး ၂ယောက်နှင့် အတူ နေထိုင်သည်။

PHOTO: SAMADHI MARR, BANYANEER

တနေ့မှာ ဆာရာအဖွဲ့က ဝန်ထမ်းတွေ ရွာကိုရောက်လာပြီးတော့ ကော်မတီဖွဲ့မယ့်အကြောင်းတွေ ပြောပါတယ်။ ကျွန်မ ကော်မတီမှာပါမယ်လို့ဆုံးဖြတ်ခဲ့တယ်။ အဲလိုနဲ့ ကျွန်မက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်လာတယ်။ တကယ်လို့မုန်တိုင်း ကျွန်မတို့ဆီ ဝင်တော့မယ် ဆိုရင် ရှာဖွေရေးနှင့်ကယ်ဆယ်ရေး ကော်မတီက လူတွေကို သူတို့ရဲ့အန္တရာယ် ထိခိုက်လွယ်မှု တွေအလိုက် ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရ ပါတယ်။

ဆာရာအဖွဲ့စီမံကိန်းက အရေးပါပါတယ်။ ဆာရာက သဘာဝဘေးအန္တရာယ်ကျလာရင် လူတွေ တစ်ယောက်နှင့် တစ်ယောက်ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လိုစောင့်ရှောက်ရမလဲ ဆိုတာ လေ့ကျင့်ပေးပါတယ်.

### ထူးခြားမှု အရှိဆုံးအပြောင်းအလဲ - စကားပြောဖို့ယုံကြည်ချက် ရှိလာပြီ။

ကျွန်မအတွက် ထူးခြားမှု အရှိဆုံးအပြောင်းအလဲကတော့ လူတွေကို ဘယ်လိုစကားပြော ဆက်သွယ်ရသလဲ ဆိုတာကို ဆာရာရဲ့ စီမံကိန်းလုပ်ငန်းဆောင်တာများကတဆင့် လေ့လာသင်ယူ ခဲ့ရတာပါပဲ။ ကျွန်မလူတွေနဲ့ အရင်ကထက် ပိုပြီးကောင်းကောင်းဆက်သွယ် ပြောဆိုလာနိုင်တယ် လို့ ထင်ပါတယ်။

ဆာရာအဖွဲ့မရောက်မီ ကျွန်မ ၁၀တန်းအောင်တဲ့နှစ်က ကျွန်မ စစ်ကိုင်းဆိုတဲ့ ဖွံ့ဖြိုးမှုအဖွဲ့အစည်း တစ်ခုမှာ အလုပ်လျှောက်ခဲ့တယ်။ သူတို့က ကျွန်မကို အင်တာဗျူးဖြေဖို့ခေါ်တယ်။ ဒါပေမယ့် ကျွန်မအင်တာဗျူးဖြေရမှာ လူတွေနဲ့စကားပြောရမှာ ကြောက်လို့ ကျွန်မအလုပ်ရဖို့ အခွင့်အရေး လက်လွှတ်ခဲ့ရတယ်။
အခုတော့ ကျွန်မက ဆာရာရဲ့လုပ်ငန်းဆောင်တာတွေမှာ ပါဝင်လုပ်ဆောင်ရင်း ဆွေးနွေးမှုတွေ၊ သင်တန်းတွေ မှာ တခါတလေ လူတွေရှေ့ထွက်ပြီး စကားပြောရပါတယ်။ ကျွန်မကို လူတွေရှေ့ စကားပြောတတ်အောင် လေ့ကျင့်ပေးနေသလိုပါပဲ။ ကျွန်မစစ်တွေကိုလည်း သင်တန်းသွားတက်ရတယ်။ စစ်တွေမှာလည်း လူတွေ အများကြီးနဲ့တွေ့တယ်။ လူတွေကို ဘယ်လိုကူညီရမလဲ ဆိုတာကျွန်မကို လေ့ကျင့်ပေးခဲ့ပါတယ်။

မုန်တိုင်းကြို အစမ်းကျင့်လေ့ကျင့်ခန်းလုပ်တုန်းကလည်း ထိခိုက်လွယ်တဲ့ လူတွေ(ကလေးတွေ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ မသန်စွမ်းလူတွေ နှင့် အသက်ကြီးရွယ်အို အဘိုးအဘွား)ကို အဓိကဦးစားပေး ပြီး ဘေးကင်းရာနေရာကို ရွှေ့ပြောင်းပေးရမယ်ဆိုတာ လက်တွေ့သိခဲ့တယ်။ အခုတော့ လူတွေကို စကားပြော ဆက်သွယ်တတ်ရုံတင်မကဘဲ သဘာဝဘေးအန္တရာယ်ကျလာရင် လူတွေကို ဘယ်လိုကယ်ရမလဲ သိနေပါပြီ။ ကျွန်မကိုယ်ကို ကျွန်မ အဆင့်မြင့်လာတယ်၊ ပိုယုံကြည်မှု ရှိလာတယ်ထင်တယ်။ ကျွန်မစိတ်ထဲမှာ ‘ကျွန်မလုပ်နိုင်တယ်’ လို့ကျွန်မ သိလာပါပြီ။

### စိန်ခေါ်မှုများ (အခက်အခဲများ)

ကျွန်မ ရသေ့တောင်မြို့ကိုသွားပြီး သင်တန်းတက်တုန်းကဆို ကျွန်မတစ်ယောက်တည်း အိမ်မှုကိစ္စတွေလုပ်၊ ချက်ပြုတ်နဲ့ သင်တန်းလည်းတက် တစ်ယောက်တည်း အဖော်လည်းမပါ နည်းနည်းတော့ ခက်ပါတယ်။

### ပိုကောင်းလာအောင် အကြံပေးချက်။

သင်တန်းပေးတဲ့ အကြိမ်အရေအတွက်နဲ့ ကာလကို နည်းနည်း တိုးစေချင်ပါတယ်။ ပြီးတော့ ကျွန်မတို့ကို ရွာထဲမှာ ပိုမိုနိုးဆော်လာနိုင်အောင် ခေါင်းဆောင်မှုသင်တန်းတွေ လေ့ကျင့်ပေးရင် ပိုကောင်းမယ် ထင်ပါတယ်။



# အသက်ကိုကယ်ခြင်း ၊ဒေါ်လှသိန်းနု

ဒေါ်လှသိန်းနု(၅၂ နှစ်) ပြည်သူ့ကျန်းမာရေးလုပ်သား ကုလားချောင်းကျေးရွာ (ပုဏ္ဏားကျွန်းမြို့နယ်) အမ၊ အကို ယောက်မနှင့် တကွ မြေးငယ်လေးတစ်ဦးနှင့် အတူနေထိုင် သည်။

PHOTO: CERA

ခရစ်သက္ကရာဇ် ၂၀၁၄ ခုနှစ်မှာ ဆာရာအဖွဲ့ ကျမတို့ရွာကိုရောက်ပါတယ်။ ကျွန်မက ရှေးဦး သူနာပြု အဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ကျွန်မရဲ့ အဓိကတာဝန်ကတော့ ဖျားနာခြင်း၊ ဝမ်းလျှောခြင်း၊ အအေးမိ နှာဆေး ချောင်းဆိုး၊ ခေါင်းကိုက်၊ သိပ်မကြီးတဲ့ထိခိုက်ရှနာ နှင့် အပူလောင် စတဲ့ အသေးစား အဖျား အနာလေးတွေကို ကြည့်ရှုစောင့် ရှောက်ပေးဖို့ပါပဲ။

## အပြောင်းအလဲများ

မုန်တိုင်းလာခဲ့ရင် ပြေးရမယ်ဆိုတာပဲ သိခဲ့တဲ့ ကျမတို့ကို ဆာရာရဲ့ သင်တန်းတွေက မုန်တိုင်း အတွက် ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်း ရပ်ဝန်းအကြောင်းရှိ/မရှိ ရေဒီယို နားထောင် ဖို့ ကစပြီးသင်ပေးခဲ့တယ်။ ရေဒီယိုနားထောင်တဲ့ အခါမှာလည်း မုန်တိုင်း အင်အားနှင့် ဦးတည်ရာ အလိုက် အရောင်သတ်မှတ်ခြင်းတွေကို သေသေချာချာနားထောင်ဖို့လိုပါတယ်။ ကြိုတင် အသိ ပေးကော်မတီက သတ်မှတ်ထားတဲ့မုန်တိုင်းအဆင့်တွင် ကြေငြာပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အဖွဲ့တွေကလည်း အန္တရာယ်ပိုကင်းတဲ့ နေရာတွေကို ရွှေ့ပြောင်းပေးမှာဖြစ်ပါတယ်။ မုန်တိုင်း အတွင်း အသေးစား ထိခိုက်ဒဏ်ရာရတဲ့လူတွေကိုလည်း ဘယ်လိုပြုစုကုသပေးရမလဲ ဆိုတာလည်း သိလာကြပါတယ်- ရှေးဦးသူနာပြု ကော်မတီကလုပ်ဆောင်မှာဖြစ်ပါတယ်။

အရင်တုန်းအချိန်တွေက မုန်တိုင်းတို့ ရေကြီးရေလျှံတို့ကို ကျွန်မတို့ အမြဲကြောက်လန့်ပါတယ်။ အခုတော့ ကြိုတင်အသိပေးခြင်းသင်တန်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း၊ ရှေးဦးသူနာ ပြုသင်တန်းတွေ တက်ပြီးတော့ ကျွန်မတို့ ကိုယ့်ကို ယုံကြည်မှုတွေရှိလာတယ်။

ဒ့ါအပြင် ကျွန်မတို့မှာ အခုဆိုရင် အတူတကွပူးပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်လည်း ရှိလာပါတယ်။ ဒီရေတော စိုက်ပျိုးစောင့်ရှောက်ခြင်းရဲ့အကျိုးကျေးဇူးတွေလည်း သင်ယူနားလည် လာပါတယ်။ ကျွန်မတို့ရွာမှာ အခုဆိုရင် ရွာလမ်းလည်း ရှိလာပြီး ရွာထဲမှာရော၊ ဆိပ်ခံတံတား ဆီ ကိုရော ယခင်အချိန်တွေထက် ပိုပြီးမြန်မြန်ဆန်ဆန် ဘေးကင်းကင်းနဲ့ စိတ်ချလက်ချ သွားလာလို့ ရပါပြီ။

ဒီရေတော စိုက်ပျိုးစောင့်ရှောက်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက် နိုင်ပါတယ်။ ရေတိုက်စားခြင်းများ၊ မုန်တိုင်းလှိုင်းကြီးခြင်းများ နှင့် ရေကြီးရေလျှံခြင်းများမှလည်း ကာကွယ်နိုင်ကြောင်းသိရပါတယ်။

## အထူးခြားဆုံးအပြောင်းအလဲ အသက်ကို ကယ်ခြင်း။

ကျွန်မက ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်နေတာ အနှစ်၂၀ကျော်ရှိပါပြီ။ ဆာရာက ပို့ချပေး တဲ့ရှေးဦးသူနာပြု သင်တန်းကို ၁ကြိမ်မှာ ၃ရက်စီနှင့် ၂ကြိမ်တက်ခဲ့ပါတယ်။ ရေနစ်ရာ မှလည်း ကောင်း၊ ဓာတ်

လိုက်ခြင်းအပါအဝင် အမျိုးမျိုးသော ရှော့ဖြစ်ခြင်းကြောင့်လည်းကောင်း၊ လူတစ် ယောက် နှလုံးခုန်ရပ်သွားရင် ဘယ်လို စမ်းသပ်ကယ်တင်နိုင်သလဲ ဆိုတဲ့ အသက်ကယ်ခြင်း နည်းလမ်းကို သင်ယူခဲ့ရပါတယ်။ အဖျားအနာများနှင့် အသေးစား ထိခိုက်ရှနာများ၊ အသေးစား မီးလောင်ခြင်း များနှင့် အနာများကို ဂရုစိုက်ခြင်း ပြုစုခြင်းများကိုလည်း သင်ယူခဲ့ရပါတယ်။ ဒါ့အပြင် အရာဝတ္ထုတစ်ခုခုကို လေပြွန်ထဲရောက်သွားလို့ကလေးငယ်တွေ အသက်ရှူကြပ်တဲ့ အခါ ဘယ်လိုကယ်တင်ရမလဲ ဆိုတာလည်း သင်ယူရပါတယ်။

ဆာရာကပေးတဲ့ ရှေးဦးသူနာပြုစုနည်း သင်တန်းမှ ရသော ဗဟုသုတ အသိပညာတွေနဲ့ကျွန်မ မွေးစကလေးတစ်ယောက်ရဲ့အသက်ကို ကယ်တင်ပေးနိုင်ခဲ့ပါတယ်။ တစ်နေ့မှာ ကျွန်မ သူငယ်ချင်းအိမ်ကို ကျွန်မသွားလည်ခဲ့ပါတယ်။ ကျွန်မသူငယ်ချင်းရဲ့သမီးလေးက အိမ်မှာ အရပ်လက်သည်နဲ့ ကလေးမွေးနေတဲ့အချိန်ဖြစ်ပါတယ်။ သားဦး ကိုယ်ဝန်ဖြစ်တဲ့အလျောက် အိမ်သားတွေ အားလုံးက စိတ်လှုပ်ရှားနေကြပါတယ်။

အရပ်လက်သည်က ကျွန်မကိုပြောပါတယ်။ ရေမွှာကပေါက်ပြီးပြီ၊ သားအိမ်ကမပွင့်သေးလို့ သားအိမ်ပွင့်ဆေးထိုးဖို့လိုနေတယ်။ အဲဒီ သားအိမ်ပွင့်ဆေးထိုးလို့ရရင် ဒီကလေးမွေးတာ ပိုလွယ် မယ်လို့ပြောပါတယ်။

၂နာရီ-၃နာရီလောက်ကြာတော့ အရပ်လက်သည်ကထွက်လာပြီးပြောပြန်ပါတယ်။ ကလေးတော့ မွေးပြီ။ ဒါပေမယ့် ကလေးက အသက်လည်း မရှူ၊ ငိုလည်း မငိုဘူးလို့ပြောပါတယ်။ ကျွန်မအလွန် စိတ်ပူသွားပါတယ်။ ကျွန်မမွေးခန်းထဲကို ဝင်ပြီး ကလေးကိုသွားကြည့်ပါတယ်။ အသက်မရှူတဲ့ ကလေးရဲ့ရင်ဘတ်ကို ကျွန်မသင်တန်းကသင်တဲ့အတိုင်းစနစ်တကျ စပြီး နည်းအတိုင်းနှိပ်ပြီး နှလုံးနှိုးပါတော့တယ်။ အခါ ၃၀လောက် နှိပ်ပြီးတဲ့အခါမှာ ကလေးက ရုတ်တရက် အသက်ရှူလာ ပြီး ထငိုတော့တာပါပဲ။ ကံကောင်းလိုက်တာ။

ကလေးငို ငိုချင်း ကျွန်မကလေးကို နွေးထွေးတဲ့ အဝတ်ထဲမှာ ထုပ်ပိုးပြီး မိခင်ရင်ဘတ်ပေါ်တင် မိခင်နို့ကို စတိုက်ပါတယ်။ ကျွန်မ သူငယ်ချင်းမိသားစုအားလုံးက ကလေးရဲ့အသက်ကိုပြန်ခေါ် ပေးတဲ့ ကျွန်မကို အရမ်းကျေးဇူးတင်ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဆာရာကပေးတဲ့သင်တန်းတွေရဲ့ အသိပညာတွေနဲ့ ကယ်ခဲ့တာပါ။ ကျွန်မ တစ်ယောက်တည်းက ကယ်ခဲ့တာတော့ မဟုတ်ပါဘူး။ အခုဆိုရင် အဲကလေးလေးက ကျန်းကျန်းမာမာ ဝဝတုတ်တုတ် နဲ့ကောင်းကောင်း အသက်ရှင်နေပါတယ်။

အဲဒီ ဖြစ်ရပ်က ကျွန်မအတွက်တော့ အထူးခြားဆုံးအပြောင်းအလဲ၊ အမှတ်တရ ဖြစ်ရပ်ပါပဲ။

### အခက်အခဲများ

အစပိုင်းအချိန်တွေမှာ ဆာရာရဲ့သင်တန်းတွေကိုတက်ဖို့ ရွာသားတွေကိုစုရတာ အရမ်းခက်ခဲ ပါတယ်။ နောက်ပိုင်းမှာတော့သူတို့ကိုယ်တိုင် သင်တန်းတွေရဲ့အကျိုးကျေးဇူးတွေကို သိသွား ကြတဲ့အတွက် လူစုရတာ မခက်ခဲတော့ပါဘူး။

### ပိုကောင်းလာအောင် အကြံပေးချက်။

ရွာလမ်းလေးကို ပြီးအောင်ခင်းပေးပါလို့ ဆာရာကို ပြောချင်ပါတယ်။

# နိဂုံးချုပ်မှတ်ချက်များ

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး စီမံကိန်းသည် ဒေသခံလူထု အတွက် ဘယ်လိုပြောင်းလဲမှုများကိုဖြစ်စေပါသလဲ။ အဆိုပါမေးခွန်းသည် အစဦး မိတ်ဆက်ကပင် စတင် အထူးပြုခဲ့သော မေးခွန်းဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင်ပါဝင်သော ဖြစ်စဉ် ဇာတ်လမ်း ၁၁ပုဒ်မှ ထင်ဟပ်စေသည့် အပြောင်းအလဲများသည် ကောင်းမွန်သော သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည်ရှိစေခြင်းအစီအစဉ်များမှ ဖန်တီးပေးနိုင်သော များစွာသော အကျိုးကျေးဇူးများကို ဖော်ပြနေပါသည်။ အမှန်တကယ်ပင် ဖြစ်စဉ်ဇာတ်လမ်းများအားလုံးနီးပါး သည် အဓိက ရည်ရွယ်ချက်ဖြစ်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေး - အန္တရာယ်များမှ အစပြုသည့် ပျက်စီးဆုံးရှုံးမှုများလျှော့ချရေး ထက် ပိုသာနေသော အကျိုးကျေးဇူးများကို ပြသပါသည်။

ဖြစ်စဉ်ဇာတ်လမ်းများအရ စီမံကိန်းတလျှောက် မာတေဆာအင်တာနေရှင်နယ်နှင့် ဆာရာ အဖွဲ့တို့သည် ထိတွေ့စမ်းသပ်နိုင်သောအကူအညီများ(ရွာလမ်းများ၊ ဆိပ်ခံတံတားများနှင့် မြစ်ကမ်းပါးထိန်းနံရံများ)နှင့် မထိတွေ့မစမ်းသပ်နိုင်သောအထောက်အပံ့များ (အသိပညာ၊ မိမိကိုယ်မိမိ ယုံကြည်မှု၊ ပါဝင်မှု) စသော အကျိုးကျေးဇူးများကို ဘေးအန္တရာယ် ကျရောက်သည် ဖြစ်စေ၊ မကျရောက်သေးသည်ဖြစ်စေ ရုပ်လုံးဖော် အကောင်အထည် ဖော်ပေးခဲ့ ပါသည်။

ရွာသူရွာသားများကပြောပြသော အပြောင်းအလဲများတွင် ပိုမိုအကျိုးရှိ ထိရောက်လာသော စိတ် သဘောထားအမြင်များ၊ ဒေသခံနှင့် တာဝန်ရှိသူများအကြား ပိုမိုကောင်းမွန်သော ဆက်သွယ်မှု များနှင့် ရွာသူရွာသားအချင်းချင်း ပိုမို ဖွဲ့စည်း ဆောင်ရွက်တတ်လာခြင်းများကို ဖော်ပြထားသည်။ ဆက်လက်ပြီး ဖော်ပြသူတို့က မသန်စွမ်းသူများကို ပိုမိုဂရုစိုက်ခြင်းနှင့် ထည့်သွင်းအလေးထား ဆက်ဆံခြင်း၊ အမျိုးသမီးလူထု၏ လုပ်ပိုင်ခွင့် များတိုးတက်မြင့်မားလာခြင်းများလည်း ပြန်ပြောင်း ပြောဆိုကြပါသည်။ ဒီရေတောစိုက်ပျိုးခြင်းများနှင့် ပင်လယ်ကမ်းခြေ သံယံဇာတ စီမံခန့်ခွဲမှုများ ကိုလည်း အထူးအလေးတန်ဖိုးထားမှုများဖော်ပြကြသည်။

အသက်မွေးဝမ်းကြောင်းမှုများနှင့် နေထိုင်မှု အခြေအနေများတိုးတက်ကောင်းမွန်လာခြင်းများကို လည်းထည့်သွင်းပြောပြကြပါသည်။ ၂၀၁၅ခုနှစ်၊ ရခိုင်ပြည်နယ်တွင်တိုက်ခတ်ခဲ့သော ကိုမန် မုန်တိုင်းအား နောက်ခံထားပြောဆိုကြပြီး ဖြစ်စဉ်ဇာတ်လမ်းများတွင် အသင့်ပြင်ဆင်ထားခြင်း၏ တန်ဖိုးများ၊ ယုံကြည်မှုခိုင်မာလာခြင်းနှင့် ပိုမိုလုံခြုံလာရခြင်း၏ အခြေအနေများအကြောင်း ကို လည်း ပြသဖော်ပြကြသည်။

ဖြစ်စဉ်ဇာတ်လမ်းများသည် အတွေ့အကြုံများနှင့် အမြင်များကို ဖလှယ်စေနိုင်ပြီး ရရှိသော သင်ခန်းစာများကိုလည်း ကိုယ်စားလေ့လာနိုင်ရန် ဝေငှထားပါသည်။

‘ယုံကြည်မှုနှင့် ထိတွေ့စမ်းသပ်နိုင်သောအရာများ’ သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ် လျှော့ချ ရေးဆိုင်ရာအစီရင်ခံစာ သတင်းလွှာမှတဆင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း များတွင် အောင်မြင်မှုများရရှိစေနိုင်ရန် သော့ချက်သင်ခန်းစာများကို လည်း အလေးထား ဖော်ပြထားပါသည်။ ရခိုင်ပြည်နယ်၏ ခက်ခဲသော အခြေအနေများ၊ ပြင်ပ အဖွဲ့အစည်းများအား မယုံကြည်နိုင်မှုများ အတွင်း ဤစီမံကိန်းသည် စဉ်းစားဉာဏ်ရှိစွာ ချဉ်းကပ်ဖြတ်သန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဒေသခံ အဖွဲ့အစည်းအသစ်အဖြစ် ဆာရာသည် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် နည်းပညာ ဆိုင်ရာ အထောက်အပံ့များပေးပါသော မာတေဆာ အင်တာနေရှင်နယ်အဖွဲ့နှင့် ပူးပေါင်း၍ အဓိက အကောင်အထည်ဖော်ဆောင်ရွက်သူအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဖြစ်စဉ်ဇာတ်လမ်းများတွင် ဆာရာအဖွဲ့၏ အသေးစိတ်ဆန်သော အပြုအမူ - အချိန်နှင့် တွေ့ဆုံ မှုများကိုဒေသခံလူထု၏အချိန်ပေးမှု အတိုင်း နားထောင်ပြီးလိုက်လျောညီထွေ ပျော့ ပျောင်းစွာ သဘောထားနိုင်မှု၊ အတူတူဆွေးနွေးပြီး ဖြစ်နိုင်သော အဖြေရနိုင်ရန် အတူလက်တွဲ ဖော်ဆောင် နိုင်မှုတို့ကို အလေးပေးတန်ဖိုးထားပြောကြားကြသည်။ တဖန် ကံကြမ္မာအလေးပေး သည်မှာ ဆာရာသည် လူထု၏ ယုံကြည်မှုကို မြန်မြန်ဆန်ဆန်ရယူနိုင်ရန် စီမံနိုင်ခြင်းပင်ဖြစ်ပါသည်။

ထိတွေ့စမ်းသပ်နိုင်သောအကူအညီတို့ကလည်းကူညီပေးခဲ့ကြပါသည် - ဆောက်လုပ်ရေးပစ္စည်းများ ထိတွေ့စမ်းသပ်နိုင်သောအကူအညီများနှင့် အသေးစား အရံအတား ပစ္စည်းများကလည်း သဘာဝဘေးအန္တရာယ်ကိုလျှော့ချနိုင်ပြီး လူထု၏ဘဝအတွက် အရေးပါသော အပြောင်းအလဲများဖြစ်စေ နိုင်ကြောင်း စီမံကိန်းဧရိယာ ကျေးရွာလူထု ဖြဖြ ရွာမှ ဖော်ပြကြပါသည်။ ထိုအရာ များက သင်တန်းများ၊ အကြိုအစမ်းလေ့ကျင့်မှုများနှင့် ဆွေးနွေးမှုများ၊ ရှေ့ဆက်စီစဉ်မှုများ စသည် ထောက်ပံ့မှုများအကြား ကျယ်ပြန့်သော အထောက်အပံ့များပင်ဖြစ်သည်။

လူထုကစီမံစိုက်ပျိုးထားသော ဒီရေတောများနှင့် ဟင်းချက်မီးဖိုများ ထုတ်လုပ်ခြင်းသင်တန်းများ ကလည်း စွယ်စုံအကျိုးများအတွက် ကြီးမားသော ဥပမာများဖြစ်ပါသည်။ (အကာအကွယ် အတား အဆီးများအဖြစ်လည်းကောင်း၊ လောင်စာအသုံးပြုရန်လိုအပ်မှုလျှော့ချရေးအတွက်လည်းကောင်း) စသည် ကျစ်လျစ်သော အကျိုးကျေးဇူးများ ပေးနေသော တချိန်တည်းမှပင် (မီးဖိုထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေရလုပ်ငန်း ဖြစ်လာစေခြင်း၊ ထင်းကောက်ရသော အချိန်သက်သာခြင်း၊ ငါး၊ပုစွန်၊ ကဏန်းနှင့် ရေသတ္တဝါများ ပေါများလာစေနိုင်ခြင်း) စသော အကျိုးကျေးဇူးများလည်း ရရှိစေပါသည်။

ဒေသခံလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းနှင့် ပတ်သက်၍ ဆက်လက်ကြည့်ရှုလုပ်ဆောင်ရန် လိုအပ် နေပါသည်။ လူထုသည် သဘာဝဘေးအန္တရာယ်အတွက်ပြင်ဆင်နိုင်ပါသည်။ သို့သော် သောက်သုံးရေနှင့် တကွ အခြားသော အခြေခံ သန့်ရှင်းရေးအသုံးအဆောင်များ (မြေကြီးပေါ် တွင် မစင်စွန့်နေလျှက်ရှိနေပါသေးလျှင်) မရရှိနိုင်ပါက ကျန်းမာရေးအတွက် ထိခိုက်လွယ်ပြီး အန္တရာယ်ရှိနေအုံးမည် ဖြစ်ပါသည်။

အခြားသောအခြေခံလိုအပ်ချက်များအတွက် အကူအညီများပိုပေးရန်နှင့် လိုအပ်နေသော အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အစိုးရနှင့်အစိုးရမဟုတ်သော အခြားသောဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ လိုအပ်ပါသည်။

ပြောရမည်ဆိုလျှင် စီမံကိန်းမှတဆင့် တိုးတက်အောင်မြင်မှုအမြောက်အများရသည်ဆိုသည်မှာ သံသယရှိရန် မလိုပါ။ ယခု သတင်းလွှာတွင်ပါဝင်သော ဖြစ်စဉ်ဇာတ်လမ်းများအရ လူထုသည် ကောင်းစွာပြင်ဆင်ပြီး ကောင်းစွာအဆင်သင့်ဖြစ်နေပါပြီ။ ထိုအရာများအားလုံးသည် အောင်မြင်မှု အတွက် ပေါင်းစပ်မှုများ ပင်ဖြစ်ပါသည်။

Malteser International
Order of Malta Worldwide Relief

CERA
Community Empowerment and Resilience Association



သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးစီမံကိန်းသည် ဒေသခံလူထု အတွက် ဘယ်လို ပြောင်းလဲမှုများကိုဖြစ်စေပါသလဲ။လေ့လာတွေ့ရှိမှုများအရ သဘာဝဘေး အန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး စီမံကိန်း၏ အကျိုးကျေးဇူး များသည် စီမံကိန်း၏ သုံးစွဲကုန်ကျမှုများ ထက်အဆများစွာ သာလွန်နေပါသည်။ သို့သည့်တိုင် အဆိုပါ လေ့လာ တွေ့ရှိမှုများ တွင် လူမှုရေးနယ်ပယ်မှ အကျိုး ကျေးဇူးများ၊ စုပေါင်းစည်းရုံး ဆောင်ရွက် နိုင်မှု များ၏ကောင်းကျိုးများ နှင့် ထိရောက်သော စိတ်ခံစား မှုများ၊ သဘာဝဘေး အန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးစီမံကိန်းမှတဆင့် ရရှိသော စီးပွား ရေးနှင့်ဆိုင်သော အကျိုးသက်ရောက် မှု များအား ထည့်သွင်းတွက်ချက်ခြင်းမပြုရသေးပါ။

ယခုအစီရင်ခံစာတွင်လည်း ဒေသခံ လူထုကိုယ်တိုင်မှ မတူညီ၊ ကွဲပြားခြားနားသော မြင်ကွင်း ရှုတောင့်များ အသီးသီးမှ ဖော်ပြကြသော သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး နှင့် ရာသီ ဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ခံနိုင်ရည် ရှိစေခြင်း ဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများမှ ရရှိသော အကျိုးကျေးဇူးများအား ဖော်ပြထားပါသည်။  ဖော်ပြပါ အစီရင်ခံစာတွင် ဖြစ်စဉ်ဇာတ်လမ်း (၁၁)ပုဒ်မှ တဆင့် ဒေသခံ ရွာသူရွာသားများက (DRR) စီမံကိန်း များကြောင့်  မိမိတို့ဘဝအတွင်း ကိုယ်တိုင် ကိုယ်ကျ ခံစားရသော ထူးခြားမှု အရှိဆုံးအပြောင်းအလဲများကို ဖော်ညွှန်းထားပါသည်။ အဆိုပါ ဖြစ်စဉ်ဇာတ်လမ်းများ တွင် ပြင်ဆင် ပြီးအသင့်ဖြစ်နေသော ခံစားမှုပီတိများ၊ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်း၏ ခိုင်မြဲသော အင်အားများ၊ စီမံကိန်းတွင် ပါဝင်မှုများကြောင့် ရရှိလာ သော မိမိကိုယ်မိမိ ယုံကြည်မှုစွမ်းအားများ နှင့် တိုးတက်လာသော အသက်မွေးဝမ်းကြောင်း လုပ်ငန်း များ၏ပုံရိပ်များ ပါဝင်ပါသည်။

ပုံနှိပ်ထုတ်ဝေခြင်းကို ဂျာမဏီနိုင်ငံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ) ဆွစ်ဇာလန်နိုင်ငံ မှဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက် မှုဆိုင်ရာအဖွဲ့ (SDC) မှ ရန်ပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။

german cooperation
DEUTSCHE ZUSAMMENARBEIT

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC